www.burmeseclassic.com

စာပေဗိမာန်စာမူဆုရ



# ဆွစ်(စ်)မိသားစု ၏ ကျော်အောင်ဆင်လိုက်သော

## မောင်ဝင့်သူ

# The Swiss Family Robinson

by

**Johann Wyss**

ဒိနိုင်းသိန်းထွန်း

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | သဘော်ာပျက်ကိန်း ကြုံရခြင်း | ... | ၁ |
| ၂။ | သဘော်ာကို စွန့်ခွာရန် ပြင်ဆင်ခြင်း | ... | ၅ |
| ၃။ | ကျွန်းဆီသို့ သွားကြပြီ | ... | ၁၀ |
| ၄။ | ကျွန်းနေဘဝစသည့်နေ | ... | ၁၄ |
| ၅။ | သဘော်ာမှ သဘော်ာသားများကို ကျွန်တော်တို့ လိုက်ရှာကြခြင်း | ... | ၁၉ |
| ၆။ | အသုံးဝင်သည့် ရှာဖွေတွေ့ရှိမှုနှစ်မျိုး | ... | ၂၃ |
| ၇။ | လရောင်အောက်မှ အသက်လုပွဲ | ... | ၂၇ |
| ၈။ | သဘော်ာပျက်ထံ တစ်ကျော့ပြန်သွားခြင်း | ... | ၃၁ |
| ၉။ | တိရစ္ဆာန်များကို ကမ်းပေါ်ခေါ်သွားအပြီးတွင် ကျွန်တော့်ဇနီးက အိမ်သစ်ကိုပူဆာ | ... | ၃၅ |
| ၁၀။ | တံတားတစ်စင်း ဆောက်လုပ်ခြင်း | ... | ၃၉ |
| ၁၁။ | အိမ်တစ်လုံးဆောက်ကြခြင်း | ... | ၄၄ |
| ၁၂။ | အိမ်ဆောက်ပြီးစ သူခိုးထ၍ ဝိုင်းဖမ်းရခြင်း | ... | ၄၈ |

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို အတင်းဖက်တွယ်ထားကြသည်။ "ကဲ–သားတို့။ ဘုရားသခင်က ဖေဖေတို့ကို သေဘေးကလွတ်အောင် ကယ်ဆယ်စောင့်ရှောက်မှာပါ။ ဘုရားသခင်အဖို့ အရာခပ်သိမ်းဟာ ဖြစ်နိုင်တာချည်းပါပဲကွယ်။" ကျွန်တော်က ကလေးများကို အားပေးနှစ်သိမ့်လိုက်သည်။ ထို့နောက် ကျွန်တော်တို့အားလုံး ဘုရားဝတ်ပြုဆုတောင်းရင်း ပူပင်သောကများကို ငြိမ်းသတ်လိုက်ကြသည်။

ဤအခိုက်အတန့်လေး၌ "ကမ်းဟေ့–ကမ်းကွ–" ဟု သင်္ဘောသားများ အော်ဟစ်လိုက်သံကို ကျွန်တော်တို့ကြားလိုက်ရသည်။ ထိုနည်းအတိုင်း အော်သံကို နောက်တစ်ကြိမ် ကြားလိုက်ရပြန်သည်။ ထိုစဉ် "အုန်း" ခနဲ မြည်ဟည်းသွားသည့် ကြောက်မက်ဖွယ် ပေါက်ကွဲသံကြီးနှင့်အတူ သင်္ဘောတစ်စင်းလုံး သွက်သွက်ခါသွားသည်။ ကျွန်တော်တို့အားလုံး ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျသွားကြသည်။ သင်္ဘောမှာ ကျောက်ဆောင်နှင့် တိုက်မိသွားလေပြီ။ ထွက်ပေါ်လာသည့် ထိတွေ့သံက မကြုံစဖူး ပြင်းထန်လှသည်။ သည်သင်္ဘော ကျောက်ဆောင်ပေါ်တင်သွားမှန်း ကျွန်တော်သိလိုက်သည်ဖြစ်ရာ သင်္ဘောမှာ သည်အတိုင်း ကြာရှည်တည်ရှိမနေနိုင်မည်ကို ကျွန်တော်တွေးကြောက်လာမိသည်။

"ကဲ…မင်းတို့– ဒီမှာနေခဲ့ကြဦး။ ဘာဖြစ်နေလဲဆိုတာ ငါ သွားကြည့်လိုက်ဦးမယ်။" ကျွန်တော်က ကျွန်တော့်မိသားစုကိုပြောလိုက်သည်။



သင်္ဘောကုန်းပတ်ပေါ်သို့ ကျွန်တော်ရောက်သွားသည်။ တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ကျွန်တော့်စိတ်တွေ တုန်လှုပ်ချောက်ချားမိသည်။ မုန်တိုင်းက အပြင်းထန်ဆုံးသောမာန်ဟုန်ဖြင့် တိုက်ခတ်မင်းမူလျက်ရှိသည်။ လေပြင်းနှင့်အဖော်ပါလာသည့် လှိုင်းတံပိုးကြီးများကလည်း သင်္ဘောကုန်းပတ်ပိုင်းကိုရော ရေအောက်ရှိ သင်္ဘောဝမ်းပိုက်ပိုင်းကိုပါ ဒေါသတကြီး ပြေးဝင်တိုက်ခိုက်ရိုက်ပုတ်နေကြသည်။ သင်္ဘောသားများမှာ လှေငယ်များပေါ်သို့ အလုအယက် စုပြုံတက်နေကြသည်။

"နေ–နေကြပါဦး–ဗျို့–နေကြပါဦး ကျွန်တော်တို့ကိုလည်း ခေါ်သွားပါဦး။ ကျွန်တော်တို့ကိုခေါ်သွားပါဗျာ" ကျွန်တော်က လှမ်းအော်ပြောသည်။ သို့သော် သူတို့က ကျွန်တော့်ကို လုံးဝ လှည့်ကြည့်ဖော်မရ။ သူတို့လှေငယ်များကို ရေသို့ချလိုက်ပြီး ကြိုးများကို ခုတ်ဖြတ်ကာ သင်္ဘောမှခွာသွားကြသည်။ တစ်ခဏအတွင်းမှာပင် သူတို့အားလုံး ကျွန်တော့်မြင်ကွင်းမှ ပျောက်ကွယ်သွားကြသည်။

ကျွန်တော်က ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ သို့သော် ခပ်ဝေးဝေးကိုတော့ မမြင်ရ။ ကျွန်တော်တို့၏ အခြေအနေမှာ အလွန်ဆိုးရွားနေပြီဟု ကျွန်တော်တွေးမိသည်။ ကျွန်တော်အခန်းသို့ အိန္ဒြေမပျက်ပြန်သွားပြီး ကျွန်တော့်မိသားစုကို ရွှင်ရွှင်လန်းလန်းအမူအရာဖြင့် ပြောပြလိုက်သည်။ "တို့သင်္ဘော ကျောက်ဆောင်နဲ့တိုက်မိသွားတာကွ။ သင်္ဘောသားတွေကတော့

www.burmeseclassic.com

www.burmeseclassic.com



လှေတွေယူပြီး ကိုယ်လွတ်ရုန်းသွားကြပြီ။ ဒါပေမယ့် သင်္ဘောက တော့ တစ်စင်းလုံးနီးပါး ရေပေါ်မှာ ပေါ်နေတုန်းပဲကွ။ မနက်ဖြန်မှာ လှိုင်းလေငြိမ်သွားတဲ့အခါကျတော့မှ ငါတို့ဘာသာ ကမ်းပေါ်တက် နိုင်အောင်ကြိုးစားကြတာပေါ့ကွာနော်– လောလောဆယ်တော့ တို့တစ်တွေအတွက် စားစရာတစ်ခုခုများ ရလိုရငြား ရှာကြည့်စမ်းပါဦး မိန်းမရာ–။” ကျွန်တော်က ဆက်ပြောလိုက် သည်။ အိမ်ရှင်မကောင်းပီသလှသည့် ကျွန်တော့်ဇနီးသည်က ငေါက်ခနဲထကာ အပြင်သို့ထွက်သွားသည်။ တအောင့်ကလေး အကြာတွင် စားစရာများနှင့် သောက်ရေတို့ကိုပိုက်လျက် အခန်းသို့ ပြန်ရောက်လာသည်။ ညစာစားပြီး အကြာမတင်မှာပင် ကလေး များက အိပ်ပျော်သွားကြသည်။ ကျွန်တော်တို့ ဇနီးမောင်နှံကတော့ ကျွန်တော်တို့ရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရေး အတွက် အချိန်အတော်ကြာအောင် ခေါင်းချင်းဆိုင် တိုင်ပင်ကြ သည်။ နောက်ဆုံး၌ ကျွန်တော်တို့နှစ်ဦးသားလည်း အိပ်ပျော်သွား ကြလေသည်။

BURMESE CLASSIC .com

## အခန်း(၂)
## သင်္ဘောကိုစွန့်ခွာရန်ပြင်ဆင်ခြင်း

နောက်တစ်နေ့နံနက်တွင် လှိုင်းရောလေပါ ငြိမ်သက်သွား သည်။ ထိုစဉ် မလှမ်းမကမ်း၌ရှိ ကျွန်းတစ်ကျွန်းကို ကျွန်တော်တို့မြင် လိုက်ရသည်။ ကျွန်တော့်သားကြီးဖရစ်(ဇ်)က “ငါတို့ရေထဲခုန်ချ ပြီး ကမ်းဘက်ကို လက်ပစ်ကူးသွားလို့ရတယ်ကွ။” ဟုပြော လိုက်သည်။

“ငါတို့အားလုံး ဘယ်ကူးနိုင်မှာလဲကွ၊ ဒါပေမယ့် ဖောင်တစ် စင်းလုပ်ပြီး တက်စီးသွားရင်တော့ ကမ်းကိုရောက်မှာပဲ။” ညီဖြစ်သူ အားနက်(စ်)ကပြန်ပြောသည်။

“အေး...ဒီအကြံကောင်းတယ်ကွ။” ကျွန်တော်ကပြောလိုက် သည်။ “ကဲ– အခု သားတို့အားလုံး သင်္ဘောတစ်စင်းလုံး နှံ့အောင် လျှောက်ရှာကြည့်ကြစမ်း။ ပြီးရင် ဖေဖေတို့ အခုလိုအကျပ် အတည်းတွေ့နေတုန်းမှာ အသုံးတည့်မယ့် ပစ္စည်းတစ်ခုခု ရအောင် ယူလာခဲ့ကွာ။”

ကျွန်တော်ကိုယ်တိုင်ကတော့ စားစရာများနှင့် သောက်ရေအ ခြေအနေကို စစ်ဆေးကြည့်လိုက်သည်။ ကျွန်တော်တို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



လတ်တလောလိုအပ်သည်ထက်ပိုလျှံနေသည်ကို တွေ့ရသည်။ ကျွန်တော့်ဇနီးနှင့် သားအငယ်နှစ်ဦးဖြစ်သည့် ဂျက်နှင့် ဖရန့်စစ်တို့က သင်္ဘောပေါ်ရှိတိရစ္ဆာန်များကို သွားကြည့်ကြသည်။ ဤသနားစရာ သတ္တဝါများမှာ အစာရေစာရောက်လာသဖြင့် မြူးတူးခုန်ပေါက်နေကြသည်။ ခွေးနှစ်ကောင်က ကလေးများ၏ ကိုယ်ပေါ်သို့ အတင်းခုန်တက်ကာ ဖက်လဲတကင်း ဆီးကြိုနှုတ်ဆက်ကြရာ ကလေးများမှာ လဲကျလုမတတ်ဖြစ်သွားရသည်။

ကျွန်တော်တို့အားလုံး အခန်းထဲတွင် ပြန်ဆုံမိကြသည့်အခါ ဖရစ်(ဇ်) ၏လက်ထဲတွင် သေနတ်အချို့နှင့် ကျည်ဆန်များ၊ အားနက်(စ်)တွင် တူတစ်လက်၊ အိမ်ရိုက်သံများနှင့် လွှတစ်ချောင်း၊ ဖရန့်စစ်တွင် ငါးမျှားတံနှစ်ချောင်း ပါလာသည်ကိုတွေ့ရသည်။ ဂျက်ကမူ ဖလိုရာနှင့် တာ့(က်) အမည်ရှိ ခွေးနှစ်ကောင်ကိုသာ ခေါ်လာခဲ့သည်။

"ကျွန်မတော့ ဘာတစ်ခုမှ ယူမလာခဲ့ရဘူး၊ ဒါပေမယ့် သင်္ဘောပေါ်မှာ နွားမနှစ်ကောင်၊ မြည်းတစ်ကောင်နဲ့ ဆိတ်နဲ့ သိုးနည်းနည်းပါးပါးတော့ တွေ့ခဲ့တယ်။ ကျွန်မ သူတို့ကို အစာအ၀ကျွေးပြီး ရေလည်းအ၀တိုက်ခဲ့တယ်။ သူတို့ကို ကျွန်မတို့နဲ့တစ်ပါတည်း ကမ်းပေါ်ခေါ်သွားလို့ရမယ်လို့ ကျွန်မတော့မျှော်လင့်တာပဲရှင်။" ကျွန်တော့်ဇနီးက ပြောသည်။



"သူတို့အားလုံး တို့ကို အထောက်အကူပြုမှာပါကွာ။ ဒါပေမယ့် ဆရာဂျက်ကတော့ တို့ရဲ့အစားအသောက်တွေကို တပုံတခေါင်း ကြီး စားပစ်မယ့် ပုဂ္ဂိုလ်နှစ်ယောက်ကိုပဲ ခေါ်လာတယ်ကွ။" ကျွန်တော်ကပြောသည်။

"ကျွန်တော်တို့ကမ်းပေါ်ရောက်တော့ ဒီခွေးနှစ်ကောင်က ကျွန်တော်တို့အတွက် စားစရာကူရှာ ပေးလို့ရတာပေါ့ အဖေရ" ကောင်လေးက ပြန်ချေပလိုက်သည်။

"ဖေဖေတို့ကမ်းပေါ်ကို အရင်ရောက်မှဖြစ်မယ်ကွ" ကျွန်တော်ကပြောသည်။

ဖရစ်(ဇ်) က "ကျွန်တော် သင်္ဘောဝမ်းထဲ ဆင်းသွားတုန်းက ရေထဲမှာ လဲကျနေတဲ့ ရေစည်ကြီးတွေ တော်တော်များများ တွေ့ခဲ့ရတယ် အဖေ။ ကျွန်တော်တို့ အဲဒီရေစည်ကြီးတွေထဲ ဝင်လိုက်ပြီး ကမ်းဘက်ကို ကူးသွားလို့ရမယ် အဖေရ" ဟု ပြောသည်။

"သူတို့ကို ပတ်ထားတဲ့ သံပတ်ပြားတွေကြည့်ရတာ တော်တော်ခိုင်မယ့်ပုံပဲ အဖေရ–" အားနက်(စ်)က ဝင်ပြောသည်။

ကျွန်တော့်ဇနီးပင်လျှင် ကျွန်တော်တို့သားအဖတစ်တွေနှင့်အတူ ရေစည်ကြီးများကို ကြည့်ရန် သင်္ဘောဝမ်းထဲသို့ ဆင်းလိုက်လာသည်။ "ကြည့်ရတာတော့ အတော်ကိုကြီးပြီး ခိုင်လည်းခိုင်တယ်နော်–" ကျွန်တော့်ဇနီးက ပြောသည်။

ရေစည်ကြီးလေးလုံးကို ကုန်းပတ်ပေါ်သို့ရောက်အောင် ကျွန်တော်တို့ အတော်ခက်ခက်ခဲခဲ ကြိုးစား၍ သယ်တင်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေစည်များမှာ အကောင်းပကတိရှိနေသည်။ အကယ်၍များ ဒီရေစည်တွေကို အလယ်က ဖြတ်ချလိုက်ရင် စည်ပိုင်းတစ်ပိုင်းဆီမှာ တို့ထဲကတစ်ယောက်စီ ဝင်စီးလို့ရလောက်တယ်ဟု ကျွန်တော်စိတ်မှန်းဖြင့် လျာကြည့်လိုက်သည်။ သို့ဖြင့် ကျွန်တော်က ရေစည်များကို ထက်ဝက်ပိုင်းဖြတ်ရန် ချက်ချင်းစတင်စိုင်းပြင်းတော့ရာ ကျွန်တော့်သားများက ကျွန်တော့်အားဝိုင်းကူကြသည်။ အချိန်တိုအတွင်း ရေစည်များကို ကျွန်တော်တို့က လွှဖြင့် တစ်ဝက်စီဖြစ်အောင် ပိုင်းဖြတ်ပြီးသွားသဖြင့် ကုန်းပတ်ပေါ်တွင် စည်ပိုင်းပြတ်ရှစ်လုံး ရှိလာသည်။ ကျွန်တော့်ဇနီးမှာ မျက်လုံးပြူးမျက်ဆံပြူးဖြင့် စည်ပိုင်းပြတ်များကိုကြည့်ကာ "အမယ်လေး–ကျွန်မတော့ဘယ်တော့မှ ဒီသစ်သားစည်ပိုင်းထဲ ဝင်လိုက်ပြီး ကမ်းဘက်ကို မကူးဘူးတော်ရေ့–"ဟု ပြောချလိုက်သည်။

ကလေးများက ဝိုင်းရယ်ကြသည်။ "ငါက မင်းကို စည်ပိုင်းပြတ်ထဲ ဝင်ခိုင်းပြီး ကမ်းကို မကူးခိုင်းပါဘူးကွာ၊ မင်းအတွက် ပိုပြီးစိတ်ချရမယ့်ဟာမျိုးကို လုပ်ပေးဖို့စိတ်ကူး ရှိပါတယ်ကွ။" ကျွန်တော်က ပြောပြလိုက်သည်။

ကျွန်တော်တို့သည် စည်ပိုင်းပြတ်ရှစ်လုံးကို မြက်ကျယ်သည့် ပျဉ်ပြားအထူတစ်ချပ်ပေါ်တွင် နေရာတကျတင်လိုက်သည်။ ထို့နောက် စည်ပိုင်းပြတ်များကို အောက်ခံပျဉ်ပြားနှင့် မြဲနေအောင် သံဖြင့် စွဲထားလိုက်ပြီး ၎င်းတို့တစ်လုံးနှင့် တစ်လုံးကိုလည်း သံဖြင့် ကပ်ရိုက်လိုက်သည်။ နောက်ထပ်ပျဉ်ပြား အရှည်နှစ်ချပ်ကို စည်ပိုင်း



ပြတ်များ၏ ဘေးတစ်ဘက်တစ်ချက်တွင် တစ်ချပ်စီကပ်လျက် သံဖြင့် ရိုက်လိုက်သည်။ ထိပ်နှစ်ဖက်တွင် ပိုထွက်နေသည့် ပျဉ်ပြားစနှစ်ခုစီကိုလည်း တစ်ဘက်လျှင် ပျဉ်ပြားအတိုတစ်ခုစီဖြင့် ဘောင်ပိတ်ကာ သံဖြင့်စွဲထားလိုက်သည်။ နောက်ဆုံးအနေဖြင့် ကျွန်တော်တို့၏ တစ်မူထူးသည့် ရေယာဉ်အသစ်စက်စက်ကို လိုရာခရီးသို့ ပို့ဆောင်ပေးနိုင်မည်ဟု အားထားလောက်သည့် လှော်တက်နှစ်ချောင်းကို ကျွန်တော်တို့ ပြုလုပ်လိုက်ကြသည်။

ကျွန်တော်တို့၏အလုပ်ကို လက်စသတ်ပြီးသည့်အခါ ညအမှောင် လွှမ်းလာပြီဖြစ်ရာ သင်္ဘောပျက်ပေါ်တွင် ကျွန်တော်တို့ နောက်တစ်ည ဆက်၍ နေလိုက်ရတော့သည်။

အချိန်အတော်ကြာအောင် စဉ်းစားခန်းဝင်ပြီးနောက် ကျွန်တော်က ကျွန်တော့်ဇနီးအား ယောကျာ်းတစ်ဦးအသွင် ဝတ်ဆင်စေလျှင် သူမအဖို့ တဒင်္ဂတော့ စိတ်ညစ်စရာတွေ ပြေပျောက်သွားလိမ့်မည်ဟု စိတ်ကူးရလာသည်။ ကျွန်တော်ပြောသည့်အတိုင်း သူမက သင်္ဘောသားတစ်ဦး၏ အဝတ်အစားများကို လဲလှယ်ဝတ်ဆင်လျက် အခန်းထဲသို့ဝင်ချလာသည်။ သူမကို မြင်လိုက်ရသည်နှင့် ကလေးများမှာ တဝါးဝါးဖြင့် ပွဲကျကုန်သည်။ ဤမည်သော စိတ်ကြည်လင် လန်းဆန်းဖွယ် ရယ်မောသံကလေးများကို ကြည်နူးစွာနားထောင်ရင်း ကျွန်တော်တို့အားလုံး အိပ်ယာသို့ ဝင်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)
## ကျွန်းဆီသို့ သွားကြပြီ

နောက်တစ်နေ့နံနက်တွင် ကျွန်တော်တို့ အိပ်ရာမှ စောစော ထကြသည်။ ဘုရားဝတ်ပြုဆုတောင်းပြီးနောက် နံနက်စာ စားကြသည့်အခါ ကျွန်တော်က "တိရစ္ဆာန်တွေကို လေး၊ ငါးရက်လောက် နေနိုင်အောင်တော့ တို့အစာရေစာ ကျွေးခဲ့ကြရအောင်။ ဘဲတွေ ငန်းတွေနဲ့ ခိုတွေကိုတော့ ငါလွှတ်ပေးလိုက်မယ်ကွာ။ သူတို့က တို့နောက်ကို လိုက်လာမှာပဲဟာ။ အဲဒါပြီးရင် တို့လှေအသစ်ပေါ်မှာ လူတွေနဲ့ ပစ္စည်းတွေတင်ပြီးတော့ ကျွန်းကိုသွားကြတာပေါ့" ဟု ပြောလိုက်သည်။

ကျွန်တော်တို့သည် စည်ပိုင်းပြတ်များထဲသို့ ယခုလိုအစီအစဉ်အတိုင်း ဝင်ထိုင်လိုက်ကြသည်။

၁။ ကျွန်တော်တို့လှေဦးရှိ ပထမဆုံးသော စည်ပိုင်းပြတ်ထဲတွင် ကျွန်တော့်ဇနီးက ဝင်ထိုင်သည်။ သူမက အထဲဝင်ထိုင်ကာနီး၌ အသုံးတည့်မည့် ပစ္စည်း မျိုး စုံကို သူမကိုယ်တိုင်ထည့်ထားသည့် အိတ်ကြီးတလုံးကို စည်ပိုင်းပြတ်ထဲသို့ ဦးစွာထိုးထည့် လိုက်သည်။



၂။ ဒုတိယစည်ပိုင်းပြတ်ထဲတွင် ကျွန်တော် တို့၏သားထွေးလေး ဖရန့်စစ်အား ဝင်ထိုင်စေသည်။

၃။ ကျွန်တော်တို့၏ သားကြီးဖရစ်(ဇ်) က တတိယစည်ပိုင်းပြတ်ထဲတွင် ဝင်ထိုင်သည်။

၄ နှင့် ၅။ စတုတ္ထနှင့် ပဥ္စမစည်ပိုင်းပြတ်နှစ်လုံးထဲတွင် ကျွန်တော်တို့သည် စားစရာအမျိုးမျိုး၊ သေနတ်များ၊ ငါးမျှားတံများတို့၊ လွှနှင့် ကြက်ဖများနှင့် ကြက်မများအပြင် ရွက်ဖျင်တဲ များဆောက်ရာ၌ အသုံးပြုရန် ကျွန်တော်တို့ ရည်ရွယ်ထားသည့် ရွက်ဖျင်စကြီးများကိုပါ ထိုးထည့်လိုက်သည်။ နောက်ဆုံးအနေဖြင့် ကျွန်တော်တို့ကမ်းပေါ်တွင် နေထိုင်ရေးအတွက် အထောက်အကူပြုမည်ဟု ကျွန်တော်တို့ စိတ်ကူးရသည့်ပစ္စည်းမှန်သမျှကို ဤစည် ပိုင်းပြတ် နှစ်လုံးထဲသို့ ထိုးထည့်လိုက်သည်။

၆။ ဆဋ္ဌမစည်ပိုင်းပြတ်ထဲတွင် ကျွန်တော်တို့၏သားငယ်ဂျက်အား လိုက်ပါစေသည်။

၇။ သတ္တမစည်ပိုင်းပြတ်ထဲတွင် ကျွန်တော်တို့၏သားလတ် အားနက်စ်ကို ကျွန်တော်ကဝင်လိုက်ခိုင်းသည်။

၈။ ကျွန်တော်က နောက်ဆုံးစည်ပိုင်းပြတ်ထဲသို့ ဝင်လိုက်သည်။ ကျွန်တော် စည်ပိုင်း ပြတ်ထဲသို့ လှမ်းဝင်လိုက်ရင်း ကျွန်တော်တို့မိသားစုကို ဆီးကြိုနေမည့်

www.burmeseclassic.com



ဒုက္ခမျိုးစုံကို ရင်တထိတ်ထိတ်ဖြင့် တွေးကြည့်လိုက်မိသည့်အခါ အလွန်အမင်း ကြီးမားသည့် တာဝန်တစ်ရပ်ကို ကျွန်တော်ထမ်းဆောင်ရတော့မည်ဟု စိတ်ထဲမှ သိလိုက် ရသည်။ “ဒီလို လူသူအရောက်အပေါက် မရှိတဲ့ အရပ်ဒေသမှာ ငါ့မိသားစုကို ကျွေးမွေးစောင့်ရှောက် သွားဖို့ဆိုတာ– အင်း– လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး။” ဟု ကျွန်တော်တွေးမိသည်။

ကျွန်တော်တို့လှေအား သင်္ဘောပျက်နှင့်တွဲချည်ထားသည့်ကြိုးများကို ကျွန်တော်တို့က ဖြတ်ပစ်လိုက်ကြပြီး လှေကို ကမ်းဘက်သို့ ဦးတည်၍ လှော်ခတ်လိုက်သည်။ အစပထမတော့ ကျွန်တော်တို့လှေက ရှေ့မတိုးဘဲ ပတ်ချာလည်နေသည်။ သို့သော် အချိန်အနည်းငယ်ကြာလာသည်နှင့်အမျှ လှေကို လှော်တက်ဖြင့် မည်သို့ပဲ့ကိုင်ရမည်ကို ကျွန်တော်သဘောပေါက်လာသည်။ သင်္ဘောပျက်၏ကုန်းပတ်ပေါ်တွင် ကျန်ရစ်ခဲ့သည့် ဖလိုရာနှင့် တာ့(က်)ဆိုသော ခွေးနှစ်ကောင်က ကျွန်တော်တို့ထွက်ခွာလာသည်ကို မြင်သည့်အခါ ရေထဲသို့ခုန်ချပြီး ကျွန်တော်တို့နောက်သို့ ရေကူး၍ အတင်းလိုက်လာကြသည်။ သူတို့က သူတို့၏မိတ်ဆွေများနှင့် မခွဲလိုကြ။

ကျွန်တော်တို့လှေက ကျွန်းနှင့်နီးလာသောအခါ မြစ်ဝတစ်ခုဖြစ်ဟန်တူသည့် အပေါက်ဝ ခပ်ကျဉ်းကျဉ်းတစ်ခုကို



ကျွန်တော်တို့ လှမ်းမြင်လိုက်ရသည်။ ကျွန်တော်တို့က တက်ကို ဂရုစိုက်ထိန်း၍ လှော်ခတ်လာရာ ကျွန်တော်တို့၏လှေများမှာ စောစောကမြင်ရသည့် အပေါက်ဝဆီသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာနိုင်ခဲ့သည်။ သို့ဖြင့်နောက်ဆုံး၌ ကျွန်တော်တို့၏ လှေများမှာ ကမ်းစပ်သို့ရောက်လာရာ ကျွန်တော်တို့အားလုံး လှေပေါ်မှ ရေထဲသို့ ခုန်ဆင်းကာ ကမ်းပေါ်တက်သွားကြသည်။

ခွေးများ၊ ငန်းများ၊ ဘဲများ၊ ခိုများ၊ ကြက်မများ၊ ကြက်ဖများနှင့် ကလေးများအားလုံးမှာ ကမ်းပေါ်ရောက်သည်နှင့် ကျွန်းလုံးညံအောင်သံစုံပေး၍ အော်ဟစ်ကြွေးကြော် အပျော်ကြီးပျော်နေကြသည်။ တဖြည်းဖြည်းနှင့် သူတို့၏အသံများ တိတ်ဆိတ်ငြိမ်သက်သွားသည့်အခါ ကျွန်တော်တို့မိသားတစ်စုလုံး မြေကြီးပေါ်တွင် ဒူးထောက်ထိုင်လိုက်ကြပြီး ကျွန်တော်တို့အား ယခုကဲ့သို့ ဘေးကင်းအောင် စောင့်ရှောက်ပေးခဲ့သည့်ဘုရားသခင်၏ ကျေးဇူးတော်အထူးကို ချီးကျူးပူဇော်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## ကျွန်းနေဘဝ စသည့်နေ့

မြေကြီးပေါ်တွင် ကျွန်တော်တို့နောက်တစ်ကြိမ် ခြေချခွင့်ရလိုက်ပြီဆိုသည့် အသိကြောင့် စိတ်လက်ပေါ့ပါးသွားသည်။ ကလေးများက သဲသောင်ပြင်ပေါ်တွင် ပြေးလွှားဆော့ကစားရင်း ယခုမှရောက်ဖူးသည့် ဤကျွန်းကို လှည့်လည်စူးစမ်းလိုကြသည်။ သို့သော် ကျွန်တော်တို့အတွက် လုံခြုံမည့်နေရာတစ်ခုကို ဦးစွာရှာဖွေပြီး နေစရာရွက်ဖျင်တဲတစ်လုံး ဆောက်လုပ်ရဦးမည်ဟု ကျွန်တော်ကဆုံးဖြတ်လိုက်သည်။ ကျောက်ဆောင်ကြီးတစ်ခု၏ အကွယ်ရှိနေရာတစ်ခုကို ကျွန်တော်တို့ ရွေးလိုက်သည်။ ၎င်းကျောက်သားနံရံရှိ အက်ကြောင်းတစ်ခုထဲသို့ သံတိုင်တစ်တိုင်ကိုထိုးသွင်းလိုက်သည်။ သဲသောင်ပြင်ပေါ်တွင် ထိုနေရာနှင့် မလှမ်းမကမ်း၌ သံတိုင်နောက်တစ်တိုင်ကို စိုက်ထူလိုက်ပြီး ယင်းသံတိုင်နှစ်တိုင်ကို တတိယသံတိုင်တစ်တိုင်ဖြင့် ပေါင်းကူးချည်နှောင်လိုက်သည်။ ထိုခေါင်တန်းပေါ်တွင် ရွက်ဖျင်စကြီးတစ်စကို ကျွန်တော်တို့ လွှားတင်လိုက်သည်။ ကလေးများက ရွက်ဖျင်တဲကိုလက်စသပ်နေစဉ် ကျွန်တော်က မီးဖိုချောင်လေးတစ်ခုကို စ၍ဆောက်သည်။ ကျောက်တုံးပြားပြားများကို ဖိုခနောက်ပြုလုပ်ပြီး ၎င်းတို့အပေါ်တွင်



သံအိုးတစ်လုံးကို တင်လိုက်သည်။ ထို့နောက် တုတ်ချောင်းကလေးများကို အောက်မှထိုးသွင်းကာ ကျွန်တော်မီးမွှေးလိုက်သည်။ ကျွန်တော်ဇနီးက အိုးထဲသို့ရေလောင်းထည့်ကာ ဟင်းချိုအမှုန့်ကို ခပ်လိုက်သည်။

ဖရစ်(ဇ်) က သူ့သေနတ်ကိုယူကာ ကျွန်းပေါ်သို့လျှောက်ကြည့်ရန် သူညီများနှင့်အတူ ထွက်သွားသည်။ ကျွန်တော်ကလှေထဲမှပစ္စည်းများကို ထုတ်ယူလိုက်သည်။ ထိုစဉ် အော်ဟစ်အကူအညီတောင်းသံများကို ရုတ်တရက်ကြားလိုက်ရသဖြင့် အသံလာရာသို့ ကျွန်တော်အမြန်ပြေးလိုက်သွားသည်။ ဟိုရောက်တော့ ဂျက်ဖြစ်နေသည်။သူကဒူးဆစ်လောက် ရောက်သည့်ရေထဲတွင် ရပ်နေသည်။ သူ့ခြေထောက်တစ်ဘက်တွင်တော့ ကျောက်ပုစွန်ကြီးတစ်ကောင်က တွယ်ကပ်နေသည်။ ကျွန်တော်က ကျောက်ပုစွန်ကြီးကို ခါးလယ်ကဖမ်းကိုင်လိုက်သည်တွင် ကျောက်ပုစွန် ကြီးမှာ ၎င်း၏လက်မများကို ကလေး၏ခြေထောက်မှ ပြန်ခွာချလိုက်သည်။ ကျွန်တော်တို့သားအဖ ကျောက်ပုစွန်ကိုဖမ်းကာ ပြန်လာကြသည်။ ကျွန်တော်ကကျွန်တော့်ဇနီးကို လှမ်းပေးရင်း "ဟောဒီမှာ ဟင်းလျာတစ်မျိုးရပြီဟေ့" ဟု ပြောလိုက်သည်။ ကျွန်တော့်ဇနီးမှာ အလွန်ဝမ်းသာသွားသည်။ သူမက ဂျက်၏ ခြေထောက်ကိုဆေးထည့်ပေးပြီးနောက် ဟင်းချက်ရန် မီးဖိုချောင်သို့ ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျက်၏အော်သံကြောင့် သူအစ်ကိုများမှာ ရှက်ဖျဉ်တဲသို့ ပြန် ရောက်လာကြသည်။ ကျွန်တော်ကကျောက်ပုစွန်တွေ့ရပုံကို သူတို့အား ပြောပြလိုက်ပြီး ဆက်ပြောလိုက်သည်။ "တို့အတွက် ဟင်းလျာရှာပေးတဲ့နေရာမှာတော့ ဂျက်က အရင်ဆုံးပဲဟေ့"

"ကျွန်တော်လည်းပဲ ရေအောက်မှာ ကမာနဲ့ ယောက်သွားတွေနဲ့ ကျောက်ဆောင်တွေပေါ်က ချိုင့်ခွက်တွေထဲမှာ ဆား‌ပွင့်တွေကိုရှာတွေ့ခဲ့ပါတယ် အဖေရ။ ကမ်းစပ်မှာ တင်နေတဲ့ အဲဒီဆားပွင့်တွေဟာ ပင်လယ်ရေနဲ့ပါလာတာလား ဖေဖေ။" အားနက်(စ်) ကမေးသည်။

"ဟုတ်မှာပေါ့သားရဲ့။ မင်းအမေအတွက်ကော့ နည်းနည်း ပါးပါး မယူလာခဲ့ဘူးလားကွ"

"ဟင့်အင်း၊ ကျွန်တော်ခုချက်ချင်းသွားယူလိုက်မယ် လေ–ဖေဖေ" သူကပြန်ပြောပြီးထွက်သွားသည်။ ခဏအကြာ တွင် သူက သဲတွေရောနေသော ဆားပွင့်တစ်ထုပ်နှင့် ပြန်ရောက် လာသည်။ ဆားပွင့်များမှာသန့်သန့်ရှင်းရှင်းရှိပုံမရသဖြင့် ကျွန်တော် က လွှင့်ပစ်တော့မည့် အလုပ်တွင် ကျွန်တော်ဇနီးက ကျွန်တော်ကို လှမ်းတားလိုက်သည်။ သူမက တချို့တစ်ဝက်ကိုရေထဲထည့်ပြီး ထိုအရည်ကိုပိတ်ပါးပါးတစ်စပေါ်သို့ လောင်းချလိုက်သည့်အခါ ဆားသန့်သန့်တချို့ရလာသည်။

"ကဲ–ဟင်းချိုတော့ရပြီ၊ ဒါပေမယ့် ကျွန်မတို့မှာ ခွက်တွေ၊ ဇွန်းတွေ ဘာတစ်ခုမှမရှိဘူး။ ဘာတွေနဲ့ထည့်ပြီး စားကြသောက်ကြ မလဲ။" ကျွန်တော်ဇနီးကပြောသည်။



ကျွန်တော်စိတ်ပျက်လက်ပျက်ဖြင့် မိနစ်အနည်းငယ်ကြာ အောင် ထိုင်နေမိသည်။ ထိုစဉ် အားနက်(စ်)က ကောက်ကာင်ကာ ပြောလိုက်သည်။ "ဟာ–အမေ၊ ကမာခွံတွေဇွန်းလုပ်လို့ရမယ် အမေရ–"

"ဟာ–ကောင်းလိုက်တဲ့စိတ်ကူး၊ ကဲ–သားရေ–မြန်မြန် လေးပြေးပြီး ကမာခွံတွေ ကောက်လာပေးစမ်းပါဦးကွယ်–" သူ့အမေက ပြောသည်။

ဂျက်နှင့်အားနက်(စ်)တို့နှစ်ယောက်သား ပြေးထွက်သွား ကြသည်။ မကြာမီ သူတို့လက်ထဲတွင် ကမာခွံများနှင့် ယောက်သွား ခွံများ တပွေ့တပိုက်ဖြင့် ပြန်ရောက်လာကြသည်။ ကျွန်တော်တို့၏ စားရေးသောက်ရေးအတွက် ထည့်စရာ၊ ခူးခပ်စရာများကို အနည်း ငယ်အချိန်ယူ၍ ပြုလုပ်ပြီးသောအခါ ကျွန်တော်တို့အဖို့ စား သောက်ရာ၌ အတော်ပင်အဆင်ပြေသွားသည်။ ကျွန်တော်တို့သည် အရွယ်အစားကြီးမားသည့် ယောက်သွားခွံများကို ပန်းကန်လုံး အဖြစ် အသုံးပြုပြီး အရွယ်အစားသေးငယ်သည့် ကမာခွံများကို ဇွန်းအဖြစ် အသုံးပြုကြသည်။

ကျွန်တော်တို့မိသားစု စားသောက်အပြီးတွင် နေလုံးကြီး က ပင်လယ်ပြင်အောက်သို့ တဖြည်းဖြည်း ငုတ်လျှိုးဝင်ရောက် လျက်ရှိရာ ကျွန်တော်တို့ကြက်ငှက်များမှာ အိပ်တန်းကိုယ်စီရှာကြန် ကြတော့သည်။ ကျွန်တော်တို့လည်း ရှက်ဖျဉ်တဲထဲသို့ဝင်လိုက် ကြကာ ဘေးပတ်လည်ကို လုံခြုံအောင်ပိတ်လိုက်သည်။ ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက်ဘေးချင်းယှဉ်လျက် ကျောခင်းချလိုက်တော့သည်။ "မှောင်တာသိပ်မြန်တာပဲနော် ဖေဖေ" ဖရစ်(ဇ်) ကပြောသည်။

"အေးကွ။ ကြည့်ရတာ တို့ကမ္ဘာ့အလယ်က အီကွေတာမျဉ်းနား ရောက်နေတယ်နဲ့တူတယ်။ အဲဒီမှာ ဒါမျိုးဖြစ်နေကျပဲ သားရဲ့" ကျွန်တော်က ပြန်ပြောလိုက်သည်။ နောက်ထပ်စကားအနည်းငယ် ပြောဆိုကြပြီးနောက် ကျွန်တော်တို့ အိပ်ရာဝင်လိုက်ကြသည်။

## အခန်း(၅)

## သင်္ဘောမှ သင်္ဘောသားများကို ကျွန်တော်တို့ လိုက်ရှာကြခြင်း

ကြက်တွန်သံကြောင့် ကျွန်တော်အစောကြီးနိုးလာသည်။ နိုးလျှင်နိုးချင်း ကျွန်တော့်ဇနီးကိုပါနှိုးလိုက်သည်။ သည်နေ့အတွက် ကျွန်တော်တို့ စီစဉ်စရာရှိသည်များကို တိုင်ပင်ရဦးမည်မဟုတ်ပါလား။ သည်နေ့အဖို့ ကျွန်တော်တို့သင်္ဘောမှ သင်္ဘောသားများကို ဦးစွာရှာဖွေရန် ဆုံးဖြတ်လိုက်ကြသည်။ သူတို့တွင် စားနပ်ရိက္ခာလုံးဝပါမလာကြ။ သူတို့ ယခုအချိန်တွင် အကူအညီ အလွန်အမင်းလိုကောင်းလိုနေမည်ဖြစ်သည်။

ကျွန်တော်တို့နှစ်ဦးကား ပြောဆိုတိုင်ပင်ကြပြီးနောက် ကျွန်တော်က ကလေးများကို နှိုးလိုက်သည်။ "ကဲ- သားတို့ ထကြဦး။ ဖရစ်(ဇ်) နဲ့ ဖေဖေတို့ ခရီးထွက်ကြမလို့၊ ပစ္စည်းလေးဘာလေးဝိုင်းကူထည့်ပေးကြဦး-"

"ဖေဖေတို့ ခရီးထွက်ကြမလို့တဲ့ဟေ့_" အားနက်(စ်) က ဝမ်းသာအားရ ထအော်လိုက်ပြီး "အဖေ ကျွန်တော်တို့ကိုလည်း ခေါ်သွားပါအဖေရာ" ဟု ပူဆာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ သားတို့ကို ခေါ်သွားလို့ မဖြစ်သေးဘူးကွ။ ဖေဖေတို့အားလုံး အတူတူသွားကြရင် ခရီးတွင်မှာ မဟုတ်ဘူးသားရဲ့" ကျွန်တော်ကရှင်းပြလိုက်သည်။ "သားတို့ ညီအစ်ကိုသုံးယောက်က မေမေနဲ့ဒီမှာနေခဲ့။ ဒီနေရာက ဘာပဲပြောပြော သားတို့အတွက်လုံခြုံမှာပါ။ ဖလိုရာကို အစောင့်ချထားလိုက်ပေါ့။ တာ့(က်)ကိုတော့ ဖေဖေတို့ ခေါ်သွားမယ်။"

ကျွန်တော်တို့သားအဖ ခရီးထွက်ရန် အထုပ်အပိုးပြင်ကြသည်။ သေနတ်များ၊ လွယ်အိတ်များ၊ ပုဆိန်တစ်လက်၊ ရိက္ခာနှင့် သောက်ရေဗူးများကို ကျွန်တော်တို့ယူလိုက်သည်။

"အစ်ကို ယူသွားမယ့်ပစ္စည်းတွေကလည်း များလှချည်လား အစ်ကိုရ၊ ကေ့န်- အစ်ကိုက ရော်ဘင်ဆင် ခရူးဆိုးကို အားကျပြီး တော့ အုန်းသီးတွေ သွားရှာမလို့နဲ့တူတယ်။ ကျွန်တော့်ခေါင်း လောက်ရှိတဲ့ အုန်းရည်ချိုအပြည့်နဲ့ အုန်းသီးအလုံးလုံးတွေလေ။" အားနက်(စ်) က ပြောလိုက်သည်။

"ကိုကြီးဖရစ်(ဇ်) ကျွန်တော်တို့ဖို့ အုန်းသီးတွေခူးလာပေးပါနော်-" ဖရန်စစ်လေးက လှမ်းမှာနေသည်။ ကျွန်တော်တို့အတွက် အထုပ်အပိုးများအားလုံး ပြင်ဆင်ပြီးသွားသည်အခါ ကျွန်တော်က ကျွန်တော့်ဇနီးအတွက် သေနတ်သုံးလေးလက်ကို ကျည်ထိုးပေးလိုက်သည်။ "ကဲ- အန္တရာယ်တစ်ခုခုတွေ့ပြီဆိုတာနဲ့ ပစ်သာပစ်ပေတော့၊ သေနတ်သံကြားတာနဲ့ တို့ချက်ချင်း ပြန်လှည့်



လာမယ်" ကျွန်တော်ကမှာသည်။ ထို့နောက် ဖရစ်(ဇ်) နှင့် ကျွန်တော်က သူတို့သားအမိကို နှုတ်ဆက်ကာ ခရီးစထွက်လာသည်။

ကျွန်တော်တို့သားအဖ မြစ်ကြောင်းအတိုင်း လိုက်သွားရာ ရေတံခွန်တစ်ခုဆီသို့ ရောက်လာသည်။ ရေတံခွန်နံဘေးရှိ ကျောက်တုံးများပေါ် ကျွန်တော်တို့ တွယ်တက်လိုက်ကြသည်။ အပေါ်သို့ ရောက်သောအခါ မြေပြင်တပြင်လုံးမှာ မြက်ပင်ရှည်ကြီးများ ပိတ်ဖုံးလျက်ရှိသည်ကို တွေ့မြင်ရသည်။ မြက်တောထဲတွင် ကျွန်တော်တို့ ခက်ခက်ခဲခဲ လမ်းထွင်၍ သွားနေရသည်။ ထိုစဉ် ကျွန်တော်တို့နောက်နားမှ ချိုးတိုးသလို တရှဲရှဲမြည်သံကြီးတစ်ခုကို ကြားလိုက်ရသည်။ ကျွန်တော့်စိတ်ထဲတွင် တောရိုင်းတိရစ္ဆာန်တစ်ကောင်ကောင် ဝင်တိုးနေသည် ထင်သဖြင့် ကျွန်တော်ရင်ထိတ်သွားသည်။ သို့သော် ဤအချိုက်အတန့်၌ ကျွန်တော့်သားကြီး ဖရစ်(ဇ်) လှုပ်ရှားလိုက်သည့်ဟန်ပန်ကို ကျွန်တော်အလွန်အားရမိသည်။ သူက အန္တရာယ်ကို ရင်ဆိုင်ရန် တည်ငြိမ်စွာ ရပ်နေလိုက်ပြီး သူ့သေနတ်ကို ထိုးချိန်လိုက်သည်။ တာ့(က်) က မြက်ပင်ရှည်များအကြားမှ ရုတ်တရက် တိုးထွက်လာသည်။ ကျွန်တော်တို့က သူ့ကို ဝမ်းသာအားရ ခေါ်ကြိုလိုက်သည်။ ပြီးတော့ ကျွန်တော်က ကျွန်တော့်သားကြီး၏ သတ္တိကို ချီးကျူးလိုက်သည်။

"ဖေဖေ-ဟိုသင်္ဘောသားတွေကို ကျွန်တော်တို့ ဘာဖြစ်လို့ သွားရှာကြည့်ရမှာလဲ ဖေဖေ။ သူတို့ တွေ ကျွန်တော်တို့ကို သင်္ဘောပေါ်မှာ ထားပစ်ခဲ့ပြီး ထွက်သွားကြတာနဲ့

www.burmeseclassic.com



ကတော့ ကျွန်တော်တို့အတွက် သူတို့ဘာမှ ထည့်မတွက်ခဲ့ကြပါဘူး အဖေရ။"

"ဖေဖေမှာ ခိုင်လုံတဲ့ အကြောင်းတွေရှိတယ် သားရဲ့။ ပထမအကြောင်းက သူများတွေ စာနာစိတ်ခေါင်းပါးပေမဲ့ ဖေဖေတို့က စာနာစိတ်ထားရမယ်သား။ နောက်တစ်ကြောင်းကတော့ ခုချိန်မှာ သူတို့ဟာ တွယ်ရာမဲ့ဘဝမျိုး ရောက်နေရော့မယ်။"

လောလောဆယ်၌ ကျွန်တော်တို့က တောအုပ်တစ်ခုထဲသို့ရောက်နေသည်။ ချောင်းတခုက တောအုပ်၏အလယ်မှ ဖြတ်စီးနေသည်။ ကျွန်တော်တို့သားအဖ သစ်ပင်တစ်ပင်၏ အရိပ်တွင် ထိုင်ချလိုက်ပြီး ကျွန်တော်တို့၏ ဟာနေသော ဝမ်းဗိုက်များကို ဖြည့်တင်းလိုက်ကြသည်။ ထို့နောက် ကျွန်တော်တို့ ဆက်လျှောက်လာရာ တောင်ကုန်းတစ်ခုသို့ ရောက်လာသည်။ တောင်ကုန်းမှာ ချုံနွယ်ပိတ်ပေါင်း ထူထပ်လွန်းသဖြင့် အပေါ်ရောက်အောင် ကျွန်တော်တို့ ပင်ပန်းကြီးစွာ တက်ရောက်ခဲ့ရသည်။

တောင်ကုန်းထိပ်ပေါ်မှ ကျွန်တော်တို့ လှမ်းမျှော်ကြည့်လိုက်သည့်အခါ အဝေးကြီးအထိ လှမ်းမြင်ရသည်။ ကျွန်တော်တို့က နေရာအနှံ့ ထပ်တလဲလဲ ရှာဖွေကြည့်ကြသည်။ အတတ်နိုင်ဆုံး ထောင့်စုံအောင် ကြည့်ကြသည်။ သို့သော် သင်္ဘောမှ ကျွန်တော်တို့၏အပေါင်းအဖော်များကို အရိပ်အယောင်မျှပင် မတွေ့ရပေ။

## အခန်း (၆)
## အသုံးဝင်သည့် ရှာဖွေတွေ့ရှိမှုနှစ်မျိုး

ကျွန်တော်တို့ တောင်ကုန်းပေါ်မှ ပြန်ဆင်းလာသည့်အခါ ပင်စည်ထွားထွား ကိုင်းပင်ရှည်ကြီးများအကြားသို့ ရောက်သွားသည်။ မြွေအန္တရာယ်ကို ကြောက်ရသဖြင့် အရေးကြုံက တုတ်အဖြစ်အသုံးပြုနိုင်ရန် ကိုင်းပင်တစ်ပင်ကို ကျွန်တော်ခုတ်ယူလိုက်သည်။ တအောင့်အကြာတွင် ထိုကိုင်းပင်မှ အရည်တစ်မျိုး စီးကျလာသည်ကို တွေ့ရသည်။ ထိုအရည်ကို ကျွန်တော်လျှာပေါ်တင်ကြည့်လိုက်သောအခါ အလွန်ချိုနေသည်ကို တွေ့ရသည်။ ကျွန်တော်က ကိုင်းပင်ကို တစ်ခါထပ်ကြည့်ပြီး ထိုအရည်ကို နောက်တစ်ကြိမ်မြည်းကြည့်လိုက်ပြန်သည်။ ယခုတော့ သည်ကိုင်းပင်မှာ ကြံပင်တစ်ပင်ဖြစ်နေမှန်း ကျွန်တော်အတပ်သိလိုက်သည်။ ဤသည်မှာ ကျွန်တော်တို့အဖို့ ထူးထူးခြားခြား ရှာဖွေတွေ့ရှိမှုကြီးတစ်ရပ် ဧကန်ဖြစ်လေတော့သည်။

ကျွန်တော်က ထိုအကြောင်းကို တစ်ခွန်းမျှမဟဘဲ ကျွန်တော့်လက်ထဲမှ တုတ်ချောင်းကို ဖရစ်(ဇ်) ထံ ချက်ချင်းလှမ်းပေးလိုက်သည်။ ခဏအကြာတွင် ကျွန်တော်သူ့ကို လှမ်းကြည့်လိုက်ရာ သူက သူ့လက်ပေါ်သို့ စီးကျလာသော အရည်များကို ကြည့်နေသည်ကိုတွေ့ရသည်။ သူက သေသေချာချာ ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထိုအရည်ကို သူ့လက်ညှိုးဖြင့် တို့ကာ လျှာပေါ်တင်ကြည့်လိုက်သည်။ ချက်ချင်းပင် သူက ထအော်လိုက်သည်။ "ဟာ-သကြားတွေ့ပြီကွ။ မေမေတော့ သဘောကျမှာပဲ။ အဖေ-လာမြည်းကြည့်စမ်းပါဦး အဖေရ-"

မကြာမီမှာပင် ကျွန်တော်တို့သားအဖနှစ်ယောက်သားကြံချောင်းကိုယ်စီ ကိုင်လျက် ကြံရည်ချိုမြမြကို အားပါးတရစုပ်ကာ အရသာတွေ့နေကြတော့သည်။ "ဒီကြံတွေကို မင်းအမေနဲ့ မင်းညီလေးတွေအတွက်လည်း နည်းနည်းပါးပါးတော့ ခုတ်ယူသွားရမယ်ကွ" ကျွန်တော်ကပြောသည်။

"ဟုတ်တယ်အဖေ။ သူတို့ဖို့လည်း နည်းနည်းပါးပါး တော့ယူကိုယူသွားရမယ်" ဖရစ်(ဇ်) က ပြောပြောဆိုဆို ကြံပင်များကို ထခုတ်တော့သည်။ သူကြံခုတ်ပြီးသွားသောအခါ ကျွန်တော်တို့သားအဖ အုန်းပင်ရိပ်တွင် ထိုင်ချလိုက်ပြီး အစာအဟာရ ဖြည့်တင်းလိုက်ကြသည်။

ဤအုန်းပင်များပေါ်တွင် အရင်ရောက်နှင့်နေကြသော မျောက်အချို့က ကျွန်တော်တို့အား တုတ်များဖြင့် စတင်ပစ်ခတ်ကြတော့သည်။ ကျွန်တော်တို့ကလည်း ကျောက်ခဲများကိုကောက်၍ မျောက်များကိုပြန်ပစ်ကြသည်။ ထိုအခါ သူတို့က အုန်းပင်များပေါ်မှ အုန်းသီးများကို ဖြုတ်ယူပြီး ကျွန်တော်တို့ကို လှမ်းပေါက်ကြသည်။ ကျွန်တော်တို့အခြားသစ်ပင်များအောက်တွင် အကာအကွယ်ယူလိုက်ပြီး အုန်းရည်ဖောက်သောက်ကြသည်။ အုန်းရည်က အရသာထူးလှသည်။



ကျွန်တော်တို့အနားယူပြီးသည့်အခါ ကျွန်တော်တို့ ယူလာသည့် အိတ်များထဲသို့ အုန်းသီးများကို ထည့်ကြသည်။ ကြံချောင်းအချို့ကိုစည်းပြီး ကျွန်တော်တို့ကျောတွင် ကြိုးဖြင့်သိုင်းချည်လိုက်သည်။ ထို့နောက် ကျွန်တော်တို့ အိမ်ရှိရာသို့ ခြေဦးလှည့်လိုက်ကြသည်။

ကျွန်တော့်သားတော်မောင်ခမျာ ယခုတော့ညည်းတွားစပြုလာသည်။ "ဒီကြံစည်းကလည်း အရမ်းလေးတာပဲကွာ-အေးလေ-ဘာပဲဖြစ်ဖြစ် အမေနဲ့ညီလေးတွေ ကြံရည်သောက်ရရင်ပဲ ငါဝမ်းသာလှပါပြီ" သူက ပြန်ဖြေသိမ့်လိုက်သည်။

တာ့(က်)က မျောက်အချို့ကိုမြင်လိုက်သည်တွင် တစ်ရှိန်ထိုးပြေးထွက်သွားပြီး အတင်းလိုက်ဖမ်းတော့သည်။ မျောက်များမှာ တစ်ကောင်နှင့်တစ်ကောင် ဆော့ကစားနေကြသည့် အချိန်ဖြစ်၍ မိခင်မျောက်မကြီးကို သူဖမ်းမိသွားသည်။ ဖရစ်(ဇ်)က သူ့ကို မတားလိုက်နိုင်မီမှာပင် သူကမျောက်မကြီးကို ကိုက်သတ်ပစ်လိုက်လေသည်။ သို့သော်ဖရစ်(ဇ်)က မျောက်ငယ်လေးကို အချိန်မီကယ်တင်လိုက်နိုင်သည်။ မျောက်ငယ်လေးက ဖရစ်(ဇ်)၏ ပုခုန်းပေါ်ခုန်တက်ပြီး သူ့ဆံပင်ကို လက်မလွှတ်တမ်း ဖမ်းဆုပ်ထားသည်။

ဤမြင်ကွင်းကြောင့်ကျွန်တော့်မှာ ငိုအားထက် ရယ်အားသန်ဖြစ်ကာ ရယ်ရယ်မောမောနှင့်ပင် ကျွန်တော့်သားကိုကူရန်ပြေးသွားသည်။ သို့သော် ကျွန်တော်ဘာမျှ မတတ်နိုင်။ မျောက်ကလေးက

www.burmeseclassic.com

www.burmeseclassic.com



သူ့မိတ်ဆွေကို အတင်းကုပ်တွယ်ထားသည်။ "အဖေ့လည်း ဘာမှ မတတ်နိုင်ဘူးကွ။ မျောက်ကလေးကြည့်ရတာ သူ့အမေမရှိတော့လို့ မင်းကိုသူ့ဖအေလို အားကိုးချင်တယ်နဲ့တူတယ်။ မင်းသူ့ကိုခေါ်သွားပေတော့။"

"အဖေ---"ကောင်လေးခမျာ စူးစူးဝါးဝါးအော်လိုက်ရှာသည်။ "သူ့ကျွန်တော့်ဆံပင်ကို တအားဆွဲထားတယ်အဖေရ။ အရမ်းနာတာပဲ။သူ့လက်ကို မြန်မြန်ဖြုတ်ပေးစမ်းပါဦး။"

မျောက်ကလေး၏ လက်နှစ်ဖက်ကို အတော်ကြိုးကြိုးစား၍ ဖြေထုတ်လိုက်မှ ဖရစ်(ဇ်)ခမျာ မျောက်ကလေးလက်မှ လွတ်သွားသည်။ ကျွန်တော်က မျောက်ကလေးကိုစိုက်ကြည့်ရင်း "အင်း သနားစရာလေးပဲ၊ သူ့ခန္ဓာကိုယ်က သေးကွေးလွန်းတော့ နွားနို့တိုက်မှဖြစ်မယ်။ တို့မှာရှိတဲ့နွားနို့ကလည်း နည်းနည်း လေးရယ်" ကျွန်တော်က ညည်းလိုက်သည်။

"အဖေသာကျွန်တော့်ကို မွေးခွင့်ပေးရင် ကျွန်တော်စားမယ့်အထဲက သူ့ကိုဖဲ့ကျွေးမှာပေါ့အဖေရ" ဖရစ်(ဇ်)က ပြောပြောဆိုဆို မျောက်ကလေးကို ပွေ့ချီလိုက်သည်။မျောက်ကလေးမှာ ငြိမ်ကျသွားပြီး စောစောကလောက် ကြောက်လန့်ဟန် မပြတော့ချေ။

"အေး–ဒီခရီးမှာ မင်းသိပ်ကို လိမ်လိမ်မာမာ နေထိုင်တတ်တဲ့အတွက် မင်းဒီမျောက်ကို မွေးဖို့ ခွင့်ပြုလိုက်မယ်။ ဒါပေမယ့် မင်းသူ့ကိုကောင်းတဲ့အမူအကျင့်တွေပဲ သင်ပေးရမယ်နော်–"

အခန်း (၇)

## လရောင်အောက်မှ အသက်လုပွဲ

ကျွန်တော်တို့သားအဖ မြစ်ကမ်းပါးသို့ရောက်သောအခါ ဖလိုရာက တာ့(က်)ထံ အတင်းပြေးလာသည်။ မကြာမီတွင် ကျွန်တော်တို့ထံ လာနေကြသည့် ကျွန်တော်တို့မိသားစုကို တွေ့လိုက်ရ သည်။ ဂျက်နှင့်ဖရန်စစ်တို့က ကျွန်တော်တို့ထံ လျှောက်လာပြီး ခရီးရောက်မဆိုက် တစ်ယောက်တစ်ပေါက် ပြောကြမေးကြတော့သည်။ "ဟာ–မျောက်ပေါက်စကလေးကွ၊ တကယ့်မျောက်ပေါက်စကလေးပါလား။ အစ်ကိုကြီးဖမ်းလာခဲ့တာလား။ ဟောဟို တုတ်ချောင်းအလေး ကြီးတွေကို ဘာလို့ ထမ်းလာရတာလဲ အစ်ကိုကြီး။ ဖေဖေတို့ ဘယ်သူနဲ့တွေ့ခဲ့လဲ။ တိရစ္ဆာန်တွေကော တွေ့ခဲ့သေးလား။"

ကျွန်တော်ဇနီးကတော့ ကျွန်တော်တို့သားအဖကို မြင်လျှင်မြင်ချင်း မောဟိုက်လာကြမှန်းသိ၍ ပျာပျာသလဲပြောလိုက်သည်။ "ဟဲ့–ဟဲ့၊ ကလေးတွေ–မင်းအဖေနဲ့အစ်ကိုကြီးဆီက အဲဟို တုတ်ချောင်းအလေးကြီးတွေကို မြန်မြန်ဝိုင်းသယ်ကြစမ်း။ မြန်မြန်လုပ်လေ အားနက်(စ်)၊ သူတို့ကိုဝိုင်းကူလိုက်ဦး-"

"ဟော ဟိုတုတ်ချောင်းတွေ ကြည့်ရတာ သယ်နိုင်မယ့်ပုံ မပေါ်ဘူး" အားနက်(စ်)က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သယ်မှာသာ သယ်သွားစမ်းပါကွာ–" ဖရစ်(ဇ်)က ပြောသည်။ "အဲဒါကြွချောင်းတွေကွ။ ဟောဒီက လေးတဲ့အလုံးတွေက မင်းသိပ်လိုချင်နေတဲ့ အုန်းသီးတွေပဲကွ–ဖရန့်စစ်။"

ဖရစ်(ဇ်)က ကြံချောင်းကို ကျကျနနအခွံနွှာ၍ စားပြနေသည်ကို မိသားတစ်စုလုံး စိတ်ရှည်လက်ရှည်စောင့်ကြည့်နေကြသည်။ ထို့နောက် ကျွန်တော်တို့မိသားစု ဝိုင်းဖွဲ့ထိုင်ကာ ကျွန်တော့ဖနီး၏လက်ရာ ညစာကို တပျော်တပါးစားသောက်ကြသည်။ ညစာစားအပြီးတွင် ကျွန်တော်တို့ ကြုံတွေ့ခဲ့ရသမျှကို ပြန်ပြောပြသည်။ ဖြစ်ကြောင်းကုန်စင်ကို ပြောပြီးသည့်အခါ ရွက်ဖျဉ်တဲထဲသို့ ကျွန်တော်တို့ ဝင်လိုက်ကြသည်။ မကြာမီ ကျွန်တော်တို့ အိပ်မောကျသွားကြသည်။

တဝုန်းဝုန်း ထိုးဟောင်လိုက်သည့် ခွေးသံများကြောင့် ကျွန်တော်အိပ်ရာမှ နိုးလာသည်။ ကျွန်တော် အိပ်ပျော်သွားသည်မှာ သိပ်မကြာလှသေးပေ။ ကျွန်တော် အိပ်ရာမှ ကမန်းကတန်း ထလိုက်သည်။ ဖရစ်(ဇ်)နှင့် ကျွန်တော့ဇနီးပါ အိပ်ပျော်နေရာမှ လူးလဲထလာကြသည်။ ကျွန်တော်တို့သေနတ်များကို ကဗျာကယာဆွဲကာ ရွက်ဖျဉ်တဲထဲမှ ပြေးထွက်သွားကြသည်။

ခွေးများက တစ်ချိန်လုံး တဝုန်းဝုန်းဖြင့် မနားတမ်းဟောင်နေကြဆဲ။ ကျွန်တော်တို့က ပင်လယ်ကမ်းစပ်ဆီသို့ ဦးတည်လျက် ရွက်ဖျဉ်တဲမှ မလှမ်းမကမ်း တစ်နေရာအထိ ပြေးထွက်လိုက်ကြ



သည်။ သဲသောင်ခုံးပေါ်တွင်တော့ တစ်ကောင်နှင့်တစ်ကောင် လုံးထွေးရစ်ပတ် ကိုက်ဖြတ်သတ်ပုတ်ပွဲက ကြောက်မက်ဖွယ်ရာ ပြင်းထန်လျက်ရှိသည်ကို လရောင်အောက်တွင် ကျွန်တော်တို့တွေ့လိုက်ရသည်။

ခွေးအ ဆယ့်နှစ်ကောင်က ကျွန်တော်တို့၏ ခွေးနှစ်ကောင်ကို ဝိုင်း၍တိုက်ခိုက်နေကြသည်။ သို့သော် ကျွန်တော်တို့၏ ဘက်တော်သားသတ္တဝါများက သူတို့ကိုတိုက်ခိုက်လာသူ သုံးဦးကို ကိုက်သတ်ပစ်ခဲ့ပြီးဖြစ်သည်။ ခွေးအ များက ခွေးများထက် ကောင်ရေများသော်လည်း ခွေးများက ရဲရင့်စွာရင်ဆိုင်တိုက်ခိုက်နေကြဆဲပင်ဖြစ်သည်။

"ကျွန်တော်ပစ်လိုက်ရင်ခွေးတွေကိုထိကုန်မယ် အဖေ" ဖရစ်(ဇ်)က ပြောသည်။

"တို့ တစ်ပြိုင်တည်းပစ်ကြမယ်ကွ။ တို့ခွေးတွေနဲ့အဝေးဆုံး ခွေးအ တွေကို ထိအောင်ပစ်ပေတော့။" ကျွန်တော်ကပြောသည်။ ကျွန်တော်တို့ ပစ်လိုက်သည့် ကျည်ဆံထိမှန်သွားသည့် ခွေးအ နှစ်ကောင်မှာ သဲပြင်ပေါ်လဲကျကာ ငြိမ်သက်သွားသည်။ ထိုခဏ၌ ကျန်ခွေးအများ ထွက်ပြေးသွားကြသည်။ ၄င်းတို့နောက်သို့ ဖလိုက်ာ နှင့်တာ့(က်)တို့က မလှမ်းမကမ်းအထိ ပြေးလိုက်သွားကြပြီးနောက် ကျွန်တော်တို့ထံ ပြန်လှည့်လာကြသည်။ သူတို့နှစ်ကောင်စလုံးမှာ အကိုက်ခံထားရသည့်ဒဏ်ရာများကြောင့် သွေးအလိမ်းလိမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြသည်။ ကျွန်တော့ဖနီးက သူတို့ဒဏ်ရာများကို ဆေးကြောသန့်စင်ပေးပြီးနောက် ကျွန်တော်တို့၏ ရွက်ဖျင်တဲသို့ ပြန်လာကြသည်။

ဤမျှ ခွေးသံ၊ လူသံ၊ သေနတ်သံများဖြင့် နားကွဲလုမတတ် ဆူညံနေသည့် တစ်ချိန်လုံး ကလေးငယ်သုံးဦးမှာ တုတ်တုတ်မျှ မလှုပ်ကြချေ။ ကျွန်တော်တို့လည်း သူတို့နံဘေးတွင် ဝင်လှဲချလိုက်ရာ နောက်တစ်နေ့မိုးလင်းသည်အထိ တစ်ချိုးတည်းအိပ်ပျော်သွားလေသည်။

## အခန်း (၈)

## သင်္ဘောပျက်ထံ တစ်ကျော့ပြန်သွားခြင်း

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့ဇနီးမောင်နှံ အိပ်ယာမှ စောစောထကာ ဆွေးနွေးတိုင်ပင်ကြသည်။ သင်္ဘောပျက်ပေါ်သို့ နောက်တစ်ခေါက်အရောက်သွားရန် လိုအပ်သည်ဟု ကျွန်တော်တို့နှစ်ဦးစလုံးက သဘောပေါက်ကြသည်။ တိရစ္ဆာန်များနှင့် အသုံးဝင်သည့် အခြားပစ္စည်းအတော်များများမှာ သင်္ဘောပေါ်တွင် ရှိနေကြသည်။ အကယ်၍ လေပြင်းမုန်တိုင်းကြီးတစ်လုံးသာ ကျရောက်လာပါက သင်္ဘောမှာ ကွဲထွက်သွားမည်ဖြစ်ပြီး ဤအရာများအားလုံးကို ကျွန်တော်တို့ လက်လွှတ် ဆုံးရှုံးခံလိုက်ရမည်ဖြစ်သည်။

ကျွန်တော်တို့ အဝတ်အစားများ အပြည့်အစုံလဲလှယ်ပြီးသောအခါ ကျွန်တော်ကဖရစ်(ဇ်)ကို ပြောသည်။ "ကဲ–သား၊ မြန်မြန်လေးသွားပြီး တို့လှေကိုအဆင်သင့်ထုတ်ထား၊ မင်းနဲ့အဖေနဲ့ သင်္ဘောဆီကို တစ်ခေါက်ထပ်သွားရမယ်" ကျွန်တော်က ကျန်သားသုံးယောက်ကို "သားတို့အငယ်သုံးယောက်က ဒီမှာမင်းအမေနဲ့ နေရစ်ခဲ့ကြ၊ မနေ့တုန်းကလိုပဲ မင်းအမေ ပြောစကားနားထောင်ကြနော်" ဟု မှာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကျွန်တော့ဇနီးကို တစ်လှည့်မှာလိုက်သည်။ "တကယ်လို့ မင်းငါ့ကိုခေါ်ချင်ရင် သေနတ်ကို သုံးချက်ဖောက်လိုက်နော်။ တကယ်လို့ တို့ ဒီကနေ့ည သင်္ဘောပေါ်မှာအိပ်ရမယ်ဆိုရင် ဟိုကနေ မီးထွန်းပြီး အချက်ပြမယ်။ မင်းအဲ့ဒီမီးကိုမြင်ရင် ကမ်းပေါ်မှာမီးဖိုလိုက် မင်းတို့သားအမိတဲထဲ မဝင်ခင် မီးပုံကြီးကြီးရအောင် ထင်းတုံးကြီးကြီး ထည့်ပေးထား။ ဒါမှ သားရဲတိရစ္ဆာန်တွေက ကြောက်လန့်ပြီး အနားမလာရဲမှာ။"

ကျွန်တော်တို့သားအဖ သင်္ဘောပျက်သို့ ရောက်အောင် အတော်အားစိုက် လှော်ခတ်ခဲ့ရသည်။ သို့သော် နောက်ဆုံးတွင် သင်္ဘောပျက်ထဲ ကျွန်တော်တို့ရောက်သွားသည်။ ကျွန်တော်တို့၏ လှေကို သင်္ဘော၏နံဘေးတွင် တွဲချည်လိုက်သည်။ ကျွန်တော်တို့က တိရစ္ဆာန်များကို အရင်ဆုံးသွားကြည့်ကြသည်။ ကျွန်တော်တို့ကိုမြင်လိုက်သည်နှင့် သူတို့ခမျာ ပျော်လွန်းသဖြင့် ခေါင်းတမော့မော့၊ လည်တဆန့်ဆန့်၊ အမြီးတဖျပ်ဖျပ်ဖြင့် ပျာယာခပ်နေကြသည်။ ကျွန်တော်တို့လည်း ပါလာသမျှ အစာရေစာအားလုံးကို သူတို့အား တိုက်ကျွေးလိုက်ကြသည်။

ယခု ပျက်စီးနေပြီဖြစ်သည့် ဤသင်္ဘောမှာ ဥရောပမှ စေလွှတ်လိုက်ခြင်းဖြစ်သည်။ သင်္ဘောပေါ်တွင် လိုက်ပါလာကြသည့်ခရီးသည်များမှာ တောင်ဘက်ပင်လယ်ပြင်ဒေသတွင် နယ်မြေသစ်ထူထောင်ရန်ဖြစ်သည်။ သို့ဖြစ်၍ သင်္ဘောတစ်စင်း



ပေါ်တွင် တွေ့နေကျမဟုတ်သည့် ပစ္စည်းအတော်များမျ ဤသင်္ဘောပေါ်တွင် ပါလာသည်။ ဤသည်မှာ ကျွန်တော် အတွက် အလွန်ကံကောင်းထောက်မမှု တစ်ရပ်ပင်။ အကြောင်း ကျွန်တော်တို့အတွက် အသုံးဝင်မည့် ပစ္စည်းမျိုးစုံမှာ အရုံသင့်ရှိ ခြင်းကြောင့်ပင် ဖြစ်သည်။ သင်္ဘောပေါ်တွင် ဥယျာဉ်မှူးသုံး ကိ ယာတန်ဆာပလာများ၊ လက်သမားသုံး ကိရိယာတန်ဆာပလာများ၊ မီးဖိုချောင်သုံး အိုးခွက်ပုဂံ မျိုးစုံ၊ ရှယ်စုံ အဝတ်အထည်များ၊ သေနတ် များ၊ သားလိုးဓားများ၊ ခရင်းများနှင့် ဇွန်းများအစုံအလင်ပါလာသည်။

ကျွန်တော်တို့သားအဖ သင်္ဘောထဲတွင် လျှောက်ကြည့်ရင်း ကျွန်တော်တို့ကို အလွန်တရာ စိတ်ချမ်းသာသွားစေသည့် အရာနှစ် မျိုးကို တွေ့ခဲ့ရသည်။ ပထမတစ်မျိုးမှာ ဂျုံနှင့် ဘာလီကဲ့သို့သော သီးနှံမျိုးစေ့များဖြစ်ပြီး အခြားသစ်သီးပင်ငယ်များကိုလည်း တွေ့ခဲ့ရ သည်။ ၎င်းတို့မှာ နယ်မြေသစ်တွင် စိုက်ပျိုးထုတ်လုပ်ရန်အတွက် ဖြစ်သည်။ ဒုတိယတစ်မျိုးမှာ သင်္ဘောဝမ်းထဲရှိ ပုံစံကျနလှပသည့် လှေနှစ်စင်းဖြစ်သည်။ တစ်စင်းမှာ သေးသွယ်သည့် ကိုယ်ထည်တွင် ဦးရောပဲ့ပါ အဖျားချွန်ပြီး အလွန်ပေါ့ပါးသည့် ကနူးလှေငယ် တစ်စင်းဖြစ်ပြီး အခြားတစ်စင်းမှာ ၎င်းထက်အဆများစွာ အရွယ် အစားပိုကြီးသည့် လှေတစ်စင်းဖြစ်သည်။

အချိန်က အကုန်မြန်လှသည်။ ယခုတော့ မှောင်နေပြီဖြစ် သည်။ ကျွန်တော်တို့ သားအဖ ပြန်ရန်အဆင်သင့် မဖြစ်သေး၍

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပေါ်၌ ညအိပ်ရန် ဆုံးဖြတ်လိုက်ကြသည်။ ကျွန်တော်တို့က သင်္ဘော၏ မီးအိမ်များကို ထွန်းညှိလိုက်ကြသည်။ မျှားမကြာမီမှာပင် ကမ်းပေါ်တွင် မီးပုံတစ်ပုံကို ကျွန်တော်တို့မြင်ကြရသည်။

သည်တစ်ညအဖို့ ကျွန်တော်တို့သားအဖ ကျွန်တော်တို့လှေ့ရှိ စည်ပိုင်းပြွတ်များထဲသို့ ဝင်နေလိုက်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့၏လှေက သင်္ဘောပျက်ထက်ပို၍ ဘေးကင်းမည်ဟု ကျွန်တော်တို့စဉ်းစားမိသောကြောင့် ဖြစ်သည်။ ဖရစ်(ဇ်)က နှစ်နှစ်ချိုက်ချိုက် အိပ်ပျော်သွားသည်။ ကျွန်တော်ကမူ ကျွန်တော့်မိသားစုအတွက် ရတက်မအေးနိုင်ဘဲ အတွေးပင်လယ်ဝေကာ တစ်ညလုံးအိပ်၍ မရချေ။ ခွေးများနှင့်ခွေးအများ တစ်ဘက်နှင့်တစ်ဘက် ရင်ဆိုင်တိုက်ခိုက်ပွဲက ကျွန်တော့်စိတ်ကို အကြီးအကျယ် ခြောက်လှန့်ထားခဲ့ပြီဖြစ်သည်။

## အခန်း (၉)

## တိရစ္ဆာန်များကို ကမ်းပေါ်ခေါ်သွားအပြီးတွင် ကျွန်တော့်ဇနီးက အိမ်သစ်ကို မှာဆာ

နောက်တစ်နေ့နံနက်တွင် ဖရစ်(ဇ်) က ကျွန်တော့်ကို ပြောသည်။ "ကျွန်တော်တို့ သယ်သွားချင်တာတွေအားလုံးကို စည်ပိုင်းပြွတ်တွေထဲ ထည့်ဖို့က လွယ်တယ်အဖေရ။ ဒါပေမဲ့ ဒီတိရစ္ဆာန်တွေကျတော့ စည်ပိုင်းပြွတ်တွေထဲထည့်လို့ ဘယ်ဆန့်မှာလဲ အဖေ။"

"အေးကွ၊ အဖေလည်း ညတုန်းက အိပ်မရတာနဲ့ ဒီအခက်အခဲကိုပဲ စဉ်းစားနေမိတယ်ကွ။ အဲဒါကို ဖြေရှင်းနိုင်မယ့် အစီအစဉ်တွေ ချထားပြီးပါပြီ သားရဲ့။" ဆက်လက်၍ ကျွန်တော်က အစီအစဉ်များကို ဖရစ်(ဇ်) အား ရှင်းပြလိုက်သည်။ ထို့နောက် ကျွန်တော်တို့သားအဖ အကောင်အထည် ဖော်လိုက်ကြသည်။

ရှေးဦးစွာ ကမ်းပေါ်သို့ ကျွန်တော်တို့ ယူဆောင်သွားလိုသည့် ပစ္စည်းအများအပြားကို စည်ပိုင်းပြွတ်ထဲသို့ ထည့်ကြသည်။ ထို့နောက် သိုးများနှင့် ဆိတ်များကဲ့သို့သော အကောင်ငယ်များအား ဖော့တုံးများသီထားသည့် ခါးပတ်များကို ပတ်ပေးလိုက်သည်။ နွားမ

www.burmeseclassic.com

www.burmeseclassic.com



များနှင့်မြည်းကို ကိုင်တွယ်ရာ၌ ပို၍အခက်အခဲတွေ့ရသည်။ နောက်ဆုံးတွင်မူ အစစအရာရာ အဆင်ပြေသွားသည်။ သင်္ဘောဝမ်းထဲမှ ရလာသည့် ရေစည်များကို ရေမဝင်နိုင်အောင် ၎င်းတို့၏ ရေထုတ်ပေါက်များကို ပိတ်ဆို့ပစ်လိုက်သည်။ ရေစည်နှစ်လုံးကို ရွက်ဖျင်ကြိုးစများဖြင့် သိုင်း၍တွဲချည်လိုက်သည်။ ထိုနှစ်လုံးတွဲ ရေစည်များမှ ရွက်ဖျင်ကြိုးစအသီးသီးကို နွားမများနှင့် မြည်းတို့အား တစ်ကောင်ချင်းသိုင်းချည်ပေးလိုက်သည်။ ၎င်းတို့အားလုံးရေထဲ ရောက်သည့်အခါ ရေစည်များကို မှေးခိုပြီး လိုက်နိုင်ရန်ဖြစ်သည်။

ကျွန်တော်တို့သားအဖ သင်္ဘောမှမခွာမီ ကိုင်တွယ်ဖြေရှင်းရသည့်အခက်အခဲများစွာကို စာရှုသူမှန်းဆ၍ရလောက်သည်။ နောက်ဆုံး၌ တိရစ္ဆာန်များအားလုံးကို ကျွန်တော်တို့ရေထဲသို့ ခေါ်ချလာနိုင်သည်။ ၎င်းတို့ တစ်ကောင်ချင်းကို တုတ်ခိုင်သည့် ကြိုးတစ်ချောင်းစီဖြင့် ကျွန်တော်တို့လှေဖြင့်တွဲထားလိုက်သည်။ ထို့နောက် ကျွန်တော်တို့၏ ကျွန်းဆီသို့စတင်ထွက်ခွာလာကြသည်။

ခပ်ကြမ်းကြမ်းလေမွှေ့တိုက်လိုက်သည့် လေပြင်းတစ်ချက်က ကျွန်တော်တို့လှေကို ကျွန်တော်တို့၏တဲအနီးရှိမြစ်ဝထဲသို့ တွန်းပို့ပေးလိုက်သည်။ ကမ်းပေါ်တွင် ကျွန်တော်တို့မိသားစုလာကြိုနေသည်ကို မတွေ့ရသဖြင့် ကျွန်တော့်စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။ သို့သော် သည်ကိစ္စကို စဉ်းစားနေဖို့အချိန်မရှိ။ ကျွန်တော်တို့၏ တိရစ္ဆာန်များကို ဂရုစိုက်ပြီးကမ်းပေါ်တင်ပေးရဦးမည်။ တိရစ္ဆာန်များအားလုံးကို ကျွန်တော်တို့သားအဖ ကမ်းပေါ်သို့ဆွဲတင်ပေးပြီးသည်နှင့် ကျွန်တော့်မိသားစုရောက်လာကြသည်။



ကျွန်တော့်ဇနီးကပြောသည်။ "ရှင်တို့ အိပ်ယာမဝင်ခင် စားဖို့အတွက်ပြင်ပေးဖို့ ဘာကြောင့်အချိန်လင့်သွားလည်းဆိုတာ တော်ကြာကျမှ ကျွန်မရှင်းပြမယ်။ ဒါပေမယ့် ရှင်တို့သားအဖ ကောင်းကောင်းစားရပါစေမယ်ရှင်။ လိပ်ဥတွေကိုကျွန်မတို့ရှာတွေ့လာခဲ့တယ်လေ။"

အိပ်ယာမဝင်မီ အစာစားကြသည့်အခါ ကျွန်တော့်ဇနီးက ပြောသည်။ "ဒီကျွန်းပေါ်ရောက်ကတည်းက ကျွန်မမကြာမကြာ စဉ်းစားမိတယ်။ ဒီရွက်ဖျင်တဲလေးက နွေခင်းဘက်ဆိုသိပ်ပူတာပဲ။ ဒီထက်ပိုအေးတဲ့ အိမ်လေးတစ်လုံးနဲ့ နေရရင်သိပ်ကောင်းမှာပဲလို့။ ရာသီဥတုက အခုထက်ပိုပူလာရင် တို့ဒီရွက်ဖျင်တဲလေးထဲမှာ နေနိုင်မှာ မဟုတ်ဘူးလို့ပေါ့လေ။ အဲဒါနဲ့ ဒီနေ့မနက်တော့ မနက်စာစားပြီးတာနဲ့ ကျွန်မလည်း ကလေးတွေကိုခေါ်ပြီး ဟောဟိုက ကျောက်တုံးပြားပြားတွေပေါ်နင်းပြီး မြစ်ကိုဖြတ်ကူးသွားကြတယ်။"

"ဒါဖြင့်ဖရန်စစ်ကကော" ကျွန်တော်ကမေးသည်။

"သူ့ကိုကျွန်မကျောပိုးသွားတာပေါ့ရှင့်" ကျွန်တော့်ဇနီးက ပြန်ဖြေသည်။ "အဲဒီလို ကျွန်မတို့ဖြတ်ကူးလာတုန်း ကျွန်မလှည့်ပတ်ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းမှာ သစ်ပင်ကြီးကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ်ကို တွေ့လိုက်ရတယ်။ အဲဒီမှာကျွန်မတို့တွေ့ရတဲ့ လမ်းကြောင်းလေး တစ်ခု အတိုင်း လျှောက်သွားတော့ စောစောက သစ်ပင်အုပ်ဆီကို ရောက်သွားတယ်။ ဟိုရောက်တော့ ရောမ သစ်ပင်ကြီးဆယ့်လေး ပင်ရှိတဲ့တောအုပ်တစ်ခု ဖြစ်နေတာကိုးရှင့်။ ဒီသစ်ပင်ကြီးတွေရဲ့ ပင်စည်တွေကို မြေကြီးပေါ်ကြွတက်နေတဲ့ မြေပေါ်ပြင်လို အမြစ် ကြီးတွေက ထောက်ပေးထားတယ်။ အဲဒီ သစ်ပင်ကြီးတွေက အရိပ် သိပ်ကောင်းတာပဲ။ ကျွန်မကတော့ အဲဒီ အထဲက အပင်တစ်ပင်မှာ ရှင်အိမ်လေးတစ်လုံး ဆောက်ပေးစေချင်တာ ပါပဲရှင်။”

“မင်းပြောသလို ငါလုပ်နိုင်ပါမလားတော့ မသိဘူးကွ” ကျွန်တော်က ပြောသည်။

“ရှင်မှတ်မိတယ်မဟုတ်လား၊ ကျွန်မတို့နေခဲ့တဲ့မြို့က သစ်ပင်ကြီးဟာလေ–။ အဲဒီအပင်မှာ အိမ်ခန်းလှလှလေးတစ်ခန်း ဆောက်ထားတယ်လေ။ ပြီးတော့ အောက်ကနေအခန်းကိုတက်ဖို့ လှေကားလည်းလုပ်ထားတယ်။ အဲဒါမျိုး တစ်ခန်းလောက် ကျွန်မတို့ ဆောက်လို့မဖြစ်ဘူးလားရှင်” ကျွန်တော့်ဇနီးမှာပြောရင်းက ဝမ်းနည်းသံပါလာပြီး မျက်ရည်ဝိုင်းလာသဖြင့် ကျွန်တော်လည်း မနေသာတော့ပဲ သူလိုချင်သည့်အိမ်ကို ကြိုးစား၍ ဆောက်ပေးပါမည်ဟု ကတိပေးလိုက်ရတော့သည်။

## အခန်း (၁၀)
## တဲတားတစ်ခု ဆောက်လုပ်ခြင်း

ကျွန်တော့်ဇနီးက ကျွန်တော့်အားသစ်ပင်ပေါ်တွင် အိမ်ကို ချက်ချင်းဆောက်စေလိုမှန်း ကျွန်တော်သိသည်။ထို့ကြောင့် နောက်တစ်နေ့နံနက်တွင် ကျွန်တော်တို့သည် ရွက်ဖျဉ်တဲမှ တစ်နေ့တာ ခရီးသွားရောက်ရန်အတွက် လိုအပ်မည့် ပစ္စည်းများအားလုံးကို လွယ်အိတ်များအတွင်းတွင်ထည့်ပြီး ရောမသစ်ပင်ကြီးများကို ကြည့်ရန်ထွက်ခွာခဲ့ကြသည်။

ကျွန်တော်တို့အားလုံး မြစ်တစ်ဘက်ကမ်းသို့ ချောချော မောမော ရောက်ရှိကြပြီးနောက် ဆက်လျှောက်လာရာ သစ်ပင်များရှိရာသို့ ရောက်သွားကြသည်။ “ဟာ–နည်းနည်း နောနော အမြင့်မှမဟုတ်တာပဲ–။ ဟာ–ဘယ်လိုသစ်ပင်မျိုး တွေပါလိမ့်၊ အိုး– ထွားလိုက်တဲ့အပင်လုံးကြီးတွေကွာ–” ဖရစ်(ဇ်)ရော ကျွန်တော်ပါ တအံ့တဩဖြင့် နှုတ်မှထွက်သွားမိ သည်။ ကျွန်တော်က ကျွန်တော့် ဇနီးကိုလှည့်ပြောလိုက်သည်။ “မိန်းမရေ–ငါတော့ဒီသစ်ပင်ကြီး တွေရဲ့ အရွယ်အစားကိုဘယ်လိုမှ မခန့်မှန်းတတ်တော့ဘူးကွာ။ မင်းပြောတဲ့အတိုင်း ရောမအပင်ကြီး တွေဆိုတာ တကယ်မှန်

www.burmeseclassic.com

www.burmeseclassic.com



နေပြီကွ။ အဲဒီအထဲက အပင်တစ်ပင်မှာ တို့အိမ်ကလေးတစ်လုံး ဆောက်ကြမယ်ကွာ။ ဒါပေမယ့် သင်္ဘောပေါ်ကပျဉ်ပြားနည်းနည်းပါးပါးတော့ အရင်ဆုံးသွားသယ်ထားမှ ဖြစ်မယ်။"

ထိုစဉ်မှစ၍ နေ့စဉ်ရက်ဆက် နှစ်ပတ်သုံးပတ်မျှ သင်္ဘောပေါ်သို့ ကျွန်တော်တို့သွားရောက်ကြသည်။ ကျွန်တော်နှင့်အတူ ဖရစ်(ဇ်)နှင့် ဂျက်တို့တလှည့်စီ လိုက်ကြသည်။ ရှေဦးစွာ ကနူးလှေငယ်၊ ထို့နောက် ခပ်ကြီးကြီးလှေတို့ကို တစ်စင်းပြီး တစ်စင်း သယ်ထုတ်လာခဲ့သည်။ သည့်နောက်တော့ သင်္ဘောကုန်းပတ်ပေါ်မှ ပျဉ်ပြားများကို တစ်ချပ်ပြီးတစ်ချပ် သယ်ထုတ်လာခဲ့သည်။ ညတစ်ညတွင် ပြင်းထန်သည့်လေမုန်တိုင်းတစ်လုံး ဝင်မွှေသွားရာ နောက်တစ်နေ့နံနက်ရောက်သည့်အခါ သင်္ဘောပျက်ကိုမမြင်ရတော့ပေ။ ကျွန်တော်အလွန်စိတ်ပျက်သွားသည်။ ကျွန်တော်က ဤသင်္ဘောပျက်ပေါ်မှ သစ်သားများကို ထပ်မံသယ်ယူလိုသေးသည်။ သို့သော်အချိန်တန်တော့လည်း သင်္ဘောမှသစ်သားအတော်များများသာမက ပြတင်းပေါက်အချို့နှင့်တံခါးအချို့ပင်လျှင် ကမ်းပေါ်တွင် လာ၍တင်နေကြသည်။

ယခုတော့ မြစ်ကရေခန်းစပြုလာ၍ ကျွန်တော်တို့ရေထဲဆင်းလျှောက်ကာ ဖြတ်ကူး၍ရပြီးဖြစ်သည်။ ကျွန်တော်တို့က ရေတိမ်တိမ်တွင် ခြေကျင်ဖြတ်ကူးရင်း ပျဉ်ပြားအထူကြီးများကို တပါတည်းဆွဲယူသွားကြသည်။ ပျဉ်ပြားများ၏ အစွန်းနှစ်ဘက်ကို



မြစ်ကမ်း တစ်ဘက်တစ်ချက်စီတွင် ကျွန်တော်တို့ခွတင်လိုက်သည်။ ထို့နောက်ပျဉ်ပြားများကို တစ်ပြားနှင့်တစ်ပြား ပူးချည်လိုက်သည်။ ဤနည်းဖြင့် တံတားတစ်စင်းကို ကျွန်တော်တို့ တည်ဆောက်လိုက်ကြသည်။ ကျွန်တော်တို့အားလုံး တံတားပေါ်မှ ဖြတ်ကူးကြပြီးသောအခါ ဖရစ်(ဇ်)က ရှက်ဖျဉ်တဲဆီပြန်သွားကာ တိရစ္ဆာန်များ အားလုံးကို တစုတဝေးတည်း သိမ်းပြီးတံတားပေါ်မှ အုပ်လိုက်ဖြတ်မောင်းလာသည်။

ပျဉ်ပြားများတပ်ဆင်ထားသည့် နွားမများနှင့်မြည်းကိုကလေးများက ထိန်းကျောင်းလျက် တံတားပေါ်မှခေါက်တုံ့ခေါက်ပြန် ဖြတ်ကူးကြသည်။ ကျွန်တော့်ဇနီးနှင့် ကျွန်တော်က ကြိုးလှေကားတစ်ခုကိုပြုလုပ်ကြသည်။ ကြိုးလှေကားလုပ်ပြီးသည့်အခါ ကျွန်တော်က ကျွန်တော့်ဇနီးအား သူမအိမ်ဆောက်နေထိုင်လိုသည့် အပင်ကို ရွေးခိုင်းသည်။ သူမက အပင်တစ်ပင်ကိုရွေးပေးပြီးနောက် ကျွန်တော်က ထိုအပင်၏အမြစ်များပေါ်သို့ ကျွန်တော်တတ်နိုင်သမျှအမြင့်အထိ တက်သွားသည်။ ထို့နောက် ကျွန်တော်က ကြိုးလုံးသေးတစ်ချောင်း၏ အစတစ်ဘက်တွင် ကျောက်ခဲတစ်လုံးကို ပတ်ချည်လိုက်ပြီး ကျောက်ခဲကို သစ်ကိုင်းကြီးကြီးတစ်ခုပေါ် ကျော်၍ ပစ်တင်လိုက်သည်။ ထို့နောက် ကြိုးလုံးသေးကိုကြိုးလုံးကြီး တစ်ချောင်း၏ အစတစ်ဘက်နှင့်ဆက်ချည်ပေးလိုက်ပြီး ကျောက်ခဲချည်ထားသည့် ဘက်မှ ကြိုးလုံးသေးကို ဖရစ်(ဇ်)အား ဆွဲချခိုင်းလိုက်သည်။ ကျွန်တော့်ဘက်ရှိကြိုးလုံးကြီးတွင် ကြိုးလှေကားကို ချည်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖရစ်(ဇ်)က သူဘက်ရောက်လာသည့် ကြိုးလုံးကြီးကို ဆွဲချလိုက်သည်။ ကြိုးလှေကားသစ်ကိုင်းပေါ်သို့ ရောက်သွားသည့်အခါ ကလေးများအားလုံးက လှေခါးပေါ်တက်ချင်နေကြသည်။ ဂျက်၏ခန္ဓာကိုယ်က အပေါ့ပါးဆုံးဖြစ်သဖြင့် သူ့ကိုအရင်တက်စေသည်။ သူ့နောက်မှ အားနက်(စ်)က လိုက်တက်သွားသည်။ သူတို့က သစ်ကိုင်းပေါ်တွင် ကြိုးလှေခါးတစ်ဘက်တစ်ချက်မှ ခွထိုင်ရင်း ကြိုးလှေကားကို သစ်ကိုင်းတွင်ခိုင်မြဲစွာတုပ်နှောင်လိုက်မှစိတ်ချသွားရသည်။

ဤအခိုက် ဖရန့်စစ်က ကျွန်တော့်ထံပြေးလာပြီး လှမ်းအော်ပြောသည်။ "ဟောဒီမှာ သိပ်စားလို့ကောင်းတဲ့အသီးတစ်မျိုး ကျွန်တော်တွေ့ထားပြီ အဖေရ"

"မင်းက ဟိုကိုဘာကိစ္စသွားရတာလည်း။" သူ့အမေကလှမ်းငေါက်သည်။ သူ့မက သူ့ပါးစပ်ကို အတင်းဖြဲပြီး အထဲရှိ ဝါးလက်စ သစ်သီးကို သူမ၏လက်ချောင်းများဖြင့် နှိုက်ထုတ်လိုက်သည်။

"ကြည့်ရတာ ရေသဖန်းသီးနဲ့ တူတယ်ကွ" ကျွန်တော်က ပြောသည်။

"အဲဒါကို ကျွန်တော်မြက်တောထဲက ရလာတာအဖေရ" ဖရန့်စစ်ကပြောသည်။ "နောက်ထပ် အများကြီးရှိသေးတယ် အဖေ။ ကိုကြီးဖရစ်(ဇ်)ရဲ့ မျောက်စားပစ်လိုက်တာကိုက တစ်ပုံကြီး"



မျောက်ကိုကြည့်လိုက်ရာ ဘာမှုအေးဥပါဒ်ဖြစ်သည့်ကို မတွေ့ရ။ သို့ဖြင့် ထိုနေ့ညနေတွင် ကျွန်တော်တို့အားလုံး ထိုသစ်သီးအချို့ကို စားလိုက်ကြသည်။

"ဒါဟာ စားကောင်းတဲ့ရေသဖန်းသီးတွေပဲ၊ ပြီးတော့ မင်းပြောတဲ့ ရောမသစ်ပင်ကြီးတွေဆိုတာ ရေသဖန်းပင်တွေပဲ ဖြစ်ရမယ်ကွ" ကျွန်တော်က ကျွန်တော့်ဇနီးကိုပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)
## အိမ်တစ်လုံးဆောက်ကြခြင်း

ကျွန်တော်တို့နေမည့် အိမ်ကို သစ်ပင်ပေါ်တွင်ဆောက်ရန်မှာ ရက်ပေါင်းအတော်ကြာမည်ကို ကျွန်တော်သိသည်။ ထို့ကြောင့် သစ်ပင်အနီးတွင်နေထိုင်နိုင်ရန် ကျွန်တော်ကအရင်စီစဉ် လိုက်သည်။ ရွက်ဖျဉ်တဲရှိ ကျွန်တော်တို့၏ ပစ္စည်းများထဲမှ ကျွန်တော့်ဇနီးရွေးထားသည့် ပစ္စည်းအတော်များများကို သစ်ပင်ခြေရင်းသို့ ကျွန်တော်တို့သယ်ယူလာကြသည်။ သဘော်သားများအိပ်သည့် ပိုက်ပုခက်များကို ကျွန်တော်ကသစ်ပင်၏ အမြစ်များအကြားတွင် တပ်ဆင်ပေးလိုက်ပြီး ကလေးများနှင့် ကျွန်တော့်ဇနီးအား ထိုအိပ်ယာများပေါ်တွင် မည်သို့အိပ်ရမည်ကို ပြသသည်။ ထို့နောက် ကျွန်တော်က သစ်ပင်အနီးတွင် မီးဖိုချောင်လေးတစ်ခုကို ဆောက်လိုက်ပြီး တိရစ္ဆာန်များနားနေရန်အတွက် သစ်ပင်၏အမြစ်များအပေါ်တွင် တန်းများကိုထိုးကာ တင်းကုပ်များဆောက်လိုက်သည်။ သို့သော် ကျွန်တော်တို့၏ ညရေးညတာလုံခြုံမှုအတွက် ကျွန်တော်စိတ်မအေးနိုင်ချေ။ ကျွန်တော်တို့၏ အနီးပတ်ဝန်းကျင်တွင် တောရိုင်းတိရစ္ဆာန်များရှိနိုင်သည်။ ကျွန်တော်က ကျွန်တော့်မိသားစု



အားလုံးကို အိပ်ယာဝင်ခိုင်းသည်။ ကျွန်တော်ကိုယ်တိုင်မူ ညပေါင်းအတော်ကြာမျှ ညစဉ်မီးပုံနံဘေးတွင် ညလုံးပေါက်ထိုင်စောင့်ရင်း မီးမငြိမ်းရလေအောင် နေမထွက်မချင်း မီးပုံထဲသို့ ထင်းစများထိုးပေးနေခဲ့သည်။ နံနက်မိုးလင်းသည့်အခါမှ ကျွန်တော်စိတ်ချလက်ချ အိပ်ပျော်သွားရာ မွန်းလွဲပိုင်းရောက်သည်အထိ မနိုးတော့ပေ။

နေ့စဉ် ကျွန်တော်တို့ အစာတစ်ခုခုစားပြီးတိုင်း ဖရစ်(ဇ်)နှင့် ကျွန်တော်က သစ်ပင်ပေါ်သို့တက်ကြသည်။ အလုပ်ကခက်ခဲပင်ပန်းမည်မှန်းသိသော်လည်း သစ်ပင်ပေါ်တွင် အိမ်တစ်လုံးတော့ဖြစ်အောင် ဆောက်နိုင်မည်ဟု ကျွန်တော်ယုံကြည်သည်။ သစ်ကိုင်းများမှာ ပင်စည်မှရေပြင်ညီအတိုင်း ဖြာထွက်လျက်ရှိပြီး တစ်ကိုင်းနှင့်တစ်ကိုင်းမှာလည်း နီးနီးကပ်ကပ်တည်ရှိနေကြသည်။ ဤအကိုင်းများအနက်မှ အကိုင်းတစ်စုံမှာ အိမ်၏ကြမ်းပြင်ကိုထမ်းပိုးထား၍ရလောက်သည်။ ဤအကိုင်းနှစ်ကိုင်းကြားတွင် ခံနေသည့်အကိုင်းအခက်မှန်သမျှကို ဖရစ်(ဇ်)နှင့်ကျွန်တော်က လွှဖြင့်ဖြတ်ချပစ်သည်။ ကျန်ရှိနေသည့် မျက်နှာပြင်ညီ အကိုင်းနှစ်ကိုင်းပေါ်တွင် ကျွန်တော်တို့က ပျဉ်ပြားများတင်ကာ ကြမ်းခင်းကြသည်။ ထို့နောက သစ်တိုသစ်စများဖြင့် ကြမ်းပြင်ပတ်ပတ်လည်တွင် အခန်းနံရံအသီးသီးကို ကျွန်တော်တို့ကာရန်လိုက်ကြသည်။ လုပ်စရာတွေကများလွန်းလှသဖြင့် ကျွန်တော်တို့ လေးငါးရက်မျှ အချိန်ယူခဲ့ရသည်။

တစ်ညနေတွင် နေစောင်းကာစ၌ ဖရစ်(ဇ်)နှင့် ကျွန်တော် သစ်ပင်ပေါ်မှဆင်းလာကြသည်။ ကျွန်တော့်ဇနီးက

www.burmeseclassic.com



ကျွန်တော်တို့ထလာပြီး သူမနှင့်အတူ ခေတ္တမျှလမ်းလျှောက် ထွက်ရန်ခေါ်သည်။ ကျွန်တော်တို့က သူမနောက်မှလိုက်သွားရာ ရေတံခွန်အနီးရှိ မြေ ကွက်တစ်ခုသို့ ရောက်သွားသည်။ ဤမြေ ကွက်ပေါ်တွင် သူမက ဂျက်၊ အားနက်(စ်)နှင့်ဖရန့်စစ်တို့၏ အကူ အညီဖြင့် ဟင်းသီး ဟင်းရွက်စိုက်ခင်းလေးတစ်ခု တည်ထောင်ကာ သင်္ဘောပျက်ပေါ်မှ ကျွန်တော်တို့ယူလာသော အပင်မျိုးစေ့များကို စိုက်ပျိုးထားသည်။

"ဒီမှာကြည့်။" သူမကပြောသည်။ "ဒီနေရာကသစ်ရွက် ဆွေးတွေနဲ့ သမနေလို့ မြေပွတယ်။ ကျွန်မတို့ အာလူးနဲ့ တစ်ခြားဟင်းသီး ဟင်းရွက်တွေကိုစိုက်ထားတယ်။ ဟိုဘက်က လွတ်နေတဲ့အကွက်ကို ကြံစိုက်ဖို့ချန်ထားတယ်။ အဲဒီမှာလည်း ကျွန်မ ဟင်းသီးဟင်းရွက် နည်းနည်းပါးပါး စိုက်ထားသေးတယ်၊ တကယ်လို့ ရှင်နဲ့ဖရစ်(ဇ်)နဲ့ သာ ရေတံခွန်ကရေတွေကို ပိုက်နဲ့အလုံအလောက်ရအောင် သွယ်ပေးနိုင်မယ်ဆိုရင်တော့ ကျွန်မတို့အတွက် လိုအပ်တဲ့ဟင်းသီး ဟင်းရွက်တွေအားလုံးကို စိုက်နိုင်မှာပဲ"

သူတို့လုပ်ထားသည့်အလုပ်နှင့် သူတို့ဤမျှအထိ လျှို့ဝှက် ထားပုံကို ကြည့်ပြီး ကျွန်တော်အံ့အားသင့်သွားသည်။

သင်္ဘောပျက်မှ ကျွန်တော်တို့ယူလာခဲ့သည့် သစ်သီးပင် ငယ်များကို ယခုချက်ချင်း အပင်ခွဲထုတ်၍ စိုက်မှဖြစ်တော့မည်ဟု



ကျွန်တော့်ဇနီးက ကျွန်တော့်ကိုပြောသည်။ သူမနှင့်ကလေးများက ၎င်းတို့ကိုတစ်ပင်နှင့်တစ်ပင်ပူးကပ်လျက် စိုက်ထားသဖြင့် အပင် ငယ်များမှာ ကြပ်ညှပ်နေကြသည်။ သို့ဖြင့် နောက်တစ်နေ့၌ ရွက်ဖျဉ်တဲအိမ်မှ သစ်ပင်အိမ်သို့ သွားရာလမ်းကလေးတစ်ဖက် တစ်ချက်တွင် ဤသစ်သီးပင်များကို ကျွန်တော်တို့ ရွှေ့စိုက်ပေး လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

## အိမ်ဆောက်ပြီးစ သူခိုးထ၍ ဝိုင်းဖမ်းရခြင်း

နောက်ရက်အနည်းငယ်အတွင်းတွင် ကျွန်တော်နှင့် ကျွန်တော်သားအကြီးသုံးယောက်တို့က တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးစားလုပ်ကိုင်ကြပြီး အိမ်ကိုလက်စသတ်လိုက်ကြသည်။ ရွက်ဖျဉ်စကြီးကြီးတစ်စကို အိမ်အမိုးပြုလုပ်ရန်အတွက် အပေါ်ဘက်ရှိသစ်ကိုင်းများအပေါ်သို့ ကျွန်တော်တို့လွှားတင်လိုက်သည်။ နောက်တစ်စကို ပင်စည်၏အလယ်တွင် သံဖြင့်ကပ်ရိုက်လိုက်သည်။ ယင်းအစ၏ အနားစွန်းများကို ကြမ်းပြင်အစွန်းရှိ ပျဉ်ချပ်အတိုင်များတွင် သံဖြင့်စွဲထားလိုက်သည်။ သို့ဖြင့် ပင်စည်နှင့် ယင်းရွက်ဖျဉ်စတို့ ပေါင်းမိကာ နံရံတစ်ခုဖြစ်လာသည်။ ကြမ်းပြင်အစွန်းရှိ ပျဉ်ချပ်အတိုင်များက ထိုနေရာဘက်ခြမ်းမှ မည်သူမျှ လိမ့်မကျသွားအောင် ကာဆီးပေးထားသည်။ ပျဉ်ချပ်များနှင့် ရွက်ဖျဉ်အမိုးတို့ကြားမှ တိုးဝင်နေသည့် လေကောင်းလေသန့်ကိုရရှိသဖြင့် ယခုအခါကျွန်တော်တို့ အတွက် သစ်ပင်ပေါ်တွင် အေးမြသည့်အခန်းကျယ်ကြီးတစ်ခန်း ရှိလာသည်။ သစ်ပင်များ၏ အခြေရှိသစ်မြစ်များအကြားတွင် ကျွန်တော်



တို့၏ တိရစ္ဆာန်များနေထိုင်ရန်အတွက် တင်းကုပ်များကို ကျွန်တော်တို့ ဆောက်လုပ်ပေးထားသည်။ ယင်းတင်းကုပ်များ အထဲ၌ပင် သင်္ဘောမှ ကျွန်တော်တို့စုဆောင်းရရှိထားသည့် ပစ္စည်းအများအပြားကိုပါ သိမ်းဆည်းသိုလှောင်ထားသည်။

ဤအချိန်တွင် ကျွန်တော်တို့က ကျွန်တော်တို့၏ဟင်းသီးဟင်းရွက်စိုက်ခင်းအနီးရှိ မြေကွက်လပ်၌ သီးနှံမျိုးစေ့များကို ထွန်ယက်စိုက်ပျိုးရန် ပြင်ဆင်နေကြသည်။ ထိုသီးနှံမျိုးစေ့များကို သင်္ဘောပေါ်မှ ကျွန်တော်တို့တွေ့လာခဲ့သည်ကို စာရှုသူမှတ်မိပါလိမ့်မည်။

တစ်ခုသောနံနက်ခင်းတွင် ကျွန်တော်တို့၏ သစ်ပင်ရိပ်အောက်၌ ကျွန်တော်တို့နံနက်စာစားနေစဉ် ကျွန်တော့်ဇနီးက ကြက်မများမှာလွန်ခဲ့သည့် နှစ်ပတ်သုံးပတ်အတွင်း ဥ မဥကြတော့ကြောင်း ကျွန်တော့်အားပြောပြသည်။ ထိုသို့ပြောရင်းမှ တအောင့်အကြာတွင် ကြက်မများ ကွက်ကွက်ညံအောင် အပြိုင်အော်လိုက်သံကို ကျွန်တော်တို့ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်ရာ ကြက်မများမှာ ဟိုမှသည်မှနေရာအနှံ့ ကြောက်လန့်တကြားပြေးလွှား ခုန်တက် ယောက်ယက်ခတ်လျက်ရှိသည်ကို တွေ့လိုက်ရသည်။

"ဒီအသံတွေကို ကျွန်မတော့ နေ့တိုင်းကြားနေရတယ်" ကျွန်တော့်ဇနီးကပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အားနက်(စ်)က လှမ်းကြည့်လိုက်ရာ ကျွန်တော်တို့၏ မျောက်မှာ သစ်မြစ်များအောက်ရှိ ဂလိုဏ်တစ်ခုထဲသို့ ခုန်ဆင်းဝင်ရောက်သွားသည်ကို တွေ့လိုက်ရသည်။ သူကနောက်မှလိုက်ချောင်းကြည့်ရာ မျောက်၏လက်ခုပ်ထဲတွင် ကြက်ဥတစ်လုံးကို ဆုပ်ထားလျက်သားတွေ့ရသည်။ အားနက်(စ်)နှင့်ဂျက်တို့က မျောက်နောက်ကို အတင်းလိုက်ကြသည်။ မျောက်ကအခြားတွင်းတစ်တွင်းဆီသို့ ခုန်ထွက်ပြေးသွားသည်။ ဤနေရာတွင်လည်း ကြက်ဥအချို့ကို ကလေးများကတွေ့ကြရသည်။ သူတို့ညီအကိုနှစ်ယောက်က ဆက်လိုက်ပြန်ရာ မျောက်သည်တစ်နေရာပြီးတစ်နေရာ ရောက်အောင်ခုန်ပေါက် ထွက်ပြေးပြန်သည်။ ထိုနေရာများတွင်လည်း ကလေးများကကြက်ဥများကို ထပ်တွေ့ကြပြန်သည်။ ဤမျောက်သည် ကြက်ဥများကို သဘောကျသဖြင့် ကြက်မများဥချလိုက်သည်နှင့် ချက်ချင်းကောက်ယူပြေးသွားခြင်းဖြစ်မည်ဟု နောက်ဆုံး၌ ကျွန်တော်တို့ကောက်ချက်ချလိုက်သည်။

ယခုတော့ ကျွန်တော်တို့က သည်မျောက်တောက်ပြားကို နံနက်ပိုင်းတွင် ကြိုးဖြင့်ချည်ထားလိုက်သည်။ ထိုအခါကျမှ ကြက်မများလည်း ကျွန်တော်တို့အတွက် ဥများများပြန်ဥ ပေးလေတော့သည်။

## အခန်း (၁၃)

## သည်မိုးသဲသဲဝယ်

ကျွန်တော်တို့က အိမ်ထဲတွင် အလုပ်ရှုပ်နေကြဆဲဖြစ်သည်။ ထိုအချိန်တွင် မိုးလေဝသအခြေအနေက ပြောင်းလဲသွားသည်။ လေပြင်းစတင်တိုက်ခိုက်လိုက်ပြီးနောက် မိုးကရွာချလိုက်သည်။ မိုးမှာသည်းထန်လှသဖြင့် သစ်ပင်အိမ်တွင် ကျွန်တော်တို့နေ၍မဖြစ်တော့ဘဲ မိုးလွတ်ရာကိုရှာရတော့သည်။ သစ်ပင်များ၏ အမြစ်များအကြားတွင် တိရစ္ဆာန်များနားနေရန်အတွက် ကျွန်တော်တို့ဆောက်လုပ်ပေးထားသော တင်းကုပ်များအတွင်းသို့ ကျွန်တော်တို့အားလုံး ပြောင်းရွှေ့ရလေသည်။ ဤတင်းကုပ်များမှာ ကျဉ်းလည်းကျဉ်းပြီး အလင်းရောင်လည်းလုံးဝမရသဖြင့် ကျွန်တော်တို့ အလွန်စိတ်ဆင်းရဲကြရသည်။ အားကာတစ်ခုခုကိုဖွင့်လိုက်တိုင်း မိုးသီးမိုးပေါက်များက အလုံးအရင်းနှင့် တိုးဝင်လာသည်။ ကျွန်တော်တို့၏ စားရေးသောက်ရေးအတွက် ဟင်းချက်ရန်ဝေးစွ၊ မီးမွှေးရန်ပင်မလွယ်ချေ။ သို့ဖြင့် ကျွန်တော်တို့သည် သင်္ဘောပျက်မှ ကျွန်တော်တို့ ယူလာခဲ့သည့် ရိက္ခာခြောက်များကိုသာ အားကိုး၍ အသက်ဆက် နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ တိရစ္ဆာန်များအတွက် အစာရှာရသည်မှာ ခက်ခဲလှသည်။ ထို့ထက်ကျွန်တော်တို့၏ ကလေးများအား ဤတင်းကုပ်များထဲတွင် အလုပ်နှင့်လက်မပြတ်စေပဲ စိတ်ရွှင်လန်းနေစေရန်မှာ သာ၍ပင်ခက်ခဲလှသည်။ သို့ရာတွင် ဤသို့သောအခြေအနေမျိုး၌ပင် ကျွန်တော်တို့ဘာသာ အလုပ်တစ်ခုခုရှာဖွေလုပ်ကိုင်တတ်ရမည်ကို မိုးမကုန်မီ ကျွန်တော်တို့သဘောပေါက်လာကြသည်။ ကျွန်တော့်ဇနီးအဖို့ရာတွင် ခါတိုင်းနီးတူလုပ်စရာအလုပ်တွေ တပုံတပင်ကြီးရှိနေသည်။ အားနက်(စ်)နှင့်ကျွန်တော်က ကျွန်တော်တို့၏သဘာဝသရုပ်ဖော် ဤဝတ္ထုကိုရေးကြသည်။ ဖရစ်(ဇ်)နှင့်ဂျက်တို့က သရုပ်ဖော်စာသားများကိုရေးသား ကြပြီး ကျွန်းပေါ်ရှိတိရစ္ဆာန်များ၏ပုံများကို ရေးဆွဲကြသည်။ ကျွန်တော်တို့ တစ်ယောက်စီက သားထွေးလေး ဖရန်စစ်အား အလှည့်ကျ အရေးအဖတ်သင်ပေးကြသည်။ သို့ရာတွင် သည်မိုးကလနှင့်ချီ၍ ကြာဦးမည့် လက္ခဏာရှိသည်။

ရက်သတ္တပတ်ပေါင်းများစွာ ကြာပြီးနောက် ကောင်းကင်ပြင် တစ်ခုလုံး ကြည်လင်သွားသည်။ မိုးကစဲသွားပြီး နေဝန်းက ထွက်ပြူလာသည်။ ကျွန်တော်တို့၏ ရိုးစင်းလှသည့် ဘဝလေးထဲတွင် နေ့စဉ်နှင့်အမျှ ဆောင်ရွက်နေကျ အလုပ်နှင့်ရရှိနေကျ စိတ်ချမ်းသာမှုကို ကျွန်တော်တို့အားလုံး မျှော်လင့်တောင့်တမိသည်။ သစ်ပင်အိမ်ကို သန့်ရှင်းခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းတို့ဖြင့် ကျွန်တော်တို့က လုပ်ငန်းစလိုက်သည်။ ထို့နောက်သစ်ပင်အိမ်အနီးရှိ အမိုးအကာများကိုလည်း သန့်ရှင်းသပ်ယပ်အောင်ပြုပြင်လိုက်သည်။ သစ်ပင်အိမ်ခန်းသို့ တက်သည့် သစ်သားလှေကားကိုလည်း ကျွန်တော်တို့ တည်ဆောက်လိုက်သည်။



ဤကိစ္စကို ဆောင်ရွက်ပြီးသွားသောအခါ ရွက်ဖျဉ်တဲအိမ်ကို ကျွန်တော်တို့ သွားကြည့်ကြသည်။ ဤနေရာ၌ အပျက်အစီးမှာသာ၍ပင် ကြီးမားပေသေးသည်။ ရွက်ဖျဉ်စအားလုံးလိုလိုမှာ လေထဲ လွင့်ပါသွားခဲ့ရာ ကျွန်တော်တို့အဖို့ ရွက်ဖျဉ်တဲနေရာတွင် ဖျဉ်ထောင်အိမ်တစ်လုံး ဆောက်လုပ်ရလေတော့သည်။ ကျွန်တော်တို့၏ ဟင်းသီးဟင်းရွက်များနှင့် ကောက်ပဲသီးနှံ များကိုလည်း ကျွန်တော်တို့ ဂရုတစိုက် ပြုစုပျိုးထောင်ခဲ့ရသည်။ သည်နှစ်တော့ ကျွန်တော်တို့ လိုအပ်သည့် ဟင်းသီးဟင်းရွက်များနှင့်သကြားကို ကျွန်တော်တို့၏ အိမ်နောက်ဖေးစိုက်ခင်းမှ အပြည့်အဝရရှိတော့မည်ဖြစ်သည်။ ဤဟင်းသီးဟင်းရွက်များက ကျွန်တော်တို့နေ့စဉ် နံနက်၊ နေ့လယ်နှင့် ညစာများကိုစားရာ၌ ပို၍ခံတွင်းတွေ့စေသည်။

မိုးတွင်း၌ ကျွန်တော်တို့စိတ်ချလက်ချ နေထိုင်နိုင်မည့်အိမ်တစ်လုံးကို ကျွန်တော်ကရှာလိုသည်။ ကျောက်တုံးကြီးများအကြားတွင် ဂူတစ်ခုခုတွေ့လိုတွေ့ငြား ကျွန်တော်တို့ရှာပုံတော်စဖွင့်ကြသည်။ သို့သော် ကျွန်တော်တို့အတွက် အဆင်ပြေမည့်နေရာကို ရှာမရခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကမ်းခြေအနီးရှိ ကျောက်ဆောင်ကျောက်တုံးများ အကြားတွင် ဂူတစ်ခုကို ကျွန်တော်တို့ရှာဖွေနေသည့် ကာလအတွင်း ကျွန်တော်တို့သည် ယခင်ကထက် ပိုကြီးပြီး ပိုသက်တောင့်သက်သာနေနိုင်သည့် ရွက်ဖျင်တဲအိမ်တွင် နေထိုင်ကြသည်။

တစ်နေ့တွင် ဖရစ်(ဇ်)နှင့်ကျွန်တော် ပင်လယ်ပြင်တွင်ရှိနေစဉ် ပင်လယ်လိပ်ကြီးတစ်ကောင်ကို ကျွန်တော်တို့တွေ့လိုက်ရသည်။ ကျွန်တော်က လှေကိုလိပ်ကြီးဆီသို့ဦးတည်လှော်ခတ်လိုက်သည်။ လှေကရုတ်တရက် တစ်တောင်ဆစ်ချိုး လည်ထွက်သွားသည်။

"မင်းဘာလုပ်တာလဲကွ ဖရစ်(ဇ်)" ကျွန်တော်က လှမ်းအော်ပစ်လိုက်သည်။ "ကျွန်တော်သူ့ကိုမိထားပြီအဖေ ဒီလိပ်ဟာ ကျွန်တော်တို့အတွက် ဟင်းလျာပဲ။ ကျွန်တော်တို့အဖို့ ရက်အတော်ကြာအောင် စားလောက်တယ်အဖေရ" ကောင်လေးက အော်ပြောလိုက်သည်။

ကြိုးတပ်ထားသည့် လှံတစ်ချောင်းကို လိပ်ကြီး၏ ခန္ဓာကိုယ် ထဲသို့ ဖရစ်(ဇ်)ကထိုးစိုက်လိုက်သည်ကို ကျွန်တော်မြင်လိုက်ရသည်။ ကျွန်တော်က ကြိုးကိုဖြတ်ပစ်ချင်သည်။ သို့သော် ဖရစ်(ဇ်)က လှေကိုကမ်းဘက်သို့ လှော်သွားပေးရန် ကျွန်တော့်ကို တောင်းပန်သည်။ လိပ်ကြီးက ပင်လယ်ထဲသို့ အတင်းရုန်းကန်ဆွဲနေသည်။ သို့သော်ကျွန်တော်က ရွက်ဖွင့်လိုက်သဖြင့် ကျွန်တော်တို့၏လှေမှာ လေကြောင်းသင့်ရာ ကမ်းဘက်သို့ ဦးတည်ရွေ့ရှားနေသည်။ သို့ဖြင့် လိပ်ကြီးမှာလည်း ကျွန်တော်တို့၏ လှေခေါ်



ဆောင်ရာနောက်သို့ လိုက်ပါလာရလေသည်။ ကျွန်တော်တို့ ကုန်းပေါ် ပြန်ရောက်၍ ကြည့်လိုက်သောအခါ လိပ်ကြီးမှာ ရထားသည့် ဒဏ်ရာကြောင့် သေလုမျောပါးဖြစ်နေသဖြင့် သတ်ပစ်လိုက်ရသည်။ ကျွန်တော်က လိပ်ကြီး၏ အပေါ်ခွံနှင့်အောက်ခွံတို့ကို ခွာထုတ်လိုက်ပြီး အသားအချို့ကို ကျွန်တော်တို့အတွက် ဟင်းချက်ပေးရန်နှင့် တချို့တစ်ဝက်ကို ခွေးနှစ်ကောင်အားကျွေးရန် ကျွန်တော့်ဇနီးကို ပေးလိုက်သည်။

"ဟာ–အဖေ၊ အဲဒီအခွံတွေကို ကျွန်တော့် ပေးပါ" ဖရန့်စစ်က အတင်းတောင်းသည်။

"သူ့မပေးနဲ့အဖေ၊ ကျွန်တော်တို့ကိုပဲပေး" ကျန်ကလေးများက ဝိုင်းတောင်းကြသည်။

"ကိုင်း–ငါ အခု မင်းတို့ကို တလှည့်စီမေးမယ်။ ဒီအခွံတွေကို မင်းတို့ဘာလုပ်ကြမှာတုန်း" ကျွန်တော်ကမေးလိုက်သည်။

"ကျွန်တော်ကတော့ အဲဒီအခွံတစ်ခုကို တကယ်လို့ လူရိုင်းတွေလာပြီး တိုက်ခိုက်ရင် ကျွန်တော့်ကိုယ်ကျွန်တော် ကာကွယ်ဖို့ ဒိုင်းအဖြစ်နဲ့သုံးမယ်" အားနက်(စ်)ကဖြေသည်။

"ကျွန်တော်ကတော့ အဲဒီအခွံတွေကို လှေကလေးတွေ ကျကျနနလုပ်ပြီး ကျွန်တော်တို့အားလုံး လှေလွှတ်တမ်းကစားကြမယ်"ဂျက်ကဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖရန့်စစ်က "ကျွန်တော်ဆောက်ထားတဲ့ အိမ်ကလေးမှာ အခွဲတစ်ခုကို အမိုးလုပ်လို့ကောင်းကောင်းရတယ် အဖေရ" ဟုဖြေသည်။

ထိုအခါ ဖရစ်(ဇ်)ကပြောသည်။ "ကျွန်တော်စဉ်းစားမိတယ် အဖေ။ အဲဒီအခွဲကို သန့်သွားအောင်ရေစင်စင်ဆေးပြီးတော့ မြစ်ကမ်းဘေးမှာ ပက်လက်လှန်ချထားမယ်လို့။ ပြီးတော့ အမေသုံးလို့ရအောင် ရေသန့်သန့်ကို အဲဒီအထဲဖြည့်ပေးထားမယ် အဖေ"

"သိပ်ကောင်းတာပေါ့ငါ့သားရ" ကျွန်တော်က အားပါးတရချီးကျူးလိုက်သည်။ "အဲဒီတော့ ဒီအခွဲကို မင်းပဲယူလိုက်တော့။ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့စိတ်ကူးက တို့အားလုံးအကျိုးရှိမယ့် စိတ်ကူးဖြစ်နေလို့ပဲကွ"

သည်နောက်ပိုင်းတွင် ဤလိပ်ကြီးများသည် ဤကမ်းခြေသို့ မကြာခဏ တက်လာတတ်ကြကာ ဥများချလေ့ရှိကြောင်း ကျွန်တော်တို့သိလာရသည်။ ဤလိပ်ဥများမှာ ကျွန်တော်တို့အတွက် ကြီးစွာသော ရိက္ခာထောက်ပံ့မှုတစ်ရပ်ပင်ဖြစ်ပြီး ရံဖန်ရံခါ လိပ်ကြီးတစ်ကောင်တစ်လေကို ကျွန်တော်တို့ဖမ်းဆီးသတ်ဖြတ်၍ ၎င်း၏အသားကို ဟင်းလျာအဖြစ်စားကြလေသည်။

## အခန်း (၁၄)
## ဂျက်၏ သေရွာပြန်အတွေ့အကြုံနှင့် ကျွန်တော်တို့၏ တတိယမြောက် မိုးရာသီ

တတိယမြောက်မိုးရာသီ မရောက်မီလေးတွင် ဂျက်အဖို့ သေတွင်းထဲ ကျလုဆဲဆဲ အခြေအနေတစ်ရပ်နှင့် ကြုံတွေ့ခဲ့ရသည်။ သူက သစ်ပင်အိမ်၏ ပတ်ဝန်းကျင်နယ်မြေကို စူးစမ်းရှာဖွေလိုသည်။ ဤအနီးတဝိုက်တွင် မည်သည့်သားရဲတိရစ္ဆာန်ကိုမျှ ကျွန်တော်မမြင်ဖူးသဖြင့် သူ့ကိုသွားခွင့်ပေးလိုက်သည်။ သို့သော် ဖလိုရာကို အဖော်အဖြစ်ခေါ်သွားရန်ကိုတော့ သူ့ကို ကျွန်တော်မှာလိုက်သည်။

ဂျက်ပြန်ရောက်လာသည်ကို သူ့အစ်ကိုများက တွေ့လိုက်ရသည်။ သူထွက်သွားသည်မှာ သိပ်မကြာလိုက်ပေ။ သူ့တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး ရွှံ့အလူးလူးဖြစ်နေပြီး ကိုင်းပင်ငယ်တစ်စည်းကို လက်မှဆွဲလာသည်။ ဖလိုရာ့ တစ်ကိုယ်လုံးမှာလည်း ညစ်ပတ်ပေ ရေနေသည်။ သူ့အစ်ကိုများက သူ့ကိုကြည့်ပြီး ဝိုင်းရယ်ကြသည်။ သို့သော် သူက ခပ်တည်တည်ဖြင့်ပြောလိုက်သည်။ "အေး-မင်းတို့ အားရအောင် ရယ်ထားကြပေါ့ကွာ။ ဒါပေမယ့် မင်းတို့သာ ငါ့နေရာမှာဆိုရင်တော့ မင်းတို့ ခုလိုရယ်နိုင်မှာ မဟုတ်ဘူးကွ။"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်ရောက်ပြီး ဘာတွေလုပ်ခဲ့လို့လဲကွ။" ကျွန်တော်ကမေးသည်။

ကောင်လေးက ကျွန်တော့်ဘက်ကို လှည့်ပြီးပြောသည်။ "ဒီမှာ မကြာခင် မိုးရာသီရောက်တော့မယ်လို့ အဖေ မနေ့က ပြောခဲ့တယ် မဟုတ်လား။ ကျွန်တော်လည်း ရက်ကနေ လကျွေးအောင် တချိန်လုံး စာရေးလိုက် ပုံဆွဲလိုက် လုပ်နေရမှာကို ငြီးငွေ့လာပြီ အဖေရာ။ အဲဒီလိုသွားရင်းနဲ့ ရွှံ့ညွန်အိုင်အနားမှာ ပေါက်နေတဲ့ ကိုင်းပင်တစ်ချို့ကို ကျွန်တော်တွေ့လိုက်ရတော့ အဲဒါတွေနဲ့ ခြင်းတောင်းယက်ရင်ရမှာပဲလို့ ကျွန်တော်စိတ်ကူးရလာတယ် အဖေရ။"

"အဲဒါ သိပ်ကောင်းတဲ့အကြံပဲကွ။" ကျွန်တော်က ထောက်ခံလိုက်သည်။ "အဲဒီမှာ–" ဂျက်ကဆက်ပြောသည်။ "ရွှံ့ညွန်အိုင်အစပ်က ကိုင်းပင်တွေက အရမ်းသန်တာနဲ့ ကျွန်တော်က နှုတ်မယ်ဆိုပြီး ရေလည်းနည်းနည်းတိုးသွားရော ဖြုန်းဆို မြက်ပင်တွေကြားကနေ ကျွန်တော်ခြေချော်ပြီး ရေအိုင်ထဲ လျှောကျသွားလိုက်တာ အဲဒီ ရွှံ့ညွန်မည်းမည်းကြီးတွေထဲမှာ ကျွန်တော်ရင်ခေါင်းအထိ မြုပ်သွားပါလေရော။ ကျွန်တော် ဘယ်လိုမှ ရုန်းထွက်လို့မရတာနဲ့ ငယ်သံပါအောင် အော်လိုက်မိတယ်။ ကျွန်တော့်အော်သံကို ဖလိုရာဘဲကြားတယ်။ ကျွန်တော် အိပ်ကပ်ထဲက ဓားကို ကျွန်တော်ဆွဲထုတ်လိုက်ပြီးတော့



ကျွန်တော့်နားက ကိုင်းပင်တွေကို အထွေးလိုက်ကြီး လှီးဖြတ်လိုက်တယ်။ ပြီးတော့အဲဒီကိုင်းပင်တွေကို ကျွန်တော့်လက်မောင်းနှစ်ဘက်အောက်မှာ ဆွဲသွင်းထားလိုက် တယ်။နောက်တော့ ကျွန်တော် အားကုန်ညှစ်ထုတ်ပြီးတော့အဲဒီ ကိုင်းပင် အပုံကြီးတွေပေါ် တက်ခိုပြီး ကျွန်တော့်ကိုယ်ကို ဆွဲတင် လိုက်တယ်။ အဲဒီမှာ ဖလိုရာရဲ့အမြီးကို ဖမ်းဆွဲမိတယ်။ဖလိုရာက အတင်းရုန်းကန်ပြီး ကျွန်တော့်ကို ဆွဲတင်ပေးတယ်။ အတော်ကြီး ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကြိုးစားပြီးတော့မှ ကျွန်တော်လည်း ရွှံ့ညွန်အိုင်ထဲက ရုန်းထွက်လို့ရသွားတယ်"

ဂျက်၏ ဖြစ်ကြောင်းကုန်စင်ကို ကြားလိုက်ရသည့် ကျွန်တော့်ဇနီးခမျာ မျက်ရည်သွယ်သွယ် ကျလာလေတော့သည်။ ကျွန်တော်က ဂျက်နှင့် ကျွန်တော့်ဇနီးကို နှစ်သိမ့်လိုက်ပြီးနောက် ကိုယ့်သဘောနှင့်ကိုယ် အပြင်ထွက်၍ စူးစမ်းလေ့လာခြင်း၏ အန္တရာယ်ကို အားလုံးကို သတိပေးလိုက်သည်။

ယခုနှစ် မိုးရာသီအတွင်း ကျွန်တော်တို့အတွက် အလုပ်ရှိနေအောင် ပစ္စည်းအသစ်တစ်မျိုးကို ဂျက်ကရှာလာပေးသဖြင့် တော်တော်အဆင်ပြေသွားသည်။ သည်တစ်မိုးက ကျွန်တော်တို့ ကြုံဖူးသမျှအနက် အသည်းထန်ဆုံးဖြစ်သည်။ နေ့ဥ တစ်နေ့ကုန်ရွာသည်။ မိုးကုန်ခါနီးတွင်တော့ ကျွန်တော်တို့အားလုံး ပင်ပန်းနွမ်းနယ် ကာ နေထိုင်မကောင်း ဖြစ်ကုန်သည်။ တိရစ္ဆာန်

www.burmeseclassic.com



များမှာလည်း ထို နည်းနှင်နှင် ခံစားကြရသည်။ သည်အခါ၌ နှစ်စဉ်သည်လို ဆိုးရွား ပြင်းထန်သည့် မိုးရာသီဒဏ်ကိုခံနိုင်သည့် အိမ်တစ်လုံးကို ကျွန်တော်တို့ ထပ်ရှာမှဖြစ်တော့မည်ဟု ကျွန်တော် ယတိပြတ် ဆုံး ဖြတ်လိုက်သည်။ သို့ဖြင့် ကျွန်တော်က ရေတံခွန်အနီးရှိ ကျောက်တုံး ကျောက်ဆောင်များအကြားတွင် ဂူတစ်ဂူ တွေ့လိုတွေ့ငြား ရှာကြည့်သည်။ သို့သော် ဘာမျှမတွေ့ရ။ ထို့ကြောင့် ဂူတစ်ခု ဖောက်လုပ်မည့် လုပ်ငန်းကြီးတစ်ခုကို စတင်အကောင်အထည်ဖော်ရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။

တစ်နေ့တွင် ကျွန်တော်က ဖရစ်(ဇ်)နှင့်ဂျက်တို့ကိုခေါ်ပြီး ခရီးထွက်သွားသည်။ အားနက်နှင့် ဖရန်စစ်တို့ကိုတော့ သူတို့အမေကိုဝိုင်းကူရန် ထားရစ်ခဲ့သည်။

ရဲဒင်းများနှင့်တူများကို ကျွန်တော်တို့ ယူဆောင်သွားသည်။ ရေတံခွန်နှင့်မနီးလွန်းသည့် ကျောက်တုံးတစ်တုံးကို ကျွန်တော်က ရွေးလိုက်သည်။ ဤကျောက်တုံးပေါ်မှနေ၍ ပင်လယ်ပြင်ကို ကျွန်တော်တို့မြင်ရသည်။ ကျောက်တုံးမှာ မိုးလာရာဘက်ကို ကျောပေးထားသည်။ ကျွန်တော်က သည်နေရာတွင် ဝင်ပေါက်တစ်ခု ဖောက်လုပ်ရန် လျာထားလျက် အမှတ်အသားပြုလုပ်ထားခဲ့သည်။

## အခန်း (၁၅)
## သဲနုကျောက်သားဂေဟာ

ဤလုပ်ငန်းကြီးကို ကျွန်တော်တို့နေ့စဉ်ရက်ဆက်လုပ်ကိုင်ကြသည်။ အစပိုင်းတွင် ကျွန်တော်တို့အလုပ်က လုံးဝ ခရီးမတွင်သလို ဖြစ်နေသည်။ နောက်ရက်အနည်းငယ်အကြာတွင်တော့ စောစောကထက်ပိုနုသည့် ကျောက်သားလွှာသို့ ရောက်လာရာ ကျွန်တော်တို့ လုပ်ငန်းက ပိုသွက်လာသည်။

ကျောက်သားထုတစ်ပေခန့်ကို ကျွန်တော်တို့ခုတ်ဖဲ့ပြီးသည့်အခါ ၎င်းကို ကျွန်တော်တို့၏ ဂေါ်ပြားများဖြင့် ထိုးဆွချေမွ၍ရမှန်းသိလာရသည်။ ဤအချိန်၌ ကျွန်တော်နှင့် ကျွန်တော့်သားအကြီးသုံးယောက်တို့မှာ သည်အလုပ်ကို မနားတမ်းလုပ်ကိုင်နေကြရသည်။ ကျွန်တော်တို့က သည်အလုပ်ကို ယခုကဲ့သို့ ခွဲဝေလုပ်ကိုင်ကြသည်။ ဖရစ်(ဇ်)က ကျောက်ခဲအကျိုးအပဲ့များကို ရှင်းပေးရသည်။ ဂျက်၊ အားနက်(စ်)နှင့် ကျွန်တော်က ကျောက်သားနံရံကို ခုတ်ဖဲ့ပစ်ရသည်။ ကျွန်တော့်ဇနီးနှင့် ဖရန်စစ်က ကျွန်တော်တို့အတွက် စားစရာလာပို့ပေးရပြီး တိရစ္ဆာန်များ၊ စိုက်ခင်းနှင့် သီးနှံပင်များကို ကြည့်ရှုရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကျွန်တော်တို့အားလုံး အလုပ်ရှုပ်နေခိုက် ဂျက်က ရုတ်တရက် ထအော်လိုက်သည်။ "ငါ ဒါကိုဖောက်လို့ရပြီကွ၊ ငါ ဒါကို ဖောက်လို့ရပြီ"

သူက ဤစကားလုံးများကို ထပ်တလဲလဲ အော်နေသဖြင့် ကျွန်တော်က ပြန်အော်မေးလိုက်သည်။ "မင်းက ဘာကိုဖောက်လို့ရတာလဲကွ"

"တောင်ကိုပေါ့အဖေရ" သူက အားရဝမ်းသာ ပြန်ဖြေသည်။

ဖရစ်(ဇ်)နှင့်ကျွန်တော် သူ့ထံပြေးသွားကြသည်။ ဂျက်က သူ အလုပ်လုပ်နေသည့်နေရာရှိ ခပ်ပွပွကျောက်သားပြင်ထဲသို့ သံတုတ်တစ်ချောင်းကို တန်းတန်းမတ်မတ်ထိုးသွင်းလိုက်သည်။ သံတုတ်ကို ပတ်ချာလည်အောင် လှည့်ကစားရသည်ကို ကျွန်တော်တို့ တွေ့ရသည်။ ကျွန်တော်တို့က အားစိုက်၍ အပေါက်ကိုချဲ့ကြည့်ရာ အခက်အခဲမရှိကြောင်း တွေ့ရသည်။ နောက်ဆုံးတွင် အတွင်းဘက်ကို ဒိုးယိုပေါက်မြင်နိုင်သော အပေါက်ကြီးတစ်ပေါက် ပေါ်လာလေသည်။ "ဒါ ဂူတစ်ခု ဖြစ်ရမယ်ကွ" ကျွန်တော်က ပြောသည်။

ကျွန်တော်က ဖရစ်(ဇ်)ကို သစ်ပင်အိမ်သို့ ပြန်လွှတ်လိုက်သည်။ သူ့အမေနှင့်ဖရန်စစ်ကိုခေါ်လာခိုင်းပြီး ဖယောင်းတိုင်တချို့ ပါယူလာခိုင်းလိုက်သည်။ သူအိမ်ပြန်သွားခိုက် ဂျက်နှင့်ကျွန်တော်က ဂူထဲသို့ဝင်သည့်အပေါက်ကို အကြီးကြီးဖြစ်အောင်ချဲ့သည်။ သူတို့ သားအမိတစ်တွေ ပြန်ရောက်မလာမီပင် ကျွန်တော်တို့က အောင်



မြင်စွာ ဆောင်ရွက်ပြီးသွားသည်။ ကျွန်တော်တို့ မိသားစု အချင်းချင်း ပြောဆိုတိုင်ပင်ကြပြီးနောက် ဖယောင်းတိုင်များထွန်း၍ ဂူထဲသို့ ဝင်ရှာကြည့်ရန် ကျွန်တော်တို့ ဆုံးဖြတ်လိုက်သည်။

ကျွန်တော်က ရှေ့မှဦးဆောင်ပြီး ဂူထဲသို့ဝင်လိုက်သည်။ မီးညှိထားသည့်ဖယောင်းတိုင်တစ်တိုင်ကို ကျွန်တော့်ဦးခေါင်းအထက်နားတွင် မြှောက်၍ ကိုင်ထားသည်။ ကျွန်တော့်သားများက ဖယောင်းတိုင်များနှင့် မီးခတ်ကျောက်တုံးများကို ကိုယ်စီကိုယ်ငှ ကိုင်ဆောင်ထားကြသည်။ သို့သော် သူတို့၏ဖယောင်းတိုင်များကိုတော့ မီးထွန်းမထားကြချေ။ လေတိုက်သဖြင့် ကျွန်တော့်လက်မှ ဖယောင်းတိုင် မီးငြိမ်းသွားပါက အသင့်သုံးနိုင်ရန် သူတို့က ဆောင်ထားသည်။ ကျွန်တော့်ဇနီးနှင့်ဖရန်စစ်တို့က နောက်ဆုံးမှ လိုက်လာကြသည်။

ကျွန်တော် ဖယောင်းတိုင်မီးညှိပြီး ခြေကိုဖွဖွလေးနင်းကာ ဂူအတွင်းသို့ အပေါက်မှဖြတ်ဝင်ကာစက နည်းနည်းတော့ လန့်နေမိသည်။ သို့သော် ဂူထဲရောက်လျှင်ရောက်ချင်း ကျွန်တော့်ကြောက်စိတ်များ လွင့်ပျောက်ကုန်ကာ ကျွန်တော့်ရင်ဝယ် ဝမ်းမြောက်ပျော်ရွှင်မှုနှင့် ကြည်နူးချမ်းမြေ့မှုတို့ကို ခံစားလိုက်ရသည်။ ဂူက အလွန်လှပ တင့်တယ်သည်။ ကလေးများက သူတို့၏ ဖယောင်းတိုင်များကို ထွန်းညှိ လိုက်ကြသည်။ သည်ဂူကြီးကို ကျွန်တော်တို့ ရပ်ကြည့်နေမိသည်။ ဖယောင်းတိုင်များ၏ အလင်းရောင်ကြောင့် ကျောက်တုံးများမှာ အရောင်တဖျက်လက် တောက်ပလာကြသည်။ ဤကျောက်တုံးများမှာ ရှိရှိသမျှ အရောင်

www.burmeseclassic.com



မျိုးစုံလင်လှသည်ကို ဖော်ပြနေသည်။ ကျောက်စက်တွဲများက ဂူအမိုးမှတွဲလောင်းကျလျက်ရှိကြပြီး အရောင်အသွေးကျသည့် ကျောက်စက်တိုင်များက ဂူအောက်ခြေမှ အမိုးဆီသို့ ထိုးတက်လျက်ရှိကြသည်။ ဤနေရာက အံ့သြစရာတော့ ကောင်းသည်။ ဤဂူ၏ အောက်ခြေမှာ ခြောက်သွေ့သည့် သဲနုအမှုန်များဖြင့် ဖုံးအုပ်နေသည်။

မိနစ်အနည်းငယ်ခန့် နှုတ်ဆိတ်နေကြပြီးနောက် ကျွန်တော်တို့၏စကားဝိုင်း ပြန်စကြသည်။ သည်လိုဂူတစ်ခုအဘယ်ကဲ့သို့ဖြစ်ပေါ်လာရသည်ကို ကျွန်တော်တို့မိသားစုဝင်တိုင်းက တွေးတောစောကြောနေမိသည်။ သည့်နောက်တော့ ဤဂူမှာ ကျွန်တော်တို့အတွက် နေချင်စဖွယ်အကောင်းဆုံး အိမ်တစ်လုံးဖြစ်သည်ဟု အားလုံးက လက်ခံလိုက်ကြသည်။

ကျောက်စက်တိုင်များမှာ ဂူအမိုးမှ စိမ့်ကျလာသော ရေစက်များကြောင့် ဖြစ်ပေါ်လာရသည်ဟု ကျွန်တော်က ကျွန်တော့်မိသားစုကို ရှင်းပြသည်။ ဤရေစက်များက ဂူအမိုးမှ စိမ့်ထွက်လာရင်းကျောက်သားထဲရှိ သဲနုမှုန်များကိုတိုက်စားလိုက်ပြီး ၎င်းတို့အထဲတွင် ပျော်ဝင်သွားစေသည်။ ထို့နောက် အရည်ပျော်သွားသည့် သဲနုမှုန်များကို ဂူအောက်ခြေတွင် တင်ကျန်ရစ်စေသည်။ သို့ဖြင့် နှစ်ပေါင်းထောင်ချီ၍ကြာမြင့်လာသည့်အခါဂူအောက်ခြေတွင်သဲနုမှုန်များ စုပုံလာကြသည်။ ယင်းသို့သဲနုမှုန်များ တဖြည်းဖြည်း ဖွဲ့စည်းမိကြရာမှ ကျွန်တော်တို့ရှေ့တွင် မြင်နေရသည့် ဤကျောက်စက်တိုင်ကြီးများအဖြစ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

## အခန်း (၁၆)

## သဲနုကျောက်သားဂေဟာဝန်းကျင်မှ ဝေလငါးကြီး

ကြီးမားထည်ဝါလှသည့် ဤဂူကြီးအတွင်း တစ်ရက်နှစ်ရက်မျှ အချိန်ယူရှာဖွေလေ့လာကြပြီးနောက် ကျွန်တော်တို့အတွက် အိမ်အသစ်တစ်လုံးတည်ဆောက်ရန် အစီအစဉ်ဆွဲကြသည်။ ဤဂူမှ ကျွန်တော်တို့အတွက် မိုးတွင်း၌ စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်မည့် နေရာတစ်ခု ဖြစ်သည်။ ကျွန်တော်တို့သည် ဂူကို ပင်မ အခြမ်းနှစ်ခြမ်းခွဲလိုက်သည်။ ညာဘက်အခြမ်းတွင် မီးဖိုခန်း၊ ပစ္စည်းသိုလှောင်ခန်းနှင့် တိရစ္ဆာန်များအတွက် တင်းကုပ်များပါရှိသည်။ မီးဖိုမှမီးခိုးများ ဂူအပြင်သို့ ထွက်သွားစေရန် မီးဖိုခန်းအထက်ရှိ ဂူအမိုးတွင် ကျွန်တော်က အပေါက်တစ်ပေါက်ကို ဖောက်လိုက်သည်။ ဘယ်ဘက် အခြမ်းတွင် မိသားစုနားနေခန်းတစ်ခန်းနှင့် ကျွန်တော်တို့ ဇနီး မောင်နှံနှင့် ကလေးလေးယောက်အတွက် တစ်ယောက်လျှင် တစ်ခန်းကျဖြင့် အိပ်ခန်းများ ဖွဲ့ထားသည်။

ဤသို့သော အစီအစဉ်တစ်ရပ်ကို နေ့ချင်းပြီး မဆောင်ရွက်နိုင်ပေ။ သို့ဖြင့် သဲနုကျောက်သားဂေဟာကို တဖြည်းဖြည်းချင်းသာ တည်ဆောက်ခဲ့ရသည်။ ကျွန်တော်တို့ ဖောက်လုပ်ခဲ့သည့် ဂူဝင်ပေါက်ကို မြေပြန့်ဖို့ပြီး သဘော်မှရထားသည့်တံခါးတစ်ပေါက်ကို တပ်ဆင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ကျွန်တော်တို့အတွက်ရေကို အမြဲမပြတ်ရရှိစေရန် အလို့ငှာ ဤအိမ်နှင့်နီးနီးနားနားတစ်နေရာတွင် ရေတွင်းတစ်တွင်းကိုပါ ကျွန်တော်က တူးလိုက်သည်။

နောက်တစ်နှစ် မိုးဦးကျလာသည့်တိုင်အောင် အိမ်က မပြီးသေးပေ။ သို့ရာတွင် အိမ်ထဲတွင် ကျွန်တော်တို့နေ၍ကား ဖြစ်သည်။ ဤမိုးရာသီတွင်တော့ ကျွန်တော်တို့က ယခင်အခါများကထက် ပို၍ စိတ်ရွှင်လန်းနေကြသည်။ ကျွန်တော်တို့အားလုံး အချိန်ပြည့် ခြောက်ခြောက်သွေ့သွေ့နေရသည်။ ကျွန်တော့်ဇနီးက သူမ၏ အလုပ်ကို စိတ်အေး လက်အေး လုပ်သည်။ ကလေးများနှင့် ကျွန်တော်က အခန်းအသီးသီးတွင်ထားမည့် အသုံးအဆောင်များနှင့် စားပွဲများကို ပြုလုပ်ကြသည်။ အပြင်ဘက်တွင် မုန်တိုင်းက မိုးလုံးညံအောင် အော်သံပေး၍ မွှေ့ယမ်းတိုက်ခတ် နေချိန်၌ ကျွန်တော်တို့ က ကျောက်စက်တိုင်များအကြားတွင် ဆင်ထားသည့် ပိုက်ပုခက် များပေါ်တွင် ညစဉ်ညတိုင်းစိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် အိပ်နေကြမြဲ ဖြစ်သည်။

နောက်ပိုင်းနှစ်များ၌ ကျွန်တော်တို့သည် အိမ်သုံးအိမ်တွင် ရာသီအလိုက် တစ်လှည့်စီ နေထိုင်ကြသည်။ မိုးရာသီ၌ သဲနုကျောက်သားဂေဟာတွင် နေကြသည်။ မိုးကုန်၍ အအေးဓာတ်ဝင်လာသည့် အခါ၌ ရွက်ဖျင်တဲအိမ်တွင် ပြောင်းနေကြသည်။ ဤအိမ်ကို ကျွန်တော်တို့ တစ်ဆင့်ပြီးတစ်ဆင့် ပြင်ဆင်မွမ်းမံသွားသည်။



အိမ်မှာမည်ကတော့ အရင်အတိုင်းပင်။ သို့သော် မကြာမီသည်အိမ်က ရွက်ဖျင်တဲတစ်လုံးထက် ရိုးရိုးအိမ်တစ်လုံးနှင့် ပို၍တူလာသည်။ နွေရာသီ ရောက်လာသည့်အခါ ကျွန်တော်တို့အားလုံး သစ်ပင်အိမ်သို့ ပြောင်းနေကြသည်။ ဤအိမ်ကို ကျွန်တော့်ဇနီးက အနှစ်သက်ဆုံးဟု ကျွန်တော်ထင်သည်။

တစ်နှစ်က မိုးအကုန်တွင် သဲနုကျောက်သားဂေဟာအနီးရှိ ကျောက်တုံးများပေါ်သို့ ကျွန်တော်တို့တက်ကြပြီး အနီးပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ကြသည်။ ကမ်းရိုးအနီးရှိ ကျွန်းကလေးတစ်ကျွန်းပေါ်တွင် အနက်ရောင်အရာဝတ္ထုတစ်ခုကို ဖရစ်(ဇ်)က အရင်ဆုံး တွေ့လိုက်သည်။ ဤအကွာဝေးမှ လှမ်းမြင်ရသည်ကပင် ၎င်းသည် အလွန်ကြီးမားပုံ ပေါ်နေသည်။

၎င်းမှာ ဘာဆိုသည်ကို ကျွန်တော်တို့က သဲသဲကွဲကွဲ သိလိုမြင်လိုသည်။ ထို့ကြောင့် ကျွန်တော်တို့ ရွက်ဖျင်တဲအိမ်သို့သွားကာ လှေကိုယူပြီး ဤကျွန်းသို့ ဦးတည်လှော်ခတ်လိုက်ကြသည်။ ကျွန်တော်တို့၏လှေက ကျွန်းနှင့်နီးလာလေ ယင်းအရာဝတ္ထုက ပို၍ကြီးလာလေ ဖြစ်သည်။ နောက်ဆုံး၌ ၎င်းမှာ သေဆုံးနေသည့် ဝေလငါးကြီး တစ်ကောင်ဖြစ်ကြောင်း ကျွန်တော်တို့တွေ့ရသည်။ ၎င်းသည် အနက်ရောင် သမ်းနေသည့် အစိမ်းရင့်ရင့် အရောင်မျိုးရှိပြီး ပေ ခုနှစ်ဆယ် ရှည်လျားကြောင်း ကျွန်တော်တွေ့ရသည်။ အလွန်တရာ ကြီးမားသည့်၎င်း၏ ဦးခေါင်းနှင့် လိုက်ဖက်အောင် မကြာက်ခမန်း

www.burmeseclassic.com

www.burmeseclassic.com



လိလိကျယ်သည့် ပါးစပ်ကြီးလည်းရှိသည်။ ၎င်း၏မျက်လုံးများမှာ နွားမတစ်ကောင်၏ မျက်လုံးတမျှသေးငယ်ကြသည်။ ၎င်း၏ အာခံတွင်းမှာ ကျဉ်းမြောင်းသည်။

"အဖေ ... ဒီအကောင်ကြီးဟာ တခါတည်းနဲ့တော့ အစာအများကြီးစားနိုင်မှာ မဟုတ်ဘူးနော်" အားနက်(စ်)က ပြောသည်။

"ဘယ်စားနိုင်မှာလဲ သားရဲ့။ သူက ပင်လယ်ပြင်အောက်ပိုင်းမှာ ရှိတဲ့ ငါးလေးတွေကိုပဲ လွယ်လွယ်ကူကူ ရှာစားပြီးအသက်ရှင်နေတာကွ။ သူက အဲဒီငါးလေးတွေ အုပ်လိုက်ကြီးရှိနေတဲ့ ပင်လယ်ရေအများကြီးကို ပါးစပ်ထဲ စုပ်သွင်းလိုက်တယ်။ ပြီးတော့မှ ရေတွေကို သူ့နှာခေါင်းနားက အပေါက်နှစ်ပေါက်ကနေ ပြန်ထုတ်ပစ်လိုက်တယ်"

ဤသတ္တဝါကြီးထံမှ အဆီအမြောက်အမြားထုတ်ယူ၍ ရနိုင်မည်ဟု ကျွန်တော်စိတ်ကူးရလာသည်။ မကြာမီတွင် ကျွန်တော်တို့အတွက် ဖယောင်းတိုင်များ ပိုမိုလိုအပ်လာတော့မည်။ ဤအဆီက ဖယောင်းတိုင်ပြုလုပ်ရာတွင် အထောက်အကူပြုသည်ဟု ကျွန်တော်သိထားသည်။ ထို့ကြောင့် ကျွန်တော်က သည်သတ္တဝါ၏ အသားပြင်ကို အနက်ကြီးရောက်သည်အထိလှီးဖြတ်လိုက်ပြီး ကျွန်တော်တို့ လိုသမျှအဆီကို ထုတ်ယူလိုက်သည်။ ကျွန်တော်တို့ အဆီများထုတ်ယူပြီးလျှင်ပြီးချင်း လင်းတ၊ စွန်ရဲ စသည့် ငှက်မျိုးစုံတို့က ဝေလငါး အသားကိုစားရန် အုပ်လိုက်ကြီး ကျလာတော့ရာ ကျွန်တော်တို့လည်း လှေကို ကျွန်တော်တို့အိမ်ဆီသို့ လှော်ခတ်ကာ ပြန်ခဲ့ကြလေသည်။

## အခန်း (၁၇)
## စပါးကြီး မြွေကြီး

ကျွန်တော်တို့ ကျွန်းသို့ပြန်ရောက်ပြီး တံတားကို ကျော်ဖြတ်လိုက်သည့်အခါ ဖရစ်(ဇ်)က မြစ်တစ်ဖက်ကမ်းတွင် ဖုန်လုံးကြီးတစ်လုံးကို ရုတ်တရက် မြင်လိုက်ရသည်။

"အဲဟိုမှာ သတ္တဝါကြီးတစ်ကောင် ရှိနေတယ်။ ဒါကြောင့်မို့ ဖုန်တွေအလုံးလိုက်ထနေတာ၊ အခု ဒီဖက်ကိုလာနေပြီ" သူက ပြောသည်။

"အဲဟိုမှာ သိုးတွေရှိရင်လည်းရှိမှာပေါ့ကွဲ့" ကျွန်တော့်ဇနီးက ပြောသည်။

"မဟုတ်ဘူးအမေရ အဲဒီအကောင်က သိပ်ထူးဆန်းတယ်၊ သူ့ရဲ့လှုပ်ရှားမှုတွေကို ကျွန်တော်မြင်နေရတယ်။ ဟောဟိုမှာကြည့် သူ့ဟာသူ ခေါင်းထောင်ထနေပြီ ဧရာမတုတ်ချောင်းကြီးတစ်ချောင်း ကျနေတာပဲ"။

ကျွန်တော်က သင်္ဘောပျက်မှ ယူလာခဲ့သည့် မှန်ပြောင်းကို ပြေးယူလိုက်သည်။

"ဟာ မြွေကွ ဧရာမမြွေကြီးတစ်ကောင်" ကျွန်တော်က အော်ပြောလိုက်သည်။ "ငါတို့ဘက်ကို တည့်တည့်ကြီးလာနေပြီကွ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သေနတ်တွေ ပြေးယူလိုက်ရမလား ဖေဖေ" ဂျက်က ပြောသည်။

"မလုပ်နဲ့ မလုပ်နဲ့ ဒီအကောင်က ကြီးလွန်းအားကြီးတယ်၊ ပြီးတော့ အားကလည်း အရမ်းကိုသန်တာ။ တို့ဖက်ကလုံခြုံမှုမရှိဘဲတော့ သူ့ကိုတိုက်ခိုက်လို့ မရဘူးကွ" ကျွန်တော်က တားလိုက်သည်။

ကျွန်တော်တို့ သဲနုကျောက်သားဂေဟာထဲသို့ ကမူးကယာ ပြေးဝင်လိုက်ကြသည်။ တံတားပေါ်မှ ပျဉ်ပြားများဆွဲတင်ထားရန်ပင် အချိန်မရလိုက်ပေ။ ကျွန်တော်တို့က တံခါးများနှင့်ပြတင်းပေါက်များကိုပိတ်ပြီး မြွေကြီးကိုစောင့်ကြည့်နေလိုက်သည်။ မြွေကြီးက တခါတရံ မြေပြင်မှ ၁၂ ပေအမြင့်ထိ ခေါင်းထောင်ထကာ သူ့သားကောင်ကိုချောင်းသည့်အလား ဦးခေါင်းကိုဘယ်ညာယိမ်းလျက် ရှိသည်။ ထို့နောက် ၎င်းက တံတားကိုဖြတ်ကျော်လိုက်ပြီး ကျွန်တော်တို့၏အိမ်ဆီသို့ ဦးတည်၍လာနေသည်။ ကျွန်တော်တို့က ကျွန်တော်တို့၏ သေနတ်ပြောင်းများကို တံခါးမကြီးရှိ အပေါက်များထဲတွင်ထိုးထည့်ကာ အသည်းတစ်လှပ်လှပ် ရင်တမမဖြင့် အသက်ပင်မရှူရဲအောင် တိတ်ဆိတ်ငြိမ်သက်စွာ စောင့်စားနေကြသည်။ မြွေကြီးက ရှေ့တိုးလာသည်။ သို့သော် သူက လှုပ်ရှားပုံမှာ နှေးကွေးနေသော်လည်း ... ကိုယ်ရှိန်သတ်ကာ ဖြည်းဖြည်းချင်း ရှေ့တိုးလာသည်။



ဤအခိုက်အတန့်၌ အားနက်(စ်)က ကြောက်ကြောက်လန့်လန့်ဖြင့် သူ့သေနတ်မောင်းကို ဆွဲလိုက်မိသည်။ ဤတွင် ဂျက်၊ ဖရန်စစ်နှင့် ကျွန်တော့်ဇနီးတို့ကပါ သူ့အတိုင်းလိုက်ပစ်ကုန်တော့သည်။

သည်သတ္တဝါကြီးက ပို၍ပင် ခေါင်းထောင်ထလာသည်။ သို့သော် ဒဏ်ရာအနာတရဖြစ်သွားပုံမပေါ်ချေ။ ဖရစ်(ဇ်) နှင့် ကျွန်တော်က သေနတ်ဖြင့် ဝိုင်းပစ်ကြသည်။ နောက်ဆုံးတွင် မြွေကြီးမှာ နောက်ကြောင်းပြန်လှည့်ကာ ရွှံ့ညွန်အိုင်ထဲသို့ ထွက်ခွာသွားလေသည်။

ကျွန်တော်တို့လည်း ယခုမှ အသက်ပြန်ရှူဝံ့ပြီး ကျွန်တော့်မိသားစုတစ်စုလုံး စကားစပြောနိုင်ကြတော့သည်။ သို့သော် ကျွန်တော်ကတော့ နှုတ်ဆိတ်နေမိသည်။ ဤသတ္တဝါကြီးကို သုတ်သင်နိုင်မည့် နည်းလမ်းကို စဉ်းစား၍မရသဖြင့် ကျွန်တော် အလွန်အမင်း စိုးရိမ်ပူပန်နေသည်။ သည်အကောင်က ကျည်ဆန်တွေမှန်၍လည်း ဘာမျှဖြစ်ပုံမရ။ ကျွန်တော်က ကျွန်တော် ခွင့်မပြုဘဲ မည်သူမျှ အိမ်ပြင်ထွက်ခြင်း သို့မဟုတ် တံခါးများဖွင့်ခြင်း မပြုရဟု ကျွန်တော့် မိသားစုကို တင်းတင်းကျပ်ကျပ် အမိန့်ပေးလိုက်သည်။

တုန်လှုပ်ချောက်ချားစရာကောင်းလှသည့် ဤသတ္တဝါ၏ရန်ကို ကြောက်လန့်သည့်စိတ်ကြောင့် ကျွန်တော်တို့ သုံးရက်

www.burmeseclassic.com

www.burmeseclassic.com



လုံးလုံး အိမ်ထဲတွင် အောင်းနေလိုက်သည်။ ကျွန်တော့်အိမ်သားတစ်ဦးတစ်ယောက်ကိုမျှ ကျွန်တော်က အိမ်ပြင်ထွက်ခွင့်မပေးပေ။ ဤတွင် သောက်သုံးရေ အလွန်အမင်း လိုအပ်လာသည်။ ထို့ကြောင့် ဤအိမ်အနီးတွင် ကျွန်တော်တူးထားသည့်ရေတွင်းမှရေကို ယူရသည်။ လူနှစ်ယောက်က ရေသွားခပ်နေခိုက်တွင် ကျန်လူများက ကျဉ်ထိုးထားသည့် သေနတ်များကိုကိုင်လျက် အသင့်စောင့်ပေးနေရသည်။ ဤသို့ဖြင့် ရက်တွေကြာညောင်းလာသည်။ ယခုအချိန်အထိတော့ ဤသတ္တဝါကို ကျွန်တော်တို့မတွေ့ရသေး။ သို့ရာတွင်သည်အကောင်က ဤနေရာတစ်ဝိုက်တွင်ရှိနေသည်ကို ကျွန်တော်တို့က သိသည်။ ရွှံ့ညွှန်အိုင်တွင်ကျက်စားနေကြသည့် ဘဲများနှင့်ငန်းများမှာ တစ်ခါတစ်ရံ လန့်လန့်ပြီး ထပျံတတ်ကြသည်။ သူတို့ကထိုနေရာတွင် ညဖက်၌မနေကြတော့ဘဲ ဝေလငါးရှိရာ ကျွန်းဘက်သို့ ပျံပြေးသွားကြသည်။

## အခန်း (၁၈)
## စပါးကြီးမြွေကြီး၏ ဇာတ်သိမ်း

ကျွန်တော်တို့အားလုံး ကြီးမားလှသည့် အန္တရာယ်တစ်ရပ်နှင့် ရင်ဆိုင်နေရမှန်းသိ၍ ဤအချိန်သည် ကျွန်တော့်အဖို့ စိတ်မချမ်းသာဆုံးနှင့် ဖြေရှင်းရအခက်ဆုံးအချိန်ဖြစ်သည်။ သဲနုကျောက်သားဂေဟာရှိ တိရစ္ဆာန်အစာများအားလုံးမှာ နောက်ရက်အနည်းငယ်ဆိုလျှင်ကုန်တော့မည်ဖြစ်ရာ တိရစ္ဆာန်များကို ထိုထက်ကြာကြာ လှောင်ထား၍ ရမည်မဟုတ်မှန်း ကျွန်တော် စဉ်းစားမိသည်။ တစ်ခုသော နံနက်စောစောတွင် ၎င်းတို့ကို အပြင်သို့ လွှတ်ကျောင်းရန် ကျွန်တော်ဆုံးဖြတ်လိုက်သည်။ ကျွန်တော့် အစီအစဉ်မှာ ကျွန်တော်က ရွှံ့ညွှန်အိုင်ကို လှမ်းမြင်နိုင်သည့် နေရာရှိကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်စောင့်ကြည့်နေမည်။ မြွေကြီးကို စတွေ့လျှင်တွေ့ခြင်း ကျွန်တော်က ကမန်းကတန်း ပြန်ပြေးမည်။ အိမ်ထဲမှ ကျွန်တော်တို့အားလုံး သေနတ်ဖြင့် ဝိုင်းပစ်ကြလျှင် ဒီသတ္တဝါကို ကျွန်တော်တို့ နောက်တစ်ကြိမ် ခြောက်လှန့်လွှတ်လိုက်နိုင်မည်ဟု ကျွန်တော်က မျှော်လင့်ထားသည်။

နွားမများ၊ သိုးများနှင့် ဆိတ်များမှာ အိမ်အပြင်သို့ ဖြည်းဖြည်းညင်သာ ထွက်ခွာသွားကြသည်။ သို့သော် ချည်တိုင်တွင် တစ်ပတ်

www.burmeseclassic.com



ကျော်ကျော်နေခဲ့ရ၍ ကြိုးညောင်းနေသည့် မြည်းများကတော့ တံခါးပေါက်မှ တရကြမ်းတိုးထွက်ကာ ကျွန်တော်တို့မည်သို့မျှ မတားလိုက်နိုင်မီ ရွံ့ညွန်အိုင်ရှိရာသို့ ကဆုန်ပေါက် ပြေးသွားသည်။ ကျွန်တော်တို့က သူ့ကို လှမ်းခေါ်သည်။ သို့သော် သူက နားမထောင်ချေ။ ထိုနောက်တော့ ကျွန်တော်တို့အတွက် သွေးပျက်စရာမြင်ကွင်းကို တွေ့လိုက်ရသည်။ မြွေကြီးက ဘွားခနဲ ပေါ်လာပြီး မြည်းရှိရာသို့ လျှောကနဲရောက်သွားသည်။ မြည်းတစ်ကောင်လုံးကို ၎င်း၏ ရှည်လျားသည့် ခန္ဓာကိုယ်ဖြင့် ရစ်ပတ်လိုက်ပြီး အသေဆွဲညှစ် သတ်လိုက်လေသည်။

ထိုနောက် သည်သတ္တဝါကြီးက မြည်းသေကို ချုံထဲဆွဲသွင်းသွားပြီး ဝါးမျိုပစ်လိုက်တော့သည်။

"သနားစရာကောင်းလိုက်တဲ့ မြည်းလေးရယ်" ဖရန်စစ်က စိတ်မကောင်းစွာဖြင့် မြည်တမ်းလိုက်သည်။ "ကျွန်တော်တို့ သူ့ကို ဘယ်တော့မှစီးရမှာ မဟုတ်တော့ဘူးအဖေ"

"အေး ဒါပေမဲ့ သူခုလို အသေဆိုးနဲ့သေရတာက နောင်ကျရင် တို့တွေ အန္တရာယ်ကင်းအောင် လုပ်ပေးလိုက်တာပဲ" ကျွန်တော်က ပြောသည်။ "ဒီမြွေဟာ အစာစားပြီးရင် ရွေ့ဆက်မသွားနိုင်တော့ဘူးကွ အဲဒီတော့မှ တို့သူ့မျက်လုံး နှစ်လုံးထဲကို ကျည်ဆံတွေပစ်ထည့်ပြီး သူ့ကို လက်စတုံးပစ်လိုက်လို့ရမှာ"

မြွေကြီး အစာစားပြီးလောက်ပြီဟု ကျွန်တော် ချိန်ကိုက်ထားသည့်အတိုင်း နောက်ခြောက်နာရီအကြာတွင် ဖရစ်(ဇ်) ၊ ဂျက်၊



အားနက်(စ်)နှင့် ကျွန်တော်တို့ လေးယောက်သား ရွံ့ညွန်အိုင်ဆီသို့ သွားကြသည်။

မြွေကြီးမှာ မြေကြီးပေါ်တွင်စန့်စန့်ကြီး လှဲနေသည်။ ၎င်းသည် ကျွန်တော်ထင်ထားသည့်အတိုင်း ရောမ စပါးကြီးမြွေကြီး တစ်ကောင် ဖြစ်နေသည်။

ကျွန်တော်တို့က သတ္တဝါကြီးအနီးသို့ရောက်သွားသောအခါ ၎င်းက ခေါင်းထောင်ထလာသည်။ ဖရစ်(ဇ်)နှင့် ကျွန်တော်က သေနတ်ဖြင့် ပြိုင်တူပစ်ထည့်လိုက်သည်။ သို့သော် မြွေကြီးမှာ အနည်းငယ်လူးလွန့်နေသေးသဖြင့် ကျွန်တော်တို့က အနားသို့ ကပ်သွားကာ ၎င်း၏မျက်လုံးအစုံထဲသို့ ကျည်ဆန်များ ပစ်သွင်းလိုက်သည်။ သည်နောက်တော့ လှုပ်ရှားမှုလုံးဝမရှိတော့ချေ။ ကျွန်တော်တို့၏ရန်သူက ဇာတ်သိမ်းသွားခဲ့ပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

## အချိန်၏ ခရီးတာ

စပါးကြီးမြွေကြီး သေသွားပြီးနောက် တစ်နှစ်ခန့်အကြာ၌ တစ်နေ့တွင် ကျွန်တော်က ကျွန်တော့်နေ့စဉ်မှတ်တမ်းစာအုပ်ကို လှန်ကြည့်နေသည်။ ကျွန်တော်တို့ ဤကျွန်းပေါ်တွင် စတင်အခြေချကတည်းက ယခုအထိဆိုလျှင် နှစ်ပေါင်းအတော်များများ ကုန်လွန်ခဲ့ပြီကိုတော့ ကျွန်တော်သိသည်။ သို့သော် ယနေ့သည် ကျွန်တော်တို့ကျွန်းပေါ်ရောက်ခဲ့သည့် ဆယ်နှစ် မြောက်သည့်နေ့မှန်း ယခုမှ ကျွန်တော် သိလာရသည်။ ကျွန်တော်တို့၏ ဖန်ဆင်းရှင်ဘုရားသခင်က ကျွန်တော်တို့၏ လိုအပ်ချက်များကို ပံ့ပိုးပေးခဲ့ပြီး ကျွန်တော်တို့အားဘေးအန္တရာယ် အသွယ်သွယ်မှ ကင်းလွတ်ရာသို့ ပို့ဆောင်ပေးခဲ့သည်ကို ကျွန်တော်၏ ကိုယ်တွေ့မှတ်တမ်းက သရုပ်ဖော်ပြခဲ့ပြီးဖြစ်သည်ဟု ကျွန်တော်မျှော်လင့်သည်။ ကုန်လွန်ခဲ့သည့် ဤနှစ်များကို ကျွန်တော် ပြန်ပြောင်းတွေးကြည့်လိုက်သည့်အခါ အလုပ်များသည့်နှစ်များ၊ ပျော် ရွှင်စရာ နှစ်များ ဖြစ်ခဲ့သည်ကို ကျွန်တော် သိသည်။

ကျွန်တော်တို့ အိမ်သုံးလုံးဆောက်ဖြစ်ခဲ့သည်။ မိုးရာသီတွင် ကျွန်တော်တို့ ခြောက်ခြောက်သွေ့သွေ့ထိုင်နိုင်သည့် သဲနုကျောက်



သားဂူဟော တစ်နှစ်တာ၏ အပူပြင်းဆုံးလများအတွင်း ကျွန်တော်တို့နေထိုင်ကြသည့် သစ်ပင်အိမ်နှင့် ကျွန်တော်တို့၏ ပထမဆုံးအိမ်ဖြစ်သည့် ရွက်ဖျင်တဲနေအိမ်တို့ ဖြစ်ကြသည်။

ကျွန်တော်တို့နှင့်အတူ ကမ်းပေါ်သို့ရောက်လာကြသည့် ခြေလေးချောင်းသတ္တဝါများနှင့် ကြက်၊ ငှက်များမှာလည်း ကောင်းရေ အကြီးအကျယ်တိုးပွားလာခဲ့သည်။ သူတို့က ကျွန်တော်တို့အတွက် ဥ၊ ထောပတ်နှင့် နို့ရည်များကို ထုတ်ပေးကြသည်။ ကျွန်တော်တို့ စိုက်ပျိုးထားသည့် သစ်သီးပင်ငယ်များမှာ ယခုအခါ အပင်ကြီးများဘဝသို့ရောက်ရှိကာ ကျွန်တော်တို့စားသုံးရန် သစ်သီးများကိုလှိုင်လှိုင်ကြီးထုတ်ပေးလျက်ရှိသည်။ ကျွန်တော်တို့၏ ဟင်းသီးဟင်းရွက်စိုက်ခင်းမှာ အကြီးအကျယ် ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ကျွန်တော်တို့၏ အစာအဟာရဖြစ်သည့် အစေ့ထုတ်သီးနှံများကို ရိတ်သိမ်းရာ၌လည်း တစ်နှစ်ထက်တစ်နှစ် ကျွန်တော်တို့၏ လိုအပ်ချက်ထက်ကျော်လွန်၍ ထွက်ရှိသည်ကို တွေ့ရသည်။

ကျွန်တော့်သားများမှာ ကလေးများ မဟုတ်ကြတော့ပေ။ အငယ်ဆုံးသား ဖရန့်စစ်ပင်လျှင် အရွယ်ရောက်နေပြီ ဖြစ်သည်။ သူက အသက်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်ပြီး အရပ်မြင့်သည်။ အလွန်သွက်လက်ချက်ချာသည်။ ဖရစ်(ဇ်)က ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းဖြစ်ပြီး အသက်နှစ်ဆယ့်လေးနှစ်ရှိပြီ ဖြစ်သည်။ အားနက်(စ်)က နှစ်ဆယ့်သုံးနှစ်အရွယ်ရှိသည်။ သူက ဖရစ်(ဇ်)

www.burmeseclassic.com

www.burmeseclassic.com



လောက် ကြွဲခိုင်တောင့်တင်းမှုမရှိ။ သို့သော် သူက ဉာဏ်ရည်ထက်မြက်သည်။ ကျွန်တော်တို့ သင်္ဘောပျက်မှ သယ်ယူစုဆောင်းခဲ့သည့် စာအုပ်များအားလုံးကို သူကဂရုတစိုက် လေ့လာဆည်းပူးသည်။ ဂျက်မှာအသက်သာ နှစ်ဆယ်ရှိနေသော်လည်း ရုပ်ရည်ရော အပြော အဆို အပြုအမူပါ မပြောင်းလဲချေ။ သူက အခြားကလေးများထက်ပို၍ ပြဿနာနှင့် မကြာခဏကြုံတွေ့ရဆဲပင်ဖြစ်သည်။ ကျွန်တော့်ဇနီးကတော့ သိပ်အသက်ကြီးပုံမပေါ်သေး။ ကျွန်တော့်ဆံပင်က တစ်ခေါင်းလုံးလိုလို ဖြူနေလင့်ကစား ကျွန်တော့်စိတ်ကတော့ ငယ်ရွယ်နုပျိုဆဲပင်။

ကျွန်တော်တို့သည် ဤဆယ်နှစ်တာလုံးလုံး သင်္ဘောတစ်စင်းတလေကို တွေ့လိုတွေ့ငြား သဲကြီးမဲကြီးစောင့်ကြည့်ခဲ့ကြသည်။ အသင့်ပစ်ဖောက်ရန်အတွက် အမြောက်နှစ်လက်ကို ကျွန်တော်တို့က နေရာချထားသည်။ တစ်လက်ကို ရွက်ဖျင်တဲအိမ်အနီးနှင့် အခြားတစ်လက်ကို ဝေလငါးကျွန်းပေါ်တွင် အသီးသီး နေရာချထားသည်။ ကျွန်တော်တို့အနီးသို့ ချဉ်းကပ်လာသည့် သင်္ဘော တစ်စင်းစင်းအား ကျွန်တော်တို့ကို အာရုံစိုက်မိစေရန် ဤနည်းဖြင့် အသိပေးနိုင်မည်ဟု ကျွန်တော်တို့က မျှော်လင့်ထားသည်။ သို့သော် မည်သည့် သင်္ဘော၏ အရိပ်အယောင်ကိုမျှ မမြင်ခဲ့ရပေ။ ဤအကြောင်းကိုစဉ်းစားမိတိုင်း ကျွန်တော်စိတ်မကောင်းဖြစ်ရသည်။ ကျွန်တော့်ကလေးများကို သူတို့၏ဘဝတစ်လျှောက်လုံး ဤကျွန်းပေါ်တွင် အချိန်မကုန်လွန်စေလိုပေ။



သူတို့တစ်တွေ အရွယ်ရောက်လာပြီဖြစ်သည့်အလျှောက် ကျွန်တော်က သူတို့ကို လွတ်လပ်ခွင့် ပိုပေးထားသည်။ ဖရစ်(ဇ်)နှင့် အားနက်စ်တို့က တစ်ခါတစ်ရံ တစ်နေ့လုံး အပြင်သွားနေတတ်ကြသည်။ ဖရစ်(ဇ်)မှာကျွန်တော်တို့၏ကျွန်းကိုအားနက်စ်ထက်ပို၍ ရှာဖွေလေ့လာလိုစိတ်ပြင်းပြလှသည်ဖြစ်၍ မကြာခဏ တစ်ယောက်တည်း ထွက်သွားသည့်အကြိမ်က ပိုများသည်။ တစ်ခုသော နံနက်စောစောတွင် သူက လှေငယ်တစ်စင်းဖြင့် ထွက်လည်ဦးမည်ဟု ကျွန်တော့်ကို ပြောပြသည်။ သူမိုးမချုပ်မီပြန်လာမည်ဟုပြောသည်။ သို့သော် မှောင်ရီသန်းလာသည့်တိုင် သူက ပေါ်မလာသေး။ ကျွန်တော်က ဖရစ်(ဇ်)နှင့်ပတ်သက်၍ သိပ်တော့ မစိုးရိမ်ချေ။ သို့သော် ကျွန်တော့်ဇနီးက အလွန်အမင်းစိုးရိမ်ပူပန်နေသည်။ ဂျက်နှင့် ကျွန်တော်က ဝေလငါးကျွန်းသို့သွားပြီး ကျွန်တော်တို့၏ အမြောက်ကိုပစ်ဖောက်၍ အချက်ပေးပါမည်ဟု သူမ စိတ်သက်သာရာရစေရန် ပြောလိုက်ရသည်။ ဤအစီအစဉ်ကို ကျွန်တော့် ဇနီးက သဘောတူသည်။ နောက်ဆုံး၌ သူမနှင့် အားနက်စ်ပါ ကျွန်တော်တို့နှင့်အတူလိုက်လာသည်။ ကျွန်တော်တို့ ဝေလငါးကျွန်းသို့ရောက်သွားပြီး အမြောက်ကို ပစ်ဖောက်လိုက်သည်။ ပင်လယ်ပြင်တွင်လည်း ကျွန်တော်တို့ ဆက်ရှာကြည့်ရာ ဂျက်က အမဲစက်တစ်ခုကိုတွေ့ရသည်ဟု ဆိုသည်။ ၎င်းမှာ ဖရစ်(ဇ်)၏ လှေဖြစ်ပါစေဟု ကျွန်တော်တို့ မျှော်လင့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီပင် ၎င်းမှာ ဖရစ်(ဇ်)၏လေ့ဖြစ်ကြောင်း ကျွန်တော်တို့ သိလိုက်ရသည်။ သို့သော် သူ့လှေရွေ့ရှားနေသည်က နှေးလွန်းသည်။ "ဖရစ်(ဇ်)ကပဲ အရမ်းမောနေလို့လား ဒါမှမဟုတ် သူ့လှေကပဲ အရမ်းလေးနေလို့လား တစ်ခုခုတော့ တစ်ခုခုပဲ" ဂျက်က ပြောလိုက်သည်။

## အခန်း (၂၀)

## ဖရစ်(ဇ်)က သူ့ကိုယ်တွေ့ဖြစ်ရပ်ကို ပြောပြခြင်း

ဖရစ်(ဇ်) ကမ်းပေါ်တက်လာသည့်အခါ တစ်အိမ်သားလုံး သူ့ကိုဝိုင်းမေးကြသည်။ သူက ကျွန်တော့်ဖက်လှည့်ပြီး တိုးတိုးလေး ပြောလိုက်သည်။ "ကျွန်တော် အဖေ့ကိုပြောစရာရှိတယ်အဖေ" ထို့နောက် မုတ်ကောင်များအပြည့်ထည့်ထားသည့် အိတ်ကြီး တစ်လုံးကို သူ့လှေထဲမှ ဆွဲထုတ်လိုက်သည်။

သူ့အမေမေးသည့် မေးခွန်းများစွာကို ပြန်ဖြေသည့်အနေဖြင့် သူက ပြောလိုက်သည်။ "မနက်ခင်းက သိပ်ကိုသာယာတာနဲ့ ကျွန်တော်လည်း ခရီးရှည်ထွက်ပြီးစူးစမ်းလေ့လာဖို့ သန္နိဋ္ဌာန်ချလိုက်တယ်။ အဲဒါနဲ့ ကျွန်တော်တို့ မရောက်ဖူးသေးတဲ့ အရှေ့ဘက်ကို ကျွန်တော်လှော်သွားတယ်။ အဲဒီမှာ ကျွန်တော် ပင်လယ်ဖျံကြီးတွေနဲ့ မမြင်ဖူးသေးတဲ့ ငါးမျိုးတွေ တော်တော်များများ တွေ့ခဲ့တယ်။ ကျွန်တော် ဆက်လှော်သွားပြီး အဲဒီအကောင်တွေ အချင်းချင်း မြူးတူးဆော့ကစားနေကြတဲ့နေရာကို ဖြတ်သွားတော့ နောက်ဆုံးမှာ ဂူ အကြီးကြီးတစ်ခုဆီ ရောက်သွားရော။ ကျွန်တော် ဂူကြီးထဲသို့လှော်ဝင်သွားတော့ အထဲမှာအေးစိမ့်နေတာပဲ။ ဂူကြီးဆုံးတဲ့အထိ ဆက်လှော်သွားတော့ ပင်လယ်ပြင်ကို ရောက်သွားရော။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရောက်တဲ့နေရာက ရေသိပ်ကြည်တဲ့ ပင်လယ်အော်ကြီး တစ်ခု ဖြစ်နေတာကို၊ ကျွန်တော် ရေထဲငုံ့ကြည့်လိုက်တော့ မုတ်ကောင်ကြီးတွေ အထပ်လိုက်ရှိနေတာကို တွေ့နေရတယ်။ အဲဒါနဲ့ ကျွန်တော်လည်း မုတ်ကောင်တွေကို ဆင်းကောက်ပြီး ရသမျှကို ကမ်းပေါ် ပြစ်တင်ထားလိုက်တယ်။ ကျွန်တော်လည်း ကမ်းပေါ်တက်လာရော အဲဒီမုတ်ကောင်တွေထဲက အချို့ဟာ အခွံနှစ်ခြမ်း ပွင့်ထွက်နေတာကို တွေ့ရတယ်။ ကျွန်တော် မုတ်ခွံ တစ်ခုကို ကောက်ယူပြီး ကြည့်လိုက်တယ်။ အထဲမှာ အသား မထူဘူး။ အသားမှာ နည်းနည်းလေးပဲရှိတယ်။ ကျွန်တော် အဲဒီ အသားမှာကို မုတ်ခွံထဲကနေ မရမက ကော်ထုတ်လိုက်တော့ အထဲ မှာ ကျောက်လုံးမာမာလေးတွေကို တွေ့ရတယ်။ အဲဒီ ကျောက်လုံး မာမာလေးတွေဟာ ပုလဲလုံးတွေ ဖြစ်မှာပဲလို့ ကျွန်တော် တွေးမိ တာနဲ့ အဲဒါတွေကို ပုံးတစ်ပုံးထဲ ကောက်ထည့်လိုက်တယ်။ ဟုတ်တယ်မဟုတ်လား အဖေ”

ကျွန်တော်က ကျောက်လုံးလေးများကိုစစ်ကြည့်လိုက်သည်။ “ဟုတ်တယ်ကွ” ကျွန်တော်က ပြောသည်။ “အဲဒါတွေဟာ တကယ့် ပုလဲအစစ်တွေပဲ။ ပြီးတော့ သိပ်လှတဲ့အလုံးတွေပဲ။ ဒါတွေ ရရင် တစ်နေ့ ငါတို့သူဌေးဖြစ်နိုင်တယ်ကွ။ ဒါနဲ့ မင်းရဲ့စွန့်စားခန်း ကို ဆက်စမ်းပါဦး ”

“ကျွန်တော် ကမ်းရိုးတန်းအတိုင်းဆက်ပြီးလျှော်လာလိုက်တာ မြစ်ဝကျယ်ကြီးတစ်ခုကိုရောက်တဲ့အထိပဲ။ အဲဒီမှာ ကျွန်တော် လှေကိုကပ်ပြီးတော့ နေ့လည်စာစားမယ်ဆိုပြီး ကမ်းပေါ် တက်သွား တယ်။ ကမ်းပေါ် ရောက်တာနဲ့ ပင်လယ်ငှက်အုပ်ကြီးက ကျွန်တော့် ဆီ ဝိုင်းအုံလာပါလေရော။ ကျွန်တော့် ခေါင်းပေါ် ဝဲနေတဲ့ ငှက်အုပ် က ပြည့်ကျပ်နေတာနဲ့ ကျွန်တော်လည်း တုတ်တစ်ချောင်း ကောက် ကိုင်ပြီး မွှေ့ယမ်းပစ်လိုက်တယ်။ အဲဒီမှာ မထင်မှတ်ဘဲ စင်ရော် တစ်ကောင်ကို ကျွန်တော် ရိုက်ချလိုက်မိရက်သား ဖြစ်သွားတယ်။ အဲဒီကောင်က ဒဏ်ရာတော့မပြင်းပါဘူး အဲဒီနောက်တော့ ငှက်တွေလည်း ကျွန်တော့်နားမှာ မနေတော့ဘဲ ပျံသွားကြတယ်။ ဒီတော့မှ ကျွန်တော်လည်း ကျွန်တော့်အစာကို ပြီးတဲ့အထိ အေးအေးဆေးဆေး စားလို့ရတော့တယ်။”



ကျွန်တော့်ဇနီးနှင့် သားအငယ်သုံးယောက်က ပုလဲများကို ကြည့်နေကြခိုက် ဖရစ်(ဇ်)က ကျွန်တော့်ကို အသာလက်တို့ခေါ် သွားပြီး ပြောသည်။ ခုနက စင်ရော် သောင်ပြင်ပေါ် ကျနေတုန်းမှာ ကျွန်တော် ကြည့်လိုက်တော့ သူ့ခြေတစ်ဖက်မှာ အဝတ်စတစ်စ ချည်ထားတာကို တွေ့လိုက်ရတယ်။ အဲဒီအစပေါ်မှာ မြူခိုးထွက် နေတဲ့ ကျွန်းပေါ်မှာ ဒုက္ခရောက်နေတဲ့ သင်္ဘောပျက်က သင်္ဘော သားကို ကယ်ဆယ်ပါလို့ အင်္ဂလိပ်လိုနဲ့ ကျကျနန ရေးထားတယ်။ ကျွန်တော် အရမ်းအံ့သြသင့်သွားတယ်။ အဖေပဲ စဉ်းစားကြည့်လေ။ နောက်ထပ် လူသားတစ်ယောက်ကိုတွေ့ဖို့ဆိုတာ အံ့သြစရာ မကောင်းဘူးလား။ ကျွန်တော် သူ့ကိုချက်ချင်း သွားကယ်ချင်စိတ်

www.burmeseclassic.com

www.burmeseclassic.com



တောင် ပေါက်လာတယ်။ ဒါပေမယ့် ကျွန်တော် အိမ်ပြန်လာပြီးမှ အဖေ့ကို အကူအညီတောင်းဦးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ပြီးတော့ ကျွန်တော့်မှာပါလာတဲ့ အစာရေစာကလဲ ကုန်သလောက် ရှိနေပြီလေ။"

"အဲဒီ အ၀တ်အစနဲ့စင်ရော်ကို မင်းဘာလုပ်လိုက်သလဲ သား" ကျွန်တော်က မေးလိုက်သည်။

ဒီစင်ရော်က သိပ်နာမသွားဘူး။ ကျွန်တော် သူ့ကို ရေတိုက်လိုက်တော့ သက်သာသွားပုံရတယ်အဖေ ဒါနဲ့ ကျွန်တော် အ၀တ်စရဲ့ ကျောဖက်မှာ ဘုရားသခင်၏ စောင့်ရှောက်မှုကို ယုံကြည်လေးစားပါ အကူအညီရောက်လာတော့မည်လို့ စာရေး ပေးလိုက်တယ်။ ကျွန်တော် အဲဒီဟမ်းခြေက ထွက်မလာခင်မှာ စင်ရော်က အရှေ့ဖက်ကိုပျံသွားတာ တွေ့လိုက်ရလို့ ကျွန်တော် ပျော်သွားတယ်။ အဲဒီတော့ အဖေဒီကိစ္စကို ဘယ်လိုသဘောရလဲအဖေ။ နောက်ထပ် အဖော်တစ်ယောက်တိုးလာဦးမယ်ဆိုတော့ အံ့သြစရာ မကောင်းဘူးလား အဖေ။ ကျွန်တော်တို့ သူ့ကို ဘယ်လိုရှာရင် ကောင်းမလဲ"

"အဲ ငါသားအခုလုပ်ပုံကိုင်ပုံတွေကတော့ သိပ်ကိုဉာဏ်သွားပါတယ်။ ဒါပေမယ့် ဒီအကူအညီတောင်းစာလေးတစ်ခုကိုပဲ မျက်စိမှိတ်ယုံပြီး အိတ်သွန်ဖာမှောက်တော့ မကြိုးစားနဲ့ပေါ့ကွာ။ ဒီစာက နှစ်အတော်ကြာကတည်းက ပို့လိုက်တာလဲ ဖြစ်နိုင်တာပဲ။



ခုလောက်ဆိုရင် ဒီသင်္ဘောသားကို ကယ်ဆယ်ပြီးသား ဖြစ်ရင်လည်း ဖြစ်မှာပေါ့ အခုတော့ ဒီကိစ္စကို မင်းစိတ်ထဲမှာပဲ ထားလိုက်ပေါ့သားရယ် ဘာပဲဖြစ်ဖြစ် ဒီဒုက္ခသည်ကို ကယ်ဖို့တော့ တို့သားအဖနှစ်ယောက်စလုံး အစီအစဉ် ဆွဲရမယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

## ဖရစ်(ဇ်)က သူ့အစီအစဉ်နှင့်သူ ခရီးစတင်ပြီ

အားနက်(စ်) စကားမစမီကလေးတွင် ဖရစ်(ဇ်)နှင့် ကျွန်တော်က ကျန်မိသားစုဝင်များထံ ပြန်ရောက်လာသည်။ "ကျွန်တော်တို့တော့ ရတနာပုံဆိုက်ပြီဗျ။ ဥရောပက လူတွေက ပုလဲတွေကို ရွှေစတွေ တစ်ပုံတစ်ခေါင်းကြီး ပေးဝယ်တာ အမေရဲ့ ကျွန်တော်တို့ ပုလဲများများထပ်စုလို့ရပြီးတော့ ဥရောပကို ရောက်အောင်သွားနိုင်ရင်တော့ ကျွန်တော်တို့ သူဌေးဖြစ်ပြီ အမေ၊ ဟောဒီ ပင်လယ်အော်ကို ပုလဲပင်လယ်အော်လို့ ခေါ်ကြမယ်ဟေ့"။

သူတို့ သားအမိတစ်တွေ ဝမ်းသာလုံးဆို့ကာ ပျော်မော်မဆုံး တပြုံးပြုံးဖြင့် အုံးအုံးကျွက်ကျွက်ဆူညံလျက် ရှိသည်။ သူတို့စကားသံများ စဲသွားတော့ ကျွန်တော်က သူတို့ကို ပြောလိုက်သည်။ "ကဲ ငါ့မိန်းမနဲ့ငါ့သားတို့ ဒီနေ့ဟာ ဒီကျွန်းပေါ်က တို့ရဲ့ဘဝဖြစ်စဉ်ထဲမှာ အထူးအခြားဆုံးနေ့ပဲကွဲ့။ ဖရစ်(ဇ်)ဟာ ကလေးတစ်ယောက် မဟုတ် တော့ဘူး။ သူဟာ တကယ့်ယောကျ်ားကောင်းတစ်ယောက် ဖြစ် တယ်ဆိုတာ အခုနောက်ဆုံးတစ်ခေါက် ပင်လယ်ခရီးမှာ သူ့ရဲ့ နှလုံး ရည် လက်ရုံးရည်နဲ့ သက်သေထူခဲ့ပြီးပြီ။ အဲဒါကြောင့် ဖေဖေ



သူ့ကို လုံးဝမျက်နှာလွှဲလိုက်ပြီ။ ခုအချိန်ကစပြီး သူဟာ ဖေဖေနဲ့ တန်းတူရည်တူ လူကြီးတစ်ယောက်လို့ ဖေဖေ သဘောထားတယ်ကွာ"

ကျွန်တော့်သားများက ပုလဲပင်လယ်အော်သို့ သွားကြရန် ကျွန်တော့်ကို ပူဆာကြသည်။ သူတို့က ပုလဲ အမြောက်အမြား ရှာဖွေ စုဆောင်းလိုကြသည်။ "ကျွန်တော်တို့ နက်ဖြန်မနက်ကျရင် သွားကြရအောင်လားအဖေ" ဂျက်က ပြောသည်။

"ဒီလောက်အထိ အရင်မလိုနဲ့ဦး သားရဲ့" ကျွန်တော်က ပြန်ပြောသည်။ "ဖေဖေတို့ ပထမဆုံး အထုပ်အပိုးတွေ ပြင်ရဆင်ရဦးမှာကွ။ ဒီပင်လယ်ခရီးစဉ်မှာ အသုံးဝင်မယ့်ပစ္စည်းတစ်ခုခုကို သားတို့ တစ်ယောက်စီက အသင့်ရှာထားရမယ်ကွ"

ကျွန်တော်က သံထွန်ခြစ်နှစ်ခုနှင့်သံချိတ်နှစ်ခုကိုပြုလုပ်ပြီး ၎င်းတို့ကို လက်ကိုင်ရိုးများ တပ်ဆင်လိုက်သည်။ မုတ်ကောင်များကိုကျောက်ဆောင်များမှ ခွာယူရာတွင် အသုံးပြုရန်ဖြစ်သည်။ ကျွန်တော့်ဇနီးနှင့် သားအငယ်များမှာ စားစရာများကို ကြော်လှော် ချက်ပြုတ်နေကြသည်။ ဖရစ်(ဇ်)က သူ့လှေထဲတွင် ခုံတန်းတစ်ခု ထပ်ရိုက်နေသည်။

သုံးရက်အကြာတွင် ဖရစ်(ဇ်)၊ အားနက်စ်၊ ဂျက်နှင့် ကျွန်တော်တို့ ခရီးစထွက်ကြသည်။ ကျွန်တော်တို့က ကျွန်တော်တို့၏လှေကြီးနှင့်ကနူးလှေငယ်တို့ကိုအသုံးပြုကြသည်။လှေနှစ်စင်းစလုံးပေါ်တွင် ကျွန်တော်တို့၏ စားနပ်ရိက္ခာနှင့် ပစ္စည်းကိရိယာများကို တင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖရစ်(ဇ်)နှင့် ဂျက်တို့က ရှေ့မှဦးဆောင်ပြီး ကျွန်တော်တို့က နောက်မှလိုက်သွားသည်။ ပင်လယ်ပြင်က လှိုင်းလေကင်းစင်ပြီး ရာသီဥတုက သာယာလျက်ရှိသည်။ ကျွန်တော်တို့သည် ဖရစ်(ဇ်) လုပ်သည့်အတိုင်း ဂူထဲဖြတ်ဝင်ပြီး ဂူအပြင်ကိုထွက်လိုက်ရာ ပုလဲ ပင်လယ်အော်သို့ ချောချောမောမော ရောက်ရှိသွားသည်။ မှောင်ရီ သမ်းလာပြီဖြစ်၍ ကျွန်တော်တို့လှေများကို ကမ်းကပ်ကာ ကမ်းပေါ်သို့တက်လိုက်သည်။ ထို့နောက်တွင် ကျွန်တော်တို့အတွက် စားစရာများကို ပြင်ဆင်နေသည်။ ထိုအချိန်တွင် ဂျက်နှင့်အားနက်စ် တို့က ခေတ္တမျှလမ်းလျှောက်ထွက်သွားကြသည်။ ထိုစဉ်သေနတ်သံ တစ်ချက်ကို ကျွန်တော်တို့ရုတ်တရက်ကြားလိုက်ရသည်။ သေနတ် သံနှင့် မရှေးမနှောင်းတွင် ကြောက်လန့်တကြားအော်ဟစ်သံ တစ်သံ၊ နောက်တော့ သေနတ်သံ နောက်တစ်ချက် တဆက်တည်း လိုလို ပေါ်ထွက်လာသည်။ သည့်နောက်တော့ ဂျက်က "ဖေဖေ– ဖေဖေ–၊ ကျွန်တော် သေရတော့မယ်ဗျ၊ မြန်မြန်လာစမ်းပါဦး" ဟု စူးစူးဝါးဝါး အော်ခေါ်လိုက်သည်။

ကျွန်တော်တို့ ချက်ချင်းရောက်သွားသည့်အခါ ကောင်လေး ခမျာ အမှန်ဘကယ်လည်းစိတ်မချမ်းမြေ့ဘွယ် ဖြစ်ရပ်တစ်ခုနှင့် ရင်ဆိုင်တိုးခဲ့ရရှာသည်။ သူက အစွယ်နှစ်ဖက်ကားကား တောဝက် တစ်ကောင်နှင့် ရုတ်တရက်မျက်နှာချင်းဆိုင် တိုးမိရာမှ တောဝက် က သူ့ကိုလှမ်းပက်လိုက်၍ သူလဲကျသွားခဲ့ရသည်။ သူနှင့်မလှမ်း မကမ်းတွင် ရှိနေသည့် အားနက်စ်နှင့် ခွေးများက သူ့အော်သံ



ကြားလျှင်ကြားချင်း သူ့ကိုကယ်ရန် တရကြမ်း ပြေးသွားကြသည်။ ခွေးများက တောဝက်ကိုဝိုင်းဝန်းတိုက်ခိုက်ကြသဖြင့် တောဝက်က ခွေးများဘက်သို့ အာရုံပြောင်းသွားသည်။ ဤသည်က အားနက်(စ်) အတွက် တောဝက်အနီးသို့ တိုးကပ်သွားရန်အခွင့်သာသွားသည်။ သူက ရသည့်အခွင့်အရေးကို အပိုင်သုံးပြီး တောဝက်၏ ဦးခေါင်း ထဲသို့ ကျည်ဆံပစ်သွင်းလိုက်သည်။ တောဝက်မှာ အသက်ပျောက် ကာ ဂျက်၏ ခြေထောက်နှစ်ဖက်ပေါ်သို့ တစ်ကိုယ်လုံး ပြိုလဲကျ သွားသည်။

ကျွန်တော်တို့က တောဝက်အသေကောင်ကိုဖယ်ရှားပြီး ဂျက်ကိုဆွဲထုတ်လိုက်သည်။ ကောင်လေးမှာ ဒဏ်ရာရသည်ထက် ထိတ်လန့်သည်က ပိုနေသည်။ သူ့တွင် ဘာမျှကြီးကြီးကျယ်ကျယ် ဒဏ်ရာမရခဲ့။ သို့သော် ကျွန်တော်က ဂျက်အတွက် စိုးရိမ်မိသည်။ သူက အသက်နှစ်ဆယ်ရှိပြီဖြစ်သော်လည်း ဤမျှအသည်းငယ်ပြီး ဤမျှအထိ သူ့ကိုယ်သူ ကာကွယ်နိုင်စွမ်းမရှိချေ။

ယခုတော့ အတော်လေးမှောင်လာပြီ ဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော်တို့ မီးတုတ်များကို ထွန်းညှိလိုက်ပြီး လှေများပေါ်သို့ပြန် တက်လိုက်ကြသည်။ ပြီးတော့အိပ်ယာဝင်လိုက်ကြသည်။

ဤနေရာတွင် ကျွန်တော်တို့ နှစ်ရက်နေသည်။ ပုလဲ အတော် များများ စုဆောင်းပြီးနောက် ကျွန်တော်တို့အိမ်သို့ပြန်ရန် စတင် ထွက်ခွာကြသည်။ ဂျက် အားနက်(စ်)နှင့် ကျွန်တော်က လှေကြီး ပေါ်တက်ကြပြီး ဖရစ်(ဇ်)တစ်ယောက်တည်းက ကနူးလှေပေါ်

www.burmeseclassic.com

www.burmeseclassic.com



တက်လိုက်သည်။ ဖရစ်(ဇ်)က သူ့လေ့ယာဉ်ကို ဖြုန်းစားကြီးလှည့်လိုက်ပြီး ကျွန်တော်တို့လေ့ဆီသို့ လှော်ခတ်လာသည်။ သူက စာတစ်စောင်ကို ကျွန်တော့်လက်ထဲသို့ ဖျတ်ခနဲထိုးထည့်လိုက်ပြီး စကားတစ်ခွန်းမျှမဟဘဲ သူ့လေ့ကို တစ်ရှိန်ထိုး လှော်ထွက်သွားတော့သည်။ ကျွန်တော် မည်မျှအံ့သြသင့်သွားသည်ကို စာရှုသူ မှန်းဆ၍ ရလောက်သည်။ သူက စင်ရော်ကိုသော်လည်းကောင်း မြူခိုးထွက်နေသည့်ကျွန်းပေါ်မှ သဘော်သားကိုသော်လည်းကောင်း မေ့မရသေးပေ။ သူ့စာထဲတွင် သဘော်ပျက်မှ သဘော်သားကို အရှာထွက်ဦးမည်ဟု ကျွန်တော့်ကို အသိပေးထားသည်။ ကျွန်တော်က သူ့ကိုလှမ်းအော်လိုက်သည်။ "မြန်မြန်ပြန်လာခဲ့။ ဂရုစိုက်" သို့ရာတွင် ကျွန်တော့်စကားသံကို သူကြားမကြားတော့ ကျွန်တော် မသိ။

အခန်း (၂၂)

## လှုရိုင်းနှစ်ယောက်ကို ကျွန်တော်တို့မြင်ရခြင်း

သဲနုကျောက်သား ဂေဟာသို့ ကျွန်တော်တို့ ချောချောမောမော ပြန်ရောက်လာကြသည်။ ကျွန်တော့်ဇနီးက ဝမ်းပန်းတသာ ကြိုနေသည်။ "ဖရစ်(ဇ်)က ရှင်တို့နောက်က လိုက်လာမယ်ထင်တယ်။ စားဖို့သောက်ဖို့ကတော့ အဆင်သင့်ဖြစ်ခါနီးပါပြီ" သူမက ပြောသည်။

"ပုလဲတွေကို လာကြည့်ပါဦးအမေရ" အားနက်(စ်)က လှမ်းခေါ်သည်။ ကျွန်တော့်ဇနီးက သူနှင့်လိုက်သွားပြီး ပုလဲများကို ကိုင်တွယ်ကြည့်ရှု နေသည်။ သို့သော် ကလေးများက ဖရစ်(ဇ်)ပြန်မလာတော့ကြောင်း သူမကို ပြောပြလိုက်သောအခါ သူမက ကျွန်တော့်ထံ ပြန်လာပြီး မေးတော့သည်။ "ဖရစ်(ဇ်)ဘယ်သွားလဲဆိုတာ ရှင်သိလားဟင်..."

ထိုအခါကျမှ ကျွန်တော်က သူတို့သားအမိအား စင်ရော်နှင့် သဘော်ပျက်မှ သဘော်သား၏ အကူအညီ တောင်းစာတို့ အကြောင်းကို ဇာတ်စုံခင်းပြလိုက်သည်။ ကျွန်တော့်ဇနီးက ဘာမျှမပြောချေ။ သို့သော် သူမအနေဖြင့် စိုးရိမ်ပူပန်နေမည်ကို

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သိသည်။ ရက်တွေ ကြာညောင်းလာသည်နှင့်အမျှ သူမက ပို၍ပူပင်သောက ရောက်ရတော့သည်။

တစ်ပတ်ကုန်သွားသည်အထိ ဖရစ်(ဇ်) ပြန်မရောက်လာသေး၍ ကျွန်တော်တို့အားလုံး ပုလဲပင်လယ်အော်သို့ နောက်တစ်ခေါက်သွားကြည့်လျှင် ကောင်းမည်ဟု ကျွန်တော်က ပြောလိုက်သည်။ သည်အကြံကို ကျွန်တော့်ဇနီးက အလွန်သဘောကျသွားသည်။ အကြောင်းမူ ဖရစ်(ဇ်)က သူသွားခဲ့သည့် လမ်းကြောင်းအတိုင်းပြန်လာမည်ဟု သူမစိတ်က အလိုလိုသိနေသောကြောင့်ပင်။ အကယ်၍ ကျွန်တော်တို့က ပုလဲပင်လယ်အော်သို့ သွားမည်ဆိုလျှင် သူပြန်အလာတွင် ကျွန်တော်တို့နှင့် ဆုံကိုဆုံရမည်ဟု သူမက အပိုင်တွက်ထားသည်။

ကျွန်တော်တို့လှေက ပင်လယ်အော်အဝင်ဝသို့ ရောက်ခါနီး၌ ထုထည်ကြီးမားသည့် အရာဝတ္ထုမဲမဲတစ်ခုနှင့် ရုတ်တရက်ဝင်တိုက်မိပြီး လှေမှောက်လုနီးပါး ဖြစ်သွားရသည်။ ၎င်းမှာ ကျောက်ဆောင်တစ်ခုမဟုတ်ဘဲ ကြောက်စရာ ပင်လယ်သတ္တဝါကြီးတစ်ကောင်ဖြစ်နေသည်။ ချက်ချင်းပင် ကျွန်တော်က ၎င်းကို အမြောက်ဖြင့်ပစ်ထည့်လိုက်ရာ ၎င်းကသွေးများနှင့်ရေများကို လေထဲသို့ပြိုင်တူပမ်းထုတ်လိုက်သည်ကို တွေ့လိုက်ရသည်။ သည်အမည်းရောင်ကိုယ်ထည်ကြီးကို ကျွန်တော်တို့ ရင်တမမဖြင့် စောင့်ကြည့်နေလိုက်သည်။ လှိုင်းလုံးများက ၎င်းကိုပင်လယ်အော်ရှိ သောင်ခုံတစ်ခု



ပေါ်သို့ သယ်ဆောင်သွားသည်ကို တွေ့လိုက်ရသည်။ ဤကြောက်စရာသတ္တဝါအကြောင်းကို ကျွန်တော်တို့ ပြောဆိုနေကြရင်း ၎င်းမှာဝေလငါးတစ်ကောင်ဖြစ်ရမည်ဟု ကျွန်တော်က ပြောမည်ကြံခိုက် အားနက်(စ်)ကထအော်လိုက် သည်။ "ဟာ ဟိုမှာ လူတစ်ယောက်၊ ဟာ လူရိုင်းတစ်ယောက်" ကျွန်တော်တို့က ပင်လယ်ပြင်သို့ လှမ်းမျှော်ကြည့်လိုက်ရာ လှိုင်းလုံး များအကြားတွင် လူးကာလိမ့်ကာ နိမ့်ချီတစ်ခါ မြင့်ချီတစ်လှည့်ဖြင့် ကျွန်တော်တို့ဆီ ဦးတည်လာနေသည့် ကနူးလှေငယ်တစ်စင်းကို တွေ့လိုက်ရသည်။ လှေငယ်ထဲတွင်တော့ ဆေးရောင်စုံလိမ်းခြယ်ထားသည့် လူရိုင်းနှစ်ယောက် ထိုင်နေသည်။ သူတို့ခေါင်းပေါ်တွင် ငှက်တောင်မွေးများကို ဆောင်းထားကြသည်။

"သူတို့လူတွေ ဒီထက်မကရှိဦးမယ်ကွ လာ လာ တို့အခန်းနောက်မှာဝင်နေပြီး တို့သေနတ်တွေကို မောင်းတင်ထားမှဖြစ်မယ်" ကျွန်တော်က ပြောလိုက်သည်။

အားနက်(စ်)က ကျွန်တော့်စကားကိုနားမထောင်ပေ။ သူက ကနူးလှေငယ်ကိုသာ ဆက်ကြည့်နေသည်။ ထို့နောက် သူက အော်လံကို ကောက်ကိုင်လိုက်ပြီး လူရိုင်းများကို အင်္ဂလိပ်စကားဖြင့် လှမ်းအော်မေးလိုက်သည်။ လူရိုင်းများကလည်း အင်္ဂလိပ်စကားဖြင့်ပင် ပြန်ဖြေလိုက်ကြသည်။ တစ်စတစ်စဖြင့် ကမ်းခြေအနီးသို့ သူတို့ကပ်လာကြမှ လူရိုင်းတစ်ဦးနှင့် အတူပါလာသူမှာ ကျွန်တော်တို့၏ ချစ်သားကြီး ဖရစ်(ဇ်)ဖြစ်နေမှန်း သိရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကိုကြီးဖရစ်(ဖ်) အဲဒါ ကိုကြီးဖရစ်(ဖ်)ပဲဗျ၊ ကိုကြီးဖရစ်(ဖ်)မှ ကိုကြီးဖရစ်(ဖ်)အစစ်" ဖရန်စစ်က ကုန်းအော်လိုက်ပြီး ခုန်ပေါက်နေသည်။ "ကိုကြီးဖရစ်(ဖ်)က လူရိုင်းလိုဝတ်ထားတာဗျ"

တကယ်ပင် ဖရစ်(ဖ်)ဖြစ်ပါသည်။ သူ့ကိုပြန်တွေ့လိုက်ရ၍ တစ်အိမ်သားလုံး အတိုင်းမသိဝမ်းသာပျော်မြူးသွားကြသည်။ သူ ကမ်းပေါ်ရောက်သည့်အခါ ကျွန်တော့်ဇနီး၏ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်များ တလိမ့်လိမ့် စီးဆင်းလာသည်။ သူနှင့် သူ့အဖော် အနားတွင် တစ်အိမ်သားလုံး ဝိုင်းအုံနေကြသည်။ အားလုံးက သူ့ကို တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြပြီး သူ့အဖော်လူရိုင်းကိုလည်း စူးစမ်းလိုစိတ် ပြင်းပြစွာဖြင့် အားလုံးကဝိုင်းကြည့် ကြသည်။

"ဒါနဲ့ မင်းက ဘာဖြစ်လို့ခုလိုဆန်းဆန်းပြားပြား ရုပ်ဖျက်ထားရတာလည်းသားရဲ့" ကျွန်တော်ကမေးလိုက်သည်။ "မင်းတို့ကို စတွေ့လိုက်ရတုန်းက ဖေဖေတို့ တော်တော်ကို ရင်ထိတ်သွားတာကွ။ ဖေဖေတို့က သားတို့နှစ်ယောက်ကို တကယ့်လူရိုင်းတွေပဲ အောက်မေ့နေကြတာ သားရဲ့။"

"ကျွန်တော် အမြောက်သံတစ်ချက်ကြားလိုက်ရတယ် အဖေ"။ သူက ပြန်ပြောသည်။ "အဲဒါနဲ့ ဒီပင်လယ်အော်ထဲမှာ ရန်သူရှိနေပြီလို့ကျွန်တော် ထင်လိုက်မိတယ်။ ဒါကြောင့်မို့ ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေက ဒီပင်လယ်အော်ထဲကို ကျောက်ဆောင်တွေကို ကွေ့ပတ်ပြီး မလာခင် လူရိုင်းအဝတ်အစားတွေကို လဲဝတ်လိုက်တာ အဖေရ"။



ကျွန်တော်တို့အားလုံး ဝိုင်းရယ်လိုက်ကြသည်။ သူက ဆက်ပြောပြန်သည်။ "ကျွန်တော်တော့ အပင်ပန်းခံရကျိုးနပ်သွားပြီအဖေ။ စင်ရော်ခြေထောက်မှာ အဝတ်စချည်ပေးလိုက်တဲ့လူဟာ မိန်းကလေးတစ်ယောက်ဖြစ်နေတယ်အဖေရ။ သူက မြူခိုးထွက်နေတဲ့ ကျွန်းပေါ်မှာ သုံးနှစ်လုံးလုံး တစ်ယောက်တည်း နေလာခဲ့ရတာ။ ဟောဒီမှာ- သူပဲ။ သူ့နာမည်က အယ်မလီမွန်ထရို(စ်) တဲ့ အဖေ"။

ကျွန်တော့်ဇနီး၊ ကျွန်တော့်သားများနှင့် ကျွန်တော်က အယ်မလီကို လှမ်းကြည့်လိုက်ကြသည်။

မိန်းကလေးမှာ သည်အဝတ်အစားများဖြင့် အနေရခက်နေမှန်း ကျွန်တော့်ဇနီးက ချက်ချင်းသိလိုက်သဖြင့် သူ့အားလက်မောင်းမှတွဲကာ သူမ၏ အခန်းထဲသို့ ခေါ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)
## ဖရစ်(ဇ်)၏ အပြစ်သနစ်

"ဒီမိန်းကလေးကို မင်းဘယ်မှာ တွေ့လာခဲ့တာလဲ" ကျွန်တော်တို့အားလုံးက ဖရစ်(ဇ်) ကို ဝိုင်းမေးကြသည်။

"ဒီအဖြစ်သနစ်ထဲမှာ ကျွန်တော်နဲ့ပတ်သက်တဲ့အပိုင်းကို ကျွန်တော်ပြောပြမယ်။ အယ်မလီနဲ့ပတ်သက်နေတာတွေကိုတော့ သူ့ကိုပဲ မေးကြည့်ပေတော့"

"အေး–မင်းပြောတဲ့အတိုင်း နောက်တစ်ခါ သူနဲ့တွေ့မှ ဖေဖေတို့မေးကြည့်တာပေါ့ကွာ။ လောလောဆယ်တော့ မင်းရဲ့ ဖြစ်ကြောင်းကုန်စင်ကို ပြောပြပါဦး သားရဲ့"

"ဟုတ်ကဲ့ ကျွန်တော်ပြောပြပါ့မယ် ဖေဖေ" ဖရစ်(ဇ်) က ပြောသည်။ "ကျွန်တော် အဖေတို့ဆီက ထွက်ခဲ့တုန်းက ပုလဲပင်လယ်အော်ကိုဖြတ်ပြီးတော့ အရှေ့ဘက်ကိုပြန်လှော် သွားတယ် အဖေ။ ညဘက်မှာ ပြင်းထန်တဲ့ လေမုန်တိုင်းတစ်လုံး ကျလာတော့ ကျွန်တော်ကလည်း ကျွန်တော့်လှေကို မထိန်းနိုင်တော့ဘဲနဲ့ လေပင့်တဲ့အတိုင်း အရှေ့ဘက်ကို တောက်လျှောက် မျောပါသွားခဲ့တယ်။ အဲဒီမှာ ဘုရားသခင်ရဲ့ မဟာကရုဏာတော် ကြောင့်ပေါ့။ ခုလည်း ကျွန်တော့်အပေါ်မှာ ခါတိုင်းလိုပဲ ကရုဏာ ထားတော်မူခဲ့တယ်။



ကျွန်တော် ကျွန်းအတော်များများကို ဖြတ်သွားရင်းနဲ့ မနက်ခင်းကျတော့ လေငြိမ်ပြီး မိုးစဲသွားတယ်။ ကြည့်လိုက်တော့ ကျွန်တော် မြစ်ဝကျယ်ကြီးတစ်ခုအနား ရောက်နေတာကိုတွေ့လိုက်ရတယ်။ အဲဒါနဲ့ ကျွန်တော့်လှေကို မြစ်ထဲလှည့်ဝင်လိုက်တယ်။ ကျွန်တော် ရေစီးနဲ့ မျှောလိုက်သွားရင်းနဲ့ ပန်းပွင့်ဝါဝါတွေနဲ့ဝေနေတဲ့ သစ်ပင်လှလှတွေပေါက်နေတဲ့ အစိမ်းရောင်လွင်ပြင်တွေကို ကျော်ဖြတ်သွားတယ်။ အဲဒီအချိန်အထိ ကျွန်တော် ဘာအန္တရာယ်ကိုမှ ထည့်မစဉ်းစားမိသေးဘူး။ ကျွန်တော့်ရှေ့တည့်တည့်ကို ရုတ်တရက် ကြည့်လိုက်မိတော့မှ သွားကြီးတွေ နှစ်တန်းပါတဲ့ ရေမပါးစပ်ကြီး တစ်ပေါက်ကို တွေ့လိုက်ရတယ်။ ပါးစပ်ကြီးကို ဟထားလိုက်တာ အကျယ်ကြီးပဲ။ ကျွန်တော့်ရောလှေရော တစ်ကိုက်တည်းနဲ့ ဝါးစားပစ်တော့ မယ့်ပုံပဲ။ ကျွန်တော့်အန္တရာယ်ကို ကျွန်တော် သဘောပေါက်သွားတယ်။ အဲဒါနဲ့ လှော်တက်ကို ကျွန်တော်ကောက်ကိုင်လိုက်ပြီးတော့ ဟနေတဲ့ ပါးစပ်ကြီးထဲကို တအားဆောင့်ထိုးထည့်လိုက်တယ်။ အဲဒီအကောင်ကြီးလည်း တစ်ချီထဲ ပျောက်သွား လိုက်တာ သွေးစီးကြောင်းအရှည်ကြီးတစ်တန်းပဲ ရေပေါ်မှာ ကျန်ရစ်ခဲ့တယ်။ ကျွန်တော်လည်း ကျွန်တော့်လှေကို ပင်လယ်ဘက်ကို ကပျာကယာ ပြန်လှည့်ထွက်လိုက်တယ်။ ဒါတောင် ကျွန်တော် မြစ်ထဲကမထွက်ခင်မှာ တခြားမိကျောင်းနှစ်ကောင်ကို တွေ့လိုက်ရသေးတယ်"။

"ဒီလို တုန်လှုပ်ချောက်ချားစရာအဖြစ်မျိုးနဲ့ကြုံရပြီးတဲ့နောက်မှာ ကျွန်တော်အငူကလေးတစ်ခုကို ကွေ့[illegible]ပြီး လှော်သွား

www.burmeseclassic.com

www.burmeseclassic.com



တော့ မြူခိုးလုံးကြီးတစ်ခုကို တွေ့လိုက်ရတယ်။ အဲဒီ မြူခိုးလုံးကြီးဟာ ကျောက်ဆောင်မည်းမည်းတချို့ရဲ့ အပေါ်ဘက်က လေထုထဲကို ထိုးတက်နေတယ်။ ကျွန်တော်ရှာနေတဲ့ မြူခိုး ထွက်နေတဲ့ကျွန်းကို တွေ့ရပြီဆိုတာ ကျွန်တော် နားလည်သွားတယ်။ ကျွန်တော်ဘယ်လောက် ပျော်သွားမလဲဆိုတာ အဖေမှန်းကြည့်လို့ ရပါတယ်။ ငါ အခုတော့ နောက်လူသားတစ်ယောက်ရဲ့ အသက်ကို ကယ်ဆယ်ခွင့်ရတော့မှာပါလားလို့ ကျွန်တော် တွေးလိုက်မိတယ်။”

“ကျွန်တော့်လှေကို မြူခိုးရှိတဲ့နေရာဘက်ကို လှည့်လိုက်ပြီး ဆက်လှော်သွားတော့ နောက်ဆုံးမှာ ကမ်းကိုကပ်လို့ရသွားပါလေရော။ ကျွန်တော့်လှေကို ကမ်းစပ်ပေါ် ဆွဲတင်လိုက်ပြီးတော့ မြူခိုးရှိတဲ့ နေရာဘက်ကို ကျွန်တော် လျှောက်သွားတယ်။ ကျောက်ဆောင်တွေပေါ်ကို၊ ကျွန်တော်မနည်းကို အပင်ပန်းအဆင်းရဲခံပြီး ဖွဲ့နဘဲနဲ့ ကုပ်ဖက်တွယ်တက် ခဲ့ရတယ်။ အဲဒီတော့မှ ကွပ်ပျစ်တစ်ခုပေါ်မှာ ထိုင်နေတဲ့ တခြားလူတစ်ယောက်ကို ကျွန်တော်တွေ့လိုက်ရတယ်။ ကျွန်တော် ကျောက်ဆောင်တွေပေါ် တွယ်တက်နေတဲ့ အသံဗလံတွေကို ကြားလို့ထင်ပါရဲ့၊ သူက ကျွန်တော့်ကိုလှည့်ကြည့်လိုက်တယ်။ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေမိကြတယ်။ အယ်မလီက သင်္ဘောသားဝတ်စုံကို ဝတ်ထားတယ်။ ဒါပေမယ့် သူဟာ မိန်းကလေးတစ်ယောက်ဆိုတာ ကျွန်တော် သိလိုက်တယ်။ ကျွန်တော်က သူ့ကိုလှမ်းပြောလိုက်တယ်။ ကျွန်တော် စင်ရော်ဆီက အကူအညီတောင်းစာကိုရလို့ ခင်ဗျားကို လုံခြုံစိတ်ချ ရတဲ့ နေရာတစ်ခုကို ခေါ်သွားမလို့ လာခဲ့တာပါလို့”။



“ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် စကားမပြောဘဲ ကြည့်နေလိုက်ကြတာ သုံးလေးမိနစ်လောက် ကြာသွားတယ်။ နောက်မှ ကျွန်တော်တို့နှစ်ယောက်စလုံး စကားစပြောဖြစ်ကြတယ်။ နောက်တော့ နှစ်နာရီ သုံးနာရီလောက် ကြာတဲ့အထိ စကားဆက်ပြောကြတယ်။ သူကလည်း ကျွန်တော့်ကို သူ့အကြောင်းတွေ ပြောပြ၊ ကျွန်တော်ကလည်း သူ့ကိုကျွန်တော်တို့အကြောင်းတွေ ပြောပြနဲ့ပေါ့ အဖေရာ။ ကျွန်တော်တို့နှစ်ယောက် စားသောက်ပြီးတဲ့နောက် အယ်မလီရဲ့ပစ္စည်းတွေကို လှေပေါ်တင်ပြီးတော့ အဖေတို့နဲ့တွေ့ဖို့ ထွက်လာခဲ့တယ်။ အဖေတို့ ပုလဲတွေရှာဖို့ ထွက်လာကြတာ ကျွန်တော်တို့အတွက် ကံကောင်းသွားတာပေါ့”

“အဲဒါ မင်းအမေက မင်းကိုလာရှာတာကွဲ့” ကျွန်တော်က ပြောလိုက်သည်။

“ဒါဖြင့် အယ်မလီက မြူခိုးထွက်တဲ့ကျွန်းပေါ်ကို ဘာကြောင့် ရောက်နေရတာလဲ အစ်ကိုကြီး”။ ဖရန့်စစ်က ဝင်မေးသည်။

“နက်ဖြန်ကြမှ မင်းသူ့ကိုမေးကြည့်ပေါ့ကွ”ဖရစ်(ဇ်)က ပြောသည်။

“ကဲ ကဲ–ညသန်းကောင်လည်းကျော်နေပြီ။တို့အားလုံးအိပ်ကြမှပဲ” ကျွန်တော်က သတိပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

## အယ်မလီ၏ အဖြစ်သနစ်

နောက်တစ်နေ့ နံနက်ခင်းတွင် ကျွန်တော်တို့အားလုံးဆုံကြသည့်အခါ ကျွန်တော်တို့ သားအဖတစ်သိုက်က အယ်မလီအား သူ့အဖြစ်သနစ်ကို ကျွန်တော်တို့အား ပြောပြပါရန် ဝိုင်း၍ တောင်းတောင်းပန်ပန်ပြောဆိုကြသည်။ ခဏလေးကြာသည့်အခါ သူမက ပြောပြသည်။ "ကျွန်မကို အိန္ဒိယမှာ မွေးခဲ့တယ်။ ဒါပေမယ့် ကျွန်မ သုံးနှစ်သမီးမှာပဲ ကျွန်မအမေ ဆုံးသွားခဲ့တယ်။ ကျွန်မအဖေကပဲ ကျွန်မကို ကျွေးမွေးစောင့်ရှောက်လာ ခဲ့တယ်။ ဖေဖေဟာ သူ့အားလပ်တဲ့အချိန်းတိုင်းမှာ ကျွန်မနဲ့ပဲ အတူတူနေလေ့ရှိလို့ ကျွန်မတို့သားအဖအဖို့ ဒီအဖေနဲ့ဒီသမီးပဲ အရင်းနှီးဆုံးအဖော်တွေ ဖြစ်ခဲ့ကြရတယ်။ ကျွန်မအသက် ဆယ့်ခြောက်နှစ်ရောက်တော့ ကျွန်မဟာ စာပေထက် သေနတ်ပစ်တာနဲ့ မြင်းစီးတာကို ပိုပြီး ကျွမ်းကျင်လာလို့ ကျွန်မသိပ်ကိုပျော်နေမိတယ်။ အဲဒီအချိန်မှာပဲ ကျွန်မအဖေ ဗိုလ်မှူးကြီးမွန်ထရို့စ်ဟာ သူ့တပ်ရင်းနှင့်အတူ အင်္ဂလန်ကို သင်္ဘောနဲ့သွားရမယ်ဆိုတဲ့ အမိန့်ကျလာပါလေရော။ ဖေဖေဟာ ကျွန်မကိုသူ့သင်္ဘောနဲ့တစ်ပါတည်းခေါ်သွားဖို့ ဘယ်လိုမှမတတ်နိုင်တာနဲ့ ကျွန်မကို အဲဒီနေ့မှာပဲ နောက်သင်္ဘောတစ်စီးနဲ့အိန္ဒိယကနေ



ထွက်လာနိုင်အောင် စီစဉ်ပေးခဲ့တယ်။ အဲဒီ သင်္ဘောရဲ့မာလိန်မှူး
ဖေဖေရဲ့ ယုံကြည်အားကိုးရဆုံး မိတ်ဆွေတစ်ဦးပဲ။"

"ခရီးစဉ်အစပိုင်းမှာတော့ အားလုံးချောချောမောမောပါ
ကျွန်မလည်းနောက်ခြောက်ပတ်လောက်ဆိုရင်ကျွန်မအဖေနဲ့တွေ့
တော့မှာပဲဆိုပြီး အားခဲထားတော့ ပျော်နေတာပေါ့။ သင်္ဘောဟ
ပင်လယ်ထဲမှာ ဆယ်ရက်ကြာပြီးတဲ့နောက်မှာ အင်မတန်ဆိုးရွားတ
ရာသီဥတုနဲ့ ဝင်တိုးမိပါလေရော။ လေက ပြင်းထန်လွန်းလ
သင်္ဘောဟာ ကျောက်ဆောင်တစ်ခုပေါ် တင်သွားတော့တယ်
သင်္ဘောသားတွေက လှေနှစ်စင်းကို ရေထဲကိုချလို့ ရသွားတယ်။
ကျွန်မက လှေတစ်စင်းပေါ် တက်လိုက်သွားတယ်။ ဒါပေမယ့်
မုန်တိုင်းက ပိုပိုပြီးပြင်းထန်လာတာနဲ့ ကျွန်မတို့လှေလည်း မှောက်
သွားတယ်။ကျွန်မလည်းပင်လယ်ထဲကို လွင့်စဉ်ထွက်သွားပြီး မျော
ပါသွားလိုက်တာ ကျွန်မသတိရလို့ကြည့်လိုက်တော့ သဲသောင်
ထူတဲ့ ကမ်းစပ် ပေါ်မှာ ကျွန်မလဲကျနေတာကို တွေ့ရတော့တယ်။
အဲဒါနဲ့ကျွန်မလည်း အားတက်သရောနဲ့ ကျွန်မအနီးအနားမှာ
တခြားလူတွေများ တွေ့ရလေမလားလို့ ရှာကြည့်လိုက်မိတယ်။
ဘယ်သူမှ မရှိပါဘူး"။

"သြော် ဖြစ်ရလေ သမီးလေးရယ်။ အဲဒီတုန်းက သမီးဟာ
ကံဆိုး မိုးမှောင် ကျခဲ့ရတာ ပါလားကွယ်" ကျွန်တော့်ဇနီးက
ကြင်နာ စွာ ပြောရှာသည်။

" အဲဒီ စောစောပိုင်းနေ့ရက်တွေအကြောင်းတွေ ကျွန်မ ပြန်
မတွေးဝံ့တော့ပါဘူးရှင်။ ကျွန်မတစ်ယောက်တည်း အဖော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ဖိုက်ကလည်းဆာ၊ ကြောက်ကလည်းကြောက်နဲ့" ကလေးမလေးက ပြောပြနေသည်။

"အဲဒီတော့ ခင်ဗျားဘာလုပ်သလဲ" ဖရန့်စစ်က ဝင်မေးလိုက်သည်။

"အဲဒီတော့ ကျွန်မ ထင်းစနည်းနည်း လိုက်ကောက်ပြီး မီးဖိုလိုက်တယ်။ ကျွန်မ အိတ်ကပ်ထဲကဗူးလေးထဲမှာ မီးခတ်ကျောက်တစ်လုံးရှိနေတာကိုး။ လေမုန်တိုင်းကျခါစမှာ ယောကျ်ားလေးအဝတ်အစားတွေကို ကျွန်မကောက်ဝတ်ထားမိလိုက်တော့ ဟန်ကျသွားတာပေါ့။ အဲဒီနေ့က ကျွန်မဖိုထားတဲ့မီးပုံကို တောက်လျှောက်မီးစွဲနေအောင် ကျွန်မ ထင်းစတွေမပြတ် ထိုးပေးနေခဲ့တယ်။ အနီးအနားက ဖြတ်သွားတဲ့ သင်္ဘောတစ်စင်းစင်းက ဒီမီး ခိုးတွေကိုမြင်မှာပဲလို့ ကျွန်မ မျှော်လင့်ထားတယ်လေ။ ရက်ပေါင်းအတော်ကြာတဲ့အထိ လိပ်ဥတွေကိုပဲ ကျွန်မစားပြီး အသက်ဆက်ခဲ့ရတယ်။ နောက်တော့ ကိုယ့်ဖာသာကိုယ်ပဲ လုပ်စရာရှိတာဆက်လုပ်တော့မယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။ သင်္ဘောပျက်က သေတ္တာတစ်လုံးစ နှစ်လုံးစဟာ တစ်ခါတစ်လေ ရေစီးနဲ့မျောပါလာပြီး ကမ်းပေါ်မှာ လာတင်နေတတ်တယ်။ အဲဒီ သေတ္တာတွေထဲမှာ အသုံးဝင်တဲ့ ပစ္စည်း တော်တော်များများ ပါနေတာကို ကျွန်မ တွေ့လိုက်ရတယ်။ ကျွန်မ တဲအိမ်လေးတစ်လုံး ဆောက်လိုက်တယ်။ ငါးရအောင်ကြိုးစားပြီး မျှားတယ်။ ပြီးတော့ ကျွန်းပေါ်မှာလည်း လတ်ဆတ်တဲ့ သစ်သီးတွေကို ကျွန်မတွေ့အောင် လိုက်ရှာစားခဲ့တယ်။ ဒီလိုနဲ့ပဲ ကျွန်မတစ်ယောက်ထဲကျွန်းပေါ်မှာသုံးနှစ်လုံးလုံး နေလာခဲ့ရတယ်။



"သမီးရယ် ဒါဟာ ဘုရားသခင်ရဲ့အလိုတော်အတိုင်း ဖြစ်လာရတဲ့ ကိစ္စတစ်ခုပါကွယ်။ ဦးတို့ ဆွစ်(စ်) မိသားစု ဆယ်နှစ်ကျော်ကျော် ရုန်းကန်လှုပ်ရှားခဲ့ရသလို သမီးလည်း သုံးနှစ်ရုန်းကန်လှုပ်ရှားခဲ့ရတာပဲပေါ့ သမီးရယ်။ နောက်ဆုံးတော့ ဘုရားသခင်ကတို့အားလုံးကို ကူညီစောင့်ရှောက်ခဲ့တာပါပဲကွယ်" ကျွန်တော်က နှစ်သိမ့်လိုက်သည်။

ပုလဲပင်လယ်အော်တွင် ရက်အနည်းငယ် ထပ်နေကြပြီးနောက် ကျွန်တော်တို့ အိမ်သို့ပြန်ရန် ခရီးဆက်ကြသည်။ အရည်အသွေးကောင်းသည့် ပုလဲလုံးမြောက်မြားစွာကိုလည်း ကျွန်တော်တို့နှင့် တစ်ပါတည်း သယ်ယူလာခဲ့ကြသည်။ ကျွန်တော်တို့ အိမ်သို့ပြန်ရောက်လာကြသည်။ နောက်နေ့များတွင် ကျွန်တော် တို့၏ အိမ်သုံးလုံး၊ သစ်သီးဥယျာဉ်၊ ဟင်းသီးဟင်းရွက်ခြံ၊ ကောက်ပဲသီးနှံများနှင့် အိမ်မွေးတိရစ္ဆာန်များကို အယ်မလီအား လိုက်ပြသည်။ မိန်းကလေးမှာ ကျွန်တော်တို့ လိုက်ပြသမျှကို ကြည့်ကာ အကြီးအကျယ် သဘောကျနေသည်။ ကျွန်တော်တို့က အိမ်သုံးလုံးစလုံးတွင် အယ်မလီ အသုံးပြုရန်အတွက် အခန်းများကို ပေးထားသည်။

ရက်မှလစွန်းလာသည်နှင့်အမျှ သူမမှာ ကျွန်တော်တို့၏နှမ်းမောင်နှံအဖို့ သမီးအရင်းတစ်ယောက်နှင့် မခြားတော့ပေ။ ထို့အတူ ကျွန်တော့်သားများအဖို့လည်း သူမမှာ သူတို့၏ နှမတစ်ယောက်ဖြစ်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

## သင်္ဘောတစ်စင်း ဆိုက်ရောက်လာခြင်း

အယ်မလီ ကျွန်တော်တို့မိသားစုနှင့်အတူ လာနေပြီးနောက် သုံးလအကြာတွင် ကျွန်တော်တို့အတွက် ဆယ့်တစ်ကြိမ်မြောက် မိုးရာသီ ဝင်ရောက်လာသည်။ နှစ်စဉ် သည်အချိန်ရောက်လျှင် ကျွန်တော်တို့ လုပ်နေကျအတိုင်း ကျွန်တော်တို့က သဲနုကျောက် သားဂေဟာတွင် သွားရောက်နေထိုင်ကြသည်။ အပြင်ဖက်တွင် မုန်တိုင်းက ဒေါသထန်ပြင်းနေသည်။ သို့သော် ကျွန်တော်တို့က အိမ်ထဲတွင် စိတ်ချမ်းချမ်းသာသာဖြင့် နေနေရသည်။ ကျွန်တော့် ဇနီးနှင့်အယ်မလီက အပ်ချုပ်လိုက် ဟင်းချက်လိုက်ဖြင့် အလုပ်များ နေကြသည်။ ကျွန်တော်နှင့် ကျန်ကလေးများမှာ အိမ်ထောင်ပရိ ဘောဂ လုပ်သူကလုပ်၊ ရွှံ့ညွန်အိုင်မှရလာသည့် ကိုင်းမြက်များဖြင့် တောင်းများနှင့် အိတ်များရက်သူကရက်ဖြင့် ကိုယ်စီကိုယ်ငှ အလုပ် လုပ်နေကြသည်။ မိုးနှောင်းပိုင်းရောက်လာသည့်အခါ လေငြိမ် သွားပြီး မိုးကောင်းကင်မှာလည်း ကြည်လင်လာသည်။ ကျွန်တော် တို့အားလုံး အိမ်အပြင်သို့ထွက်ကာ ကျွန်တော်တို့၏ ဥယျာဉ်များကို သွားကြည့်ကြသည်။ ဥယျာဉ်များနှင့်သစ်ပင်အိမ်တို့တွင် အပျက် အစီး ကြီးကြီးမားမား မတွေ့ရ။ ထိုစဉ် ဖရစ်(ဇ်)နှင့် ဂျက်တို့က သူတို့



ကမ်းခြေသို့သွားပြီး ထိုနေရာရှိ ရွက်ဖျင်တဲအိမ်နှင့် လှေများ၏ အခြေအနေကို သွားကြည့်လိုသည်ဟု ပြောသည်။ ကျွန်တော်က ဝမ်းပမ်းတသာလက်ခံလိုက်သည်နှင့် သူတို့ညီအစ်ကို ချက်ချင်း ထွက်သွားကြသည်။

ယခုအခါ သစ်သားနံရံများ ကာရံထားသည့် ရွက်ဖျင်တဲ အိမ်မှာ အကောင်းပကတိရှိနေကြသည်ကို သူတို့ တွေ့ကြရသည်။ လှေများကို သွားကြည့်သည့်အခါ ၎င်းတို့မှာလည်း ဘာမျှခြေရာ လက်ရာမပျက်ဘဲ ရှိနေသည်ကို တွေ့ကြရသည်။ ပင်လယ်ပြင်တွင် လှိုင်း လေငြိမ်သက်နေသည်။ ထို့ကြောင့် သူတို့က ဝေလငါး ကျွန်းသို့သွားရန် ဆုံးဖြတ်လိုက်ကြသည်။ ထိုကျွန်းပေါ်တွင် ရှိနေခိုက် သူတို့က အပျော်သဘောဖြင့် အမြောက်သုံးချက် ပစ်ဖောက်ကစားလိုက်လေသည်။ သူတို့အမြောက်သံနှင့် မရှေး မနှောင်းတွင် အဝေးတစ်နေရာမှ အမြောက်သံသုံးချက်ကို ကြားလိုက်ရသည့်အခါ ရုတ်တရက်တော့ သူတို့နားကို သူတို့ မယုံနိုင်အောင် ဖြစ်သွားသည်။ သို့သော် နောက်တစ်မိနစ် အကြာတွင် သူတို့ အတွေးပေါက်ကာ အကြီးအကျယ် အံ့သြ တုန်လှုပ်သွားသည်။ သည်ဖြစ်ရပ်ကို သူတို့ညီ အစ်ကို အကြေ အလည် ဆွေးနွေးကြသည်။ ထို့နောက် သူတို့မိဘ များကို အကြောင်းစုံပြန်ပြောပြလိုသောဖြင့် တက်သုတ်ရိုက်ကာ လှည့်ပြန် လာခဲ့ကြသည်။

သူတို့ညီအစ်ကို သဲနုကျောက်သားဂေဟာသို့အရောက်တွင် ကျွန်တော်တို့နှင့် ဆုံမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရေ...ဖေဖေ" သူတို့က ပြိုင်တူအော်ခေါ် လိုက်သည်။

"ဖေဖေ စောစောက ကြားလိုက်တယ် မဟုတ်လား"။

"ဘာကိုကြားရမှာလဲကွ" ကျွန်တော်က ပြန်မေးလိုက်သည်။

"မင်းတို့ အမြောက်သုံးချက်ဖောက်လိုက်တာ ငါကြားလိုက်သားပဲ"

"ကျွန်တော်တို့ ပစ်လိုက်တဲ့ အမြောက်သံတွေပေါ် လာပြီးမှ နောက်ထပ် အမြောက်သံသုံးချက်ကို ဖေဖေမကြားလိုက်ဘူးလား" ဖရစ်(ဇ်)က မေးသည်။

"ဟင့်အင်း မကြားပါဘူး" ကျွန်တော်က ဖြေသည်။

"ကျွန်တော်တို့ ပီပီသသကြီးကို ကြားလိုက်ရတာ အဖေရ" ဖရစ်(ဇ်)က ပြောပြန်သည်။

"သားကြားလိုက်တာက ပဲ့တင်သံဖြစ်မှာပါ သားရယ်" ကျွန်တော့်ဇနီးက ဝင်ပြောလိုက်သည်။

"မဟုတ်ဘူးမေမေ ကျွန်တော်တို့ အဲဒီ အမြောက်သံသုံးချက်ကို သေသေချာချာ ကြားလိုက်ရတာ အမေရ။ ဒါကြောင့် ဒီကျွန်း အနီးတစ်ဝိုက်မှာ သင်္ဘောတစ်စင်းစင်းရှိရမယ်လို့ ကျွန်တော်တို့ထင်တယ်အမေ" ဖရစ်(ဇ်)က ပြောသည်။

"အေး မင်းပြောသလို တို့နှင့် ခုလောက်နီးနီးနားနားမှာ သင်္ဘော တစ်စင်းစင်းရှိရိုးမှန်ရင်တော့ အဲဒီ သင်္ဘောပေါ်က လူတွေဟာ တို့ရဲ့မိတ်ဆွေတွေလား ရန်သူတွေလားဆိုတာ တို့စောင့်ကြည့်ကြရမှာပေါ့ကွာ" ကျွန်တော်က ပြောသည်။



ကျွန်တော်တို့ သဲနုကျောက်သားဂူဟောသို့ ပြန်လှည့်လာကြသည်။ ထိုနောက် ညလုံးပေါက် အလှည့်ကျထိုင်ကာ အခြေအနေကို စောင့်ကြည့်ကြသည်။ ထိုညက ဘာသံမျှ မကြားရချေ။ နောက်တစ်နေ့ နံနက်တွင် မိုးရွာလာသည်။ မိုးက သဲသဲမဲမဲ ဆက်ရွာနေသဖြင့် နှစ်ရက်လုံးလုံး ကျွန်တော်တို့ ဘာမျှလုပ်၍ မရချေ။

တတိယနေ့တွင် နေပြန်ပွင့်လာသည်။ ဖရစ်(ဇ်)နှင့် ဂျက်တို့က ဝေလငါးကျွန်းသို့ ပြန်သွားလိုကြသည်။ သို့ဖြင့် ကျွန်တော်ပါ သူတို့နှင့်လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။ ကျွန်တော့်ဇနီးနှင့် ကျန်သားနှစ်ယောက်မှာ သဲနုကျောက်သားဂူဟောတွင် နေရစ်ခဲ့ကြသည်။ ကျွန်တော်တို့ ကျွန်းပေါ် ရောက်လျှင်ရောက်ချင်း ဂျက်က အမြောက်သုံးချက်ပစ်ဖောက်လိုက်သည်။ ချက်ချင်းပင် နောက်ထပ် အမြောက်သံသုံးချက်ကို ကျွန်တော်တို့ ကြားလိုက်ရသည်။

ဂျက်မှာ ပျော်လွန်းသဖြင့် ခုန်ပေါက်မြူးတူးနေသည်။ "ဟာ လူတွေ လူတွေ" သူက ဝမ်းသာအားရ ထအော်လိုက်သည်။ "လူတွေအဖေ လူတွေ အခုအဖေသေချာသွားပြီမဟုတ်လား"သူက အမြောက်ရှိရာသို့ တစ်ရှိန်ထိုးပြေးသွားပြီး နောက်တစ်ကြိမ်ပစ်ဖောက်လိုက်ပြန်သည်။ ကျွန်တော်တို့ အမြောက်တစ်ချက်တည်း ပစ်ဖောက်လိုက်သည်ကို တစ်ဖက်မှ အမြောက်ခြောက်ချက်ပစ်ဖောက်၍ ချက်ချင်းတုန့်ပြန်လိုက်သည်။

ဩော်...ဆယ်နှစ်တာကာလ ကျော်လွန်လာသည့်အချိန်တွင် ကျွန်တော်တို့၏ ကျွန်းပေါ် သို့ လူစိမ်းများရောက်လာကြလေပြီ တကား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

## မိတ်ဆွေသစ်များနှင့် တွေ့ဆုံခြင်း

နံနက်စာစားပြီးသည့်အခါ ဖရစ်(ဇ်)နှင့် ကျွန်တော် ရွက်ဖျင်တဲအိမ်သို့ ထွက်လာကြသည်။ ကျွန်တော်တို့၏ ကနူးလှေငယ်ကို အသင့်တွေ့ရသည်။ ကနူးလှေပေါ် သို့ ကျွန်တော်တို့ တက်လိုက်ပြီး အမြောက်သံပြန်ပေးသည့်သင်္ဘောကိုရှာရန် ကျွန်းကိုကွေ့ပတ် လှော်ခတ်လိုက်သည်။ အငူကလေးတစ်ခုကို ကွေ့ပတ်လှော်ခတ်လိုက်ပြီးနောက် သင်္ဘောကို စတွေ့လိုက်ရသည်။ အချိန်က မွန်းလွဲကာစဖြစ်သည်။ သင်္ဘောက ကြီးမားထည်ဝါလှသည်။ ကျောက်ချရပ်နားလျက်ရှိပြီး ၎င်း၏နံဘေးတွင် လှေငယ်တစ်စင်းကိုတွဲထားသည်။ သင်္ဘောပေါ် တွင် အင်္ဂလိပ်အလံတစ်ခု လွှင့်ထူထားသည်ကိုလည်း ကျွန်တော်တို့ တွေ့လိုက်ရသည်။

ကျွန်တော်တို့ ထခုန်ချင်လောက်အောင် အကြီးအကျယ် ပျော်သွားသည်။ ဖရစ်(ဇ်)မှာ ဝမ်းသာလွန်းသဖြင့် သင်္ဘောဆီသို့ ရေကူးသွားရန် ပင်လယ်ထဲသို့ ခုန်ဆင်းမည်တကဲကဲ လုပ်နေ၍ ကျွန်တော်က တားထားရသည်။ ကျွန်တော်တို့လှေက သင်္ဘောအနီးသို့ ချဉ်းကပ်လာစဉ် သင်္ဘောသားများက ကျွန်တော်တို့ကို မြင်သွားသောအခါ သူတို့က ကျွန်တော်တို့ကို လူရိုင်းများဟု



ထင်သွားကြသည်။ သူတို့က ဓားများနှင့် ဖန်ပုတီးကုံးများကို ကိုင်မြှောက်၍ ကျွန်တော်တို့ကို ပြကြသည်။ လူရိုင်းများသည် ယင်းသို့သောပစ္စည်းများကို နှစ်သက်ကြကြောင်းနှင့် သူတို့ကလည်း သင်္ဘောသားများကို ငါးများ၊ ပုလဲများ၊ ဆင်စွယ်နှင့် တန်ဖိုးရှိသည့် အခြားပစ္စည်းများကို ပြန်ပေးလေ့ရှိကြောင်းဖြင့် ကျွန်တော်က ဖရစ် (ဇ်)ကို ပြောပြလိုက်သည်။

ဤတွင် ကျွန်တော်တို့က ကျွန်တော်တို့၏ ကျန်မိသားစုဝင်များမပါဘဲနှင့် ဤသင်္ဘောသို့ မသွားတော့ဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ကျွန်တော်တို့၏လှေကို ကပျာကယာ ပြန်လှည့်လိုက်သည်။ ကျွန်တော့်မိသားစုက ကျွန်တော်တို့ပြန်အလာကို စိုးရိမ်ပူပန်စွာဖြင့် စောင့်မျှော်နေ ကြသည်။ ကျွန်တော်က ကျွန်တော်တို့ ရလာသည့်သတင်းကို ပြောပြလိုက်သောအခါ သူတို့အားလုံး ဝမ်းသာလွန်း၍ စိတ်လွတ်ကိုယ်လွတ် မြူးတူးခုန်ပေါက်လျက် ယောက်ယက်ခတ်ကုန် ကြတော့သည်။ ယခုတော့ အချိန်ကမှောင်လာပြီဖြစ်၍ သင်္ဘောဆီသို့ ကျွန်တော်တို့ ထပ်မသွားနိုင် တော့ပေ။

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့အားလုံး လှေနှစ်စီးဖြင့် အင်္ဂလိပ်သင်္ဘောရှိရာသို့ ခရီးထွက်ကြသည်။ ကျွန်တော်တို့ လှေများ သင်္ဘောအနီးသို့ရောက်လာသည့်အခါ ကျွန်တော်တို့က အင်္ဂလိပ်အလံကိုလွှင့်ထူလိုက်သည်။ သင်္ဘောမာလိန်မှူးကြီးက အလံ တော်ကိုအလေးပြုသည့်အနေဖြင့် အမြောက်ပစ်ဖောက် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောနံဘေးသို့ ကျွန်တော်တို့၏လှေများကပ်သွားသည့်အခါ မာလိန်မှူးကြီးက ကျွန်တော်တို့ရှိရာဖက်ခြမ်းသို့ထွက်လာပြီး ကျွန်တော်တို့အား သင်္ဘောပေါ်သို့တက်လာရန် ကြင်နာမှုအပြည့်ဖြင့် ဖိတ်ခေါ်သည်။

ကျွန်တော်တို့အားလုံး သင်္ဘောပေါ်သို့ရောက်သွားကြသည်။ သင်္ဘောသားများက ကျွန်တော်တို့အား စားကောင်းသောက်ဖွယ်များကို ဂရုတစိုက် ချက်ပြုတ်ကျွေးမွေးကြသည်။ ဤအခါကျမှ ကျွန်တော်က မာလိန်မှူးကြီးနှင့် သူ့အဖော်များအား ကျွန်းပေါ်တွင် ဆယ်နှစ်နေထိုင်လာခဲ့ရသည့် ကျွန်တော်တို့၏ ဘ၀အကြောင်းကို ပြောပြလိုက်သည်။ ကျွန်တော့်စကားအဆုံးတွင် ကျွန်တော်က မာလိန်မှူးကြီးဖက်လှည့်ပြီး မေးလိုက်သည်။

"ဆာအက်ဒွပ်မွန်ထရို(စ်)အကြောင်းကော မာလိန်မှူးကြီး ဘာများကြားမိပါသလဲ ခင်ဗျာ"

သူ့အဖြေကိုကြားလိုက်ရသည့်အခါ ကျွန်တော်တို့အားလုံး အံ့သြသင့်သွားသည်။ "ကျွန်တော် ဆာအက်ဒွပ်နဲ့တော့ လူချင်းမတွေ့ခဲ့ရပါဘူး ဒါပေမယ့် ဒီကျွန်းတွေကို ကျွန်တော်တို့ရှာဖွေရမယ်လို့တော့ သူက အမိန့်ထုတ်လိုက်တယ်ဗျ။"

ဤစကားကိုကြားလိုက်ရသည့် အယ်မလီအဖို့ မည်မျှဝမ်းပန်းတသာဖြစ်နေမည်ကို စာရှုသူတို့ တွေးကြည့်လျှင်မြင်နိုင်ပါသည်။ သူမရော ကျွန်တော်ပါ ဆာအက်ဒွပ်အကြောင်းကို မာလိန်မှူးကြီး



အား မေးမြန်းကြသည်။ မာလိန်မှူးကြီးက ဆာအက်ဒွပ်နှင့် ပတ်သက်သည့် သတင်းကောင်းများကို ကျွန်တော်တို့အား ပြောပြရာ အယ်မလီမှာ အပျော်ကြီးပျော်နေရှာသည်။ ထို့နောက် သူက သူ့အကြောင်းကို ပြောပြသည်။ ဆာအက်ဒွပ်က သူ့အား ကျွန်းများကို ရှာခိုင်းလိုက်ကြောင်း၊ ဆာအက်ဒွပ်အနေဖြင့် သမီးဖြစ်သူ လိုက်ပါသွားခဲ့သည့် အိန္ဒိယမှထွက်ခွာလာခဲ့သော သင်္ဘောနှင့်ပတ်သက်သော သတင်းအစအနကို ရှာတွေ့နိုင်မည်ဟုအားခဲထားကြောင်း မာလိန်မှူးကြီးက အမိန့်အတိုင်းဆောင်ရွက်နေစဉ် မုန်တိုင်းကျလာသဖြင့် သူ့သင်္ဘောမှာ ကျွန်တော်တို့ကျွန်းဖက်သို့နေရာရွှေ့သွားခဲ့ရကြောင်း၊ မုန်တိုင်းစဲသွားသည့်အခါ သူက သင်္ဘောအတွက် လို အပ်သည့် ထင်းနှင့်ရေများဖြည့်တင်းရန် သင်္ဘောကို ဤနေရာတွင် ကျောက်ချရပ်နားထားမည်ဟု ဆုံးဖြတ်လိုက်ကြောင်း " အဲဒီအချိန် မှာပဲပေါ့" သူက ပြောသည်။ " အမြောက်ပစ်ဖောက်လိုက်တဲ့အသံ ကို ကျွန်တော်ကြားရတယ် ကျွန်တော်တို့ ချက်ချင်းပဲ အမြောက်သံ ပြန်ပေးလိုက်တယ်။ ပြီးတော့ ဒီမှာပဲဆက်နေပြီး အမြောက်ပစ်တဲ့ လူတွေကိုရှာဖို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်တယ်"။

သူနှင့်အတူ အင်္ဂလိပ် မိသားစုတစ်စုလည်း လိုက်ပါလာကြောင်း မစ္စတာဝို(လ်)စတန်နှင့် မစ္စစ်(စ်)ဝို(လ်)စတန် ဆိုသည့် ဇနီးမောင်နှံဖြစ်ပြီး သူတို့၏သမီးနှစ်ယောက်လည်း လိုက်လာကြ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း မစ္စစ်(စ်)ဝို(လ်)စတန်မှာ နေထိုင်မကောင်းသဖြင့် အကူအညီ လိုအပ်နေကြောင်း မာလိန်မှူးကြီးက ကျွန်တော်တို့အား ပြောပြသည်။ ဤတွင် ကျွန်တော့်ဇနီးက သူမကိုသွားကြည့်ပါမည်ဟု ချက်ချင်း ကတိပေးလိုက်သည်။

နောက်ဆုံး၌ မစ္စတာဝို(လ်)စတန်တို့မိသားစုအား သဲနုကျောက်သားဂေဟာသို့ ကျွန်တော်တို့နှင့် တစ်ပါတည်းခေါ်သွားမှဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်ကြသည်။ သို့ဖြင့် ကျွန်တော်တို့အားလုံး အိမ်ပြန်လာခဲ့ကြသည်။ နောက်နှစ်ရက်သုံးရက်မှာ မစ္စတာဝို(လ်)စတန်တို့မိသားစု မာလိန်မှူးကြီး လစ်တယ်တန်နှင့် သင်္ဘောသားများကို တစ်သုတ်ပြီးတစ်သုတ် ကျွန်တော်တို့၏ ကျွန်းပေါ်နှင့် အိမ်များ၊ ကောက်ပဲသီးနှံများ၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဥယျာဉ်တို့ကို လိုက်လံပြသရင်း ကုန်ဆုံးသွားခဲ့သည်။ ဤရက်များအတွင်း မစ္စစ်(စ်)ဝို(လ်)စတန်၏ ကျန်းမာရေးအခြေအနေမှာ သိသိသာသာကြီး တိုးတက်ကောင်းမွန် လာခဲ့လေသည်။

BURMESE CLASSIC .com

## အခန်း (၂၇)
## နှုတ်ဆက်ခွဲခွာခြင်း

နောက်တစ်ပတ်ခန့်အကြာတွင် မာလိန်မှူးကြီးက သူတို့၏ သင်္ဘောမှ ဥရောပသို့ အဆောအလျင်ဆုံးထွက်ခွာရတော့မည်ဖြစ်ကြောင်း ကျွန်တော်တို့အား အသိပေးလိုက်သည်။

ကျွန်တော်တို့အနေဖြင့် ဆုံးဖြတ်ချက်တစ်ခုချရတော့မည်ဟု ကျွန်တော် ယခုသိလိုက်သည်။ ဤသင်္ဘောမှာ ဆယ်နှစ်တာကာလတွင် ကျွန်တော်တို့မြင်ရသော ပထမဆုံး သင်္ဘောဖြစ်သည်။ ကျွန်တော်တို့ကျွန်းသို့ ဒုတိယသင်္ဘောတစ်စင်း ရောက်လာရန်မှာ နောက်ထပ်ဆယ်နှစ် ကြာကောင်းကြာသွားနိုင်သည်။ ကျွန်တော့်ဇနီးအနေဖြင့် ဥရောပသို့ပြန်သွားရန်ဆန္ဒမရှိမှန်း ကျွန်တော်သိသည်။ ကျွန်တော်ကလည်း ဤနေရာရှိ ကျွန်တော်တို့၏ ဘဝကို တွယ်တာနေမိပြီဖြစ်ရာ ဤကျွန်းမှ ခွာလိုသည့်ဆန္ဒမရှိ။ သို့သော် ကျွန်တော်တို့၏သားများအတွက် ဘာလုပ်လျှင်အကောင်းဆုံးဖြစ်မည်နည်း။ အယ်မလီကတော့ သူ့ဖခင်ထံပြန်သွားလိုသည့်ဆန္ဒရှိမည်မှာ သေချာသည်။ ဤကိစ္စကို ကျွန်တော့်ဦးနှောက်ကစဉ်းစားလိုက်ရင်း၊ ကျွန်တော့်ရင်ထဲမှာ သောကမီးက တောက်လောင်လာလိုက်ရင်းဖြင့် အချိန်နာရီတွေ အတော်များများကုန်ဆုံးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် မစ္စတာဝို(လ်)စတန်က ကျွန်တော့်ကို ဖွင့်ဟတိုင်ပင်သည်။ "ဆိတ်ငြိမ်မှုနှင့် အေးချမ်းမှုကိုရှာဖို့ ကျွန်တော် ဥရောပက ထွက်လာခဲ့တာဗျ။ အဲဒီနှစ်ခုစလုံး ခင်ဗျားတို့ကျွန်းပေါ်မှာရှိနေတာကို ကျွန်တော့်ဇနီးရောကျွန်တော်ပါတွေ့လိုက်ရပြီဗျာ။ ရာသီဥတုကလည်း ကျွန်တော့်ဇနီးနှင့် အံကိုက်ပဲ။ သူ့ဟိုမှာ နှစ်အကြာကြီးနေလာခဲ့တုန်းကထက် အခုသူက ဒီမှာပိုပြီးကျန်းမာလာတယ်ဗျ။ တကယ်လို့ ခင်ဗျားတို့ကသာ ကျွန်တော်တို့ကို ဒီကျွန်းပေါ်မှာ ခင်ဗျားတို့နှင့်အတူနေခွင့်ပြုမယ်ဆိုရင် ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံးက ကျွန်တော်တို့အဖို့ သိပ်ကံကောင်းတယ်လို့ သဘောထားမှာပါဗျာ"။

သူ့စိတ်ကူးကိုကြားလိုက်ရ၍ ကျွန်တော့်စိတ်တွေ လန်းဆန်းတက်ကြွသွားရသည်။ ယခုတော့ ကျွန်တော်တို့သားများအားလုံး ဥရောပသို့ လိုက်သွားလိုကြသည့်တိုင်အောင် ကျွန်တော်တို့ဇနီးမောင်နှံအဖို့ အားငယ်စရာမလိုတော့ ကျွန်တော်တို့တွင် အဖော်တွေရှိလာတော့မည်ဟု ကျွန်တော် အလိုလိုသိလာသည်။

အယ်မလီနှင့် ကျွန်တော့်သား လေးယောက်စလုံးကို ကျွန်တော်ခေါ်ပြီး ပြောလိုက်သည်။ "ကဲ မင်းတို့မေမေနှင့် ဖေဖေကတော့ ဒီကျွန်းပေါ်မှာပဲနေသွားဖို့ဆုံးဖြတ်လိုက်ပြီ။ မာလိန်မှူးကြီးက သမီးနှင့်သားတို့အားလုံးကို ဥရောပကို ပြန်ခေါ်သွားဖို့အသင့်ပဲ။ အဲဒီတော့ ဒီကိစ္စကို မင်းတို့စဉ်းစားကြပေတော့၊ ပြီးရင်မင်းတို့ ဘာကိုလုပ်ဖို့ ဆုံးဖြတ်တယ်ဆိုတာ ဖေဖေကိုပြောပြပေါ့ကွာ"



မိနစ်အနည်းငယ်ကြာမျှ တိတ်ဆိတ်သွားသည်။ ထို့နောက် အယ်မလီက ပြောသည်။ "ကျွန်မ ဦးတို့မိသားစုနှင့် ဒီကျွန်းပေါ်မှာ နေရတာ သိပ်ကိုပျော်ပါတယ်ရှင် ဒါပေမဲ့ ကျွန်မ... ကျွန်မဖေဖေဆီကိုတော့ ပြန်မှဖြစ်မယ် ဦးရယ်"

"အေး...သမီးဆုံးဖြတ်တာမှန်ပါတယ်သမီးရယ် ဦးတို့ကလည်း သမီးကို သတိရနေမှာပါကွယ်" ကျွန်တော်က အားပေးစကားပြောလိုက်သည်။

ကျွန်တော့်သားများက ဤကိစ္စကို အချိန်ယူစဉ်းစားလိုသေးကြောင်း ကျွန်တော့်ကို ပြောပြသည်။ သို့သော် ဖရစ်(ဇ်)ကတော့ ဥရောပသို့လိုက်သွားမည်ကို ကျွန်တော်သိသည်။

နှစ်ရက်သုံးရက်အကြာတွင် ဂျက်နှင့် အားနက်(စ်)တို့က ကျွန်တော်တို့နှင့်အတူ နေရစ်ခဲ့လိုသည်ဟု ပြောသည်။ သို့သော် ဖရစ်(စ်)နှင့် ဖရန့်စစ်တို့က ဥရောပသို့ပြန်သွားရန် စိတ်သန်နေကြသည်။ မစ္စတာဝို(လ်)စတန်၏ သမီးနှစ်ယောက်က သူတို့မိဘနှစ်ပါးကို အဖော်ပြုရန်အတွက် ကျွန်းပေါ်တွင်နေရစ်ခဲ့ရန် ဆုံးဖြတ်လိုက်သည်။

မာလိန်မှူးကြီး လစ်တယ်(လ်)တန်က အယ်မလီ၊ ဖရစ်(ဇ်)နှင့် ဖရန့်စစ်တို့ကို ဥရောပသို့ သူနှင့်တစ်ပါတည်း ပြန်ခေါ်သွားရန် လိုလိုလားလား လက်ခံလိုက်သည်။ ကျွန်တော်တို့က ပုလဲများကို သူတို့အား ထည့်ပေးလိုက်သည်။ ၎င်းတို့ကိုရောင်းချ၍ရသည့် ငွေများဖြင့် ဥရောပတွင် သူတို့လိုရာသုံးနိုင်ရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောထွက်ခွာမည့်နေ့ကိုရောက်လာသည်။ လိုက်ပါကြမည့်သူများမှာ သည်ညနေတွင် သင်္ဘောပေါ်သို့ တက်ကြရတော့မည်ဖြစ်သည်။ ကျွန်တော်တို့ တစ်ဦးနှင့်တစ်ဦး နှာရှိအတော်ကြာအောင် စကားတွေအပြန်အလှန် ပြောကြဆိုကြ မှာကြသည်။ ကျွန်တော်က ဤကိုယ်တွေ့မှတ်တမ်းကို ဖရစ်(ဇ်)အား နှုတ်ဆက်ခွဲခွာသည့်အခါ၌ သူ့လက်ထဲထည့်ပေးလိုက်ရန် ဆုံးဖြတ်ထားသည်။ ၎င်းကို စာအုပ်အဖြစ် ထုတ်ဝေရန်ကိုလည်း သူ့အား ကျွန်တော်က မှာထားပြီးဖြစ်သည်။

ကျွန်တော်တို့၏ကလေးများ ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသို့ ထွက်ခွာသွားသည်ကို ကျွန်တော်တို့ မြင်ရသည့်အခါ၌ ကျွန်တော့်ဇနီး၏ရင်ထဲတွင် ကျွန်တော့်နည်းတူပင် ဆို့နစ်ကြေကွဲဝမ်းနည်း ပူဆွေးရရှာမည်ကို ကျွန်တော် သိပါသည်။ သို့သော် ကျွန်တော်တို့ စဉ်းစားမိသည့်အချက်နှစ်ချက်က ကျွန်တော်တို့ကို အထိုက်အလျောက်တော့ စိတ်သက်သာရာ ရစေသည်။ ဆာ အက်ဒွပ်မွန်ထရို(စ်) အနေဖြင့် သူ့သမီးဖြစ်သူ သုံးနှစ်ကြာနေထိုင်ခဲ့သည့် ကျွန်းများကိုတွေ့မြင်လိုသည့်ဆန္ဒ ရှိကောင်း ရှိမည်။ ထိုအခါတွင် ကျွန်တော်တို့ထံသို့ အလည်ရောက်လာမည် ဖြစ်သည်။ နောက်တစ်ချက်မှာ မာလိန်မှူးကြီး လစ်တယ်(လ်)တန်က နောက်တစ်ကြိမ်တွင် ဤကျွန်းများဆီသို့ သူ့အားတာဝန်ပေး စေလွှတ်လိုက်ပါက ကျွန်တော်တို့ထံ မပျက်မကွက် လာရောက်လည်ပတ်ပါမည်ဟု ကတိပေးသွားခြင်းပင် ဖြစ်လေသည် ။

ပ၊ စ၊ လ / ၈၈၆ / ၉၉ / တပေ (တတည်း) / ၁[illegible],၁၀၀ +

www.burmeseclassic.com



၁၉၉၈ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ဘာသာပြန်ပထမဆုရ
ဆွစ်(စ်) မိသားစု၏ ရော်ဘင်ဆင်လိုဘဝ
*ရေးသူ- မောင်ဝင့်သူ*

အဖ ဦးစိုးမင်း၊ အမိ ဒေါ်သန်းကြည်တို့မှ ၃၀-၄-၄၇ ခုနှစ်တွင် ရှမ်းမလည်ဆွဲရပ်၊ ထားဝယ်မြို့၌ မွေးဖွားသည်။ မော်လမြိုင်မြို့၊ စိန့်ပက်ထရစ် အ-ထ-က တွင် သူငယ်တန်း (၁၉၅၃) မှ နဝမတန်း (၁၉၆၄) အထိ ပညာသင်ကြားခဲ့ပြီး၊ အထက(၁) သင်္ဃန်းကျွန်းမြို့တွင် ဒသမတန်း (၁၉၆၆) အထိ ပညာသင် ကြားခဲ့ပါသည်။ ၁၉၆၆ ခုနှစ် တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး ၁၉၇၄ ခုနှစ်တွင် ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်မှ သိပ္ပံဘွဲ့(ရူပဗေဒ) ရရှိခဲ့ ပါသည်။

၁၉၈၃ ခုနှစ်မှ ၁၉၉၂ ခုနှစ် ဇွန်လ ၁၅ ရက်နေ့အထိ ယခင် ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာန၊ ပြန်ကြားရေးဌာနခွဲတွင် Forward မဂ္ဂဇင်း အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ဆန္ဒအလျောက် အလုပ်မှနုတ်ထွက်ပြီး ပြင်ပတွင် အလွတ် ဘာသာပြန်ဆိုသူအဖြစ် ယနေ့အထိ ဆောင်ရွက်နေသည်။ ယခုအခါ It Myanmar မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။

လက်ရှိ အမှတ် ၁၇၊ ရတနာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိပါသည်။

အမည်ရင်းမှာ ဦးဝင်းထွန်း ဖြစ်သည်။

www.burmeseclassic.com